
www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁)

'ရွှေမိုင်း သတ္တုတူးဖော်ရေးကုမ္ပဏီ' ဟု ရေးထားသော အိပ်စ် ပရက်ကားကြီးပေါ်ပါလာရင်း ပြတင်းပေါက်မှနေ၍ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများ၊ သစ်ပင်ကြီးများ၊ မြက်ခင်းစိမ်းများကို ငေးမောရင်း လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့ ကားကြီးမှာ ရန်ကုန် ပြည်လမ်းတစ်လျှောက် မှော်ဘီ၊ တိုက်ကြီးမြို့များကို အတော်ကလေး ကျော်လွန်လာခဲ့ပြီး လမ်းမကြီးပေါ်မှ ကျောက်ခင်းလမ်းလေးအတိုင်း ဘေးသို့ ခွဲဆင်းသွား၏။ ထိုလမ်းခွဲလေး၏ ထိပ်တွင် 'မြိုင်သာယာ ဆင်စခန်းသို့' ဟူ၍ လမ်းညွှန်ရေးသားထားသော ဆိုင်းဘုတ်ကို လှမ်းတွေ့လိုက်ရသည်။ လမ်းညွှန်ဆိုင်းဘုတ်မှ အနီရောင်မြားကလေးက အရှေ့ဘက်မှ လှမ်းမြင် နေရသော ပဲခူးရိုးမတောင်ခြေသို့ရောက်အောင် ညွှန်ပြနေသလို ထင်မိ သည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် ပြည်လမ်းမကြီးက ကောင်းသလောက် ယခုလမ်းက တော်တော်ဆိုးသည်။ ကျောက်ခင်းလမ်းဟု ဆိုသော်လည်း ညီညီညာညာ စနစ်တကျခင်းထားသော လမ်းမျိုးမဟုတ်ဘဲ တချို့နေရာများတွင် ကားကို လှည်းလမ်းပေါ် ပြောင်းမောင်းရသည့်အခါမျိုးလည်း ရှိသည်။ ထိုအခါမျိုးတွင် ကျွန်တော်တို့ကားမှာ အလိပ်လိုက်ထနေသော ဖုန်လုံးကြီးအတွင်း မြုပ်ဝင်လျက်ရှိ၏။ ခပ်လှမ်းလှမ်းမှကြည့်လျှင် ကားကို မမြင်ရဘဲ မြေပြင်တွင် ရှပ်တိုက်လိမ့်နေသော ဖုန်လုံးကြီးဟုပင် ထင်ရသည်။

တစ်ချက်တစ်ချက် ကားဘရိတ်နင်းလိုက်တိုင်း ညီညီမှိုင်းမှိုင်း ဖုန်လုံးကြီးမှာ ကားရှေ့သို့ ကျော်တက်သွားလိုက်၊ နောက်တွင် ကျန်ခဲ့လိုက်ဖြင့် အလှူးလူးအလွှင့်လွှင့် ဖြစ်နေသည်။ သည်ကြားထဲ လမ်းများမှာ အကွေ့အကောက်များလွန်းသဖြင့် ဖြေးဖြေးနှင့် မှန်မှန် ထိန်းမောင်းနေရသည်။ ကွေ့ကာဝိုက်ကာ တအိအိသွားနေရသဖြင့် ကျွန်တော်တို့ကားမှာ ခရီးသိပ်မတွင်လှပေ။ ကျွန်တော့်စိတ်ထဲတွင် ဘာရယ်မဟုတ်ဘဲ ဒီခရီး မြန်မြန်ရောက်ပါစေဟုသာ ကျိတ်ပြီး ဆုတောင်းနေမိသည်။

ကျွန်တော်တို့ကား ဦးတည်နေရာ 'ရွှေမိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီ' သည် ပဲခူးရိုးမတောကြီးအတွင်း၌ သတ္တုတူးဖော်ရေးလုပ်ငန်းများကို အဓိကလုပ်ဆောင်နေသော ကုမ္ပဏီဖြစ်၏။ ကားပေါ်ပါလာသောသူ အားလုံးမှာ ဘူမိဗေဒကျောင်းသားများဖြစ်ပြီး ကျောင်းပြီး၍ ကုမ္ပဏီ၌ တာဝန်ထမ်းဆောင်ရန် နောက်ဆုံးအဆင့် လူတွေ့စစ်ဆေး အောင်မြင်ပြီးသူများ ဖြစ်ကြသည်။ ထို့ကြောင့် တာဝန်ထမ်းဆောင်မီ သတ္တုတူးဖော်ရေးလုပ်ငန်းများကို အနီးကပ်လေ့လာရန် လုပ်ငန်းခွင်ရှိ





ရာ ပဲခူးရိုးမအတွင်းသို့ လေ့လာရေးခရီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

ရွှေမိုင်း ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီမှာ ပဲခူးရိုးမအတွင်းရှိ ကျော်သူပင်စခန်းနှင့် ကရင်မစခန်းအကြား တောင်ကြောတစ်ဝိုက် တွေ့ရှိထားသော ခနောက်စိမ်းအများအပြားကို ခေတ်မီစက်ကိရိယာများ သုံးကာ တူးဖော်လျက်ရှိသည်။

ကျွန်တော်တို့အဖွဲ့မှာ ကျော်သူပင်စခန်းနှင့် ကရင်မစခန်းအကြားရှိ ကျောက်လုံးကြီးစခန်းတွင် စခန်းချပြီး ခနောက်စိမ်း တူးဖော်ရေးလုပ်ငန်းများကို လေ့လာရမည် ဖြစ်သော်လည်း တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသည့် နေရာဖြစ်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ အထူးအဆန်းသဖွယ် ဖြစ်နေရသည်။

www.burmeseclassic.com



မကြာမီ 'မြိုင်ပေါဝန်ဆင်စခန်းမှ ကြိုဆိုပါ၏' ဟူသော ကျွန်းသားဆိုင်းဘုတ်ကြီးကို လှမ်းတွေ့လိုက်ရသည်။ လမ်းမှာလည်း စောစောကလို ကျောက်ခင်းလမ်းမဟုတ်တော့ဘဲ သစ်ကား၊ ဝါးကားများ သွားနိုင်ရန် တောင်ကြောကြီးများကို ခက်ခက်ခဲခဲ ဖောက်လုပ်ထားသည့် မြေသားလမ်းများ ဖြစ်လာသည်။ ထိုကားကြီးများ၏ မတန်တဆဝန်ကြောင့် မြေသားများမှာ တချို့နေရာတွင် တစ်ပေကျော်ကျော်လောက်အထိ ကျွံဝင်နေ၏။ ထိုချိုင့်ခွက်ကြီးများအတွင်း ကျွန်တော်တို့ ကားဘီးနစ်ဝင်သွားလျှင် ကားကြီးမှာ လေးဆယ့်ငါးဒီဂရီသာသာအထိ တိမ်းစောင်းသွားတတ်သည်။

ကားလမ်းဘေးတစ်ဘက်တစ်ချက်ရှိ ဝါးပင်များမှာလည်း ခြံစည်းရိုးခတ်ထားသကဲ့သို့ စိစိရိရိ ထူထပ်စွာ ပေါက်ရောက်နေကြသည်။ တချို့အပင်များမှာ လမ်းမပေါ်သို့ ကွေးညွှတ်ကိုင်းကျနေသဖြင့် ကားအမိုးနှင့် တစ်ဂျိမ်းဂျိမ်း ပွတ်တိုက်နေကြသည်။

ကျွန်တော်တို့ကားမှာ ရွှေမြိုင်သာယာကျေးရွာကို ဖြတ်ကျော်လာ





ပြီးသည့် နောက်ပိုင်း လမ်းဘေးမှ ဟိုတစ်စု သည်တစ်စု လူနေတဲများ လယ်ကွင်းများကို မမြင်ရတော့သည်မှာ တစ်နာရီသာသာလောက်ပင် ရှိပြီထင်၏။

စိမ့်ခနဲဖြစ်သွားသော အအေးဓာတ်ကြောင့် တောနက်ထဲသို့ ရောက်လာပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်သည်။ သို့သော် ကားပေါ်ပါလာသူ ကျောင်းသားအများစုမှာတော့ ကျွန်တော်ကဲ့သို့ သတိထားမိပုံမပေါ်ဘဲ ကားက ယိမ်းလိုက် နွဲ့လိုက်တိုင်း ဟေးခနဲ၊ ဟားခနဲ သံပြိုင်အော်ဟစ်ရယ်မောနေကြသည်။

ကားလက်ကိုင်တန်းများမှာ သံချေးအထပ်ထပ် တက်နေသော သံချောင်းများဖြစ်နေပြီး အပေါ်စားဆိုဖာများ တပ်ဆင်ထားသဖြင့် ခဲလုံးများ၊ ကျောက်ခဲများကို အရှိန်ဖြင့် နင်းကြိတ်လိုက်တိုင်း ကျွန်တော်တို့အားလုံးမှာ ထိုင်ခုံမှ မြောက်မြောက်တက်သွား၏။ တစ်လမ်းလုံး တစ်ဝါးဝါး တစ်ဟားဟားဖြင့် ပျော်ရွှင်တက်ကြွနေသော ကျွန်တော်တို့တစ်ဖွဲ့လုံးကို ကားသမားကြီးက သိပ်ပြီး ကြည်လင်ပုံမရဘဲ သူ့ရှေ့နောက်ကြည့်မှန်ထဲမှ မျက်ထောက်နီနီဖြင့် လှမ်းလှမ်းကြည့်သည်။

ကျွန်တော်တို့အဖွဲ့မှာ အားလုံးပေါင်း နှစ်ဆယ့်နှစ်ယောက် ဖြစ်သည်။ ထိုအထဲတွင် ယောက်ျားလေး ဆယ့်ရှစ်ယောက်နှင့် မိန်းကလေး လေးယောက်ဖြစ်သည်။ မိန်းကလေးများမှာ ကားရှေ့ဆုံးတန်းများတွင် စုထိုင်ကြပြီး ကျွန်တော်တို့ ယောက်ျားလေးများကတော့ အလယ်ခုံဆားခုံစသည်ဖြင့် အလျဉ်းသင့်သလိုထိုင်ရင်း လိုက်ပါလာခဲ့ကြသည်။

ကျွန်တော့်ထိုင်ခုံမှာ အလယ်တန်းနောက်ဆုံးခုံဖြစ်သဖြင့် သူတို့အားလုံးကို မြင်နေရသည်။ ရှေ့ဆုံးတန်းမှ ထိုင်နေကြသော မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



များမှာ သူတို့အချင်းချင်း အသံခပ်တိုးတိုးဖြင့် အပြန်အလှန် တွတ်ထိုးပြောဆိုနေကြပြီး တစ်ခါတရံ နောက်သို့လှည့်ပြီး ယောက်ျားလေးများကို အကဲခတ်တတ်သည်။ ယောက်ျားလေးများမှာ သူတို့လိုမဟုတ်ဘဲ ရယ်စရာများပြောလိုက်၊ တစ်ယောက်နှင့်တစ်ယောက် စလိုက်၊ နောက်လိုက်ဖြင့် အော်ဟစ်ဆူညံနေကြ၏။ တစ်ခါတရံ အဖွဲ့လိုက်စုပြီး အော်ဟစ်လိုက်သော အသံများမှာ ကားတစ်စီးလုံး ကျွက်ကျွက်ညံသွားတတ်သည်။

ကျွန်တော်တို့အားလုံး ဒီကားအိုကြီးဖြင့် ခရီးထွက်လာခဲ့သည်မှာ အချိန်တော်တော် ကြာလာခဲ့ပြီဖြစ်သော်လည်း အားလုံးမှာ ခရီးပင်ပန်းမှု တစ်စက်ကလေးမပေါ်ဘဲ အပျော်ကြီး ပျော်ရွှင်နေကြသည်။

တစ်လမ်းလုံး ကျွန်တော့်ဘေးတွင် ဘာစကားမျှ မပြောဘဲ လိုက်ပါလာသော မင်းလွှင်ကတော့ အခြားသူများကဲ့သို့ ရယ်မောခြင်းမရှိဘဲ တစ်ခုခုကို တွေးတောနေသလို ဖြစ်နေသည်။

မင်းလွှင်၏မျက်နှာမှာ ခပ်ဝိုင်းဝိုင်း၊ မျက်လုံးပြူးပြူးနှင့် နှာခေါင်းက အနည်းငယ် တိုဝင်နေ၏။ သူ၏ ပါးဆုံနှစ်ဘက်မှာ ပြည့်တင်းဖောင်းကားနေပြီး အောက်သို့ တွဲကျနေသဖြင့် ခွေးဘီလူးတစ်ကောင်နှင့်ပင် မို၍ တူနေသည်။ ခြေတံလက်တံတိုပြီး ပုပုဝဝဖြစ်သည့် ခန္ဓာကိုယ်တွင် အညိုရောင် သရီးကွာတားဘောင်းဘီကို တီရှပ်ပွယောင်းယောင်းတစ်ထည်ဖြင့် တွဲဝတ်ထားသဖြင့် မင်းလွှင်၏ ပုံစံမှာ ရယ်စရာပင် ကောင်းနေသေးတော့၏။ ကျွန်တော်တို့ ခရီးစမထွက်ခင်က ဒီခရီးသည် သူ့အတွက် ပထမဆုံးခရီးတစ်ခုဖြစ်ကြောင်း၊ နောက်ပြီး သူ့အိမ်နှင့် အခုလို အကြာကြီး တစ်ခါမှ ခွဲပြီးမသွားဖူးကြောင်း ကျွန်တော့်





ကို တိုးတိုးပြောပြသည်။ အခုလည်း သူ့ပုံစံမှာ မရယ်မပြုံးဘဲ ရှက်သလိုလို ကြောက်သလိုလိုနှင့် အိမ်ကိုပဲ သတိရနေသလို ငေးငေးငူငူကြီးဖြစ်နေသည်။

အမှန်တော့ မင်းလွှင်ကဲ့သို့ပင် ကျွန်တော့်အတွက်လည်း ပထမဦးဆုံးခရီးဖြစ်သည်။ အချိန်ကြာလာသည်နှင့်အမျှ ကားကြီးက ကျွန်တော်တို့ကို အိမ်နှင့် ဝေးရာဆီသို့ တဖြည်းဖြည်း ဆွဲခေါ်သွားနေသည်ဟု စိတ်မှ ခံစားနေရသည်။

ကားစီးလာရသည့် ခရီးတစ်လျှောက်လုံး စိတ်လှုပ်ရှားစရာ ပျော်ရွှင်စရာများဖြင့် ပြည့်နေသော်လည်း စိတ်ထဲတွင် အိမ်ကို လွမ်းသလိုလို ဖေဖေနှင့် မေမေတို့ကို သတိရသလိုလို ခံစားနေရသည်။ အခုလည်း မင်းလွှင်ကိုကြည့်ရင်း ကျွန်တော်က ကိုယ်ချင်းစာမိနေသည်။

'ဟေ့ကောင်... မင်းလွှင်၊ မင်း အဆင်ပြေရဲ့လား'

စကားမရှိ စကားရှာရင်း မေးမိမေးရာ မေးခွန်းကို မင်းလွှင်အား လှမ်းမေးလိုက်၏။ မင်းလွှင်ကတော့ ကျွန်တော့်ကို ပြန်လှည့်မကြည့်ဘဲ သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန် ချရင်း...

'ပြေပါတယ် ရဲမြင့်ရာ'

အမှန်တော့ မင်းလွှင်လည်း ကျွန်တော့်ကဲ့သို့ပင် သူ့အဖေနှင့် အမေအကြောင်းကို စဉ်းစားနေပုံရသည်။ ကျွန်တော့်ကို ကားဂိတ်လိုက်ပို့စဉ်က ဖေဖေနှင့် မေမေတို့၏ မျက်နှာများမှာ စိုးရိမ်နေကြသည့် အမူအရာတွေ ဖြစ်နေကြပြီး ကျွန်တော့်ဘဝအတွက် ပထမဦးဆုံး သွားရမည့် ခရီးအတွက် စိတ်ပူနေကြတာ ဖြစ်မည်။ ဒါမှမဟုတ် ပဲခူးရိုးမ တစ်ဝိုက် တောဆင်ရိုင်းများ သောင်းကျန်းနေသည်ဟူသော သတင်း

www.burmeseclassic.com



ကြောင့်လည်း ဖြစ်နိုင်သည်။

မေမေက 'သား... ဟိုရောက်ရင် နေ့တိုင်း ဖုန်းဆက်နော်' ဟု တစ်တွတ်တွတ် မှာနေသော်လည်း မေမေကတော့ ကျွန်တော့်ခေါင်းကို ခပ်ဖွဖွသပ်ရင်း 'ကြိုးစားနော်သား' ဟုသာ ပြောနေသည်။ ကျွန်တော်က မေမေ့စကားကို အနည်းငယ်ထူးဆန်းသလို ထင်နေ၏။ တကယ်ဆိုလျှင် 'ငါ့သားလေး ဘေးမသီရန်မခပါစေနဲ့' တို့ 'ကျန်းမာရေး ဂရုစိုက်နော်' တို့လို ပြောရမည့်အစား 'ကြိုးစားနော်သား' ဟူသော စကားက ကျွန်တော့်အဖို့ ဘာမှန်းမသိသည့် စကားလုံးဖြစ်နေသည်။

'မေမေက ငါ့ကို ဘာဖြစ်လို့ ဒီလိုပြောတာပါလိမ့်၊ မေမေ့မှာ ငါ ဒီခရီးကို လာခဲ့ရတဲ့အတွက် အခြားအကြောင်း တစ်စုံတရာများ ရှိနေမလား။ မဟုတ်နိုင်ပါဘူး ငါ့ဘာသာငါ ကြံဖန်ပြီး လျှောက်တွေးနေတာပဲဖြစ်မှာ...'

ရှေ့ထိုင်ခုံမှ ကျော်လင်းနှင့် ချစ်ထွေးမှာ ကျွန်တော်နှင့် ဟိုးအရင်ကတည်းက ခင်မင်ရင်းနှီးခဲ့ရသော သူငယ်ချင်းများဖြစ်သည်။ ကျော်လင်း၏ မဲမှောင်သန်စွမ်းသော ဆံပင်များက သူ့လည်ကုပ်ပေါ် ဝဲကျနေပြီး နေကာမျက်မှန်အမည်းရောင် တပ်ထားသဖြင့် မျက်လုံးများကို မမြင်ရချေ။ သူ့ခေါင်းမှ ခေါင်းစည်းပဝါစကိုလည်း ချည်လိုက်၊ ပြန်ဖြည်လိုက်နှင့် ဘေးမှ ချစ်ထွေးကို ပွစိ၊ ပွစိနှင့် ဘာတွေပြောနေသည်မသိ။ ချစ်ထွေးမှာ လူကောင်ခပ်ထွားထွားဖြစ်ပြီး စကားပြောလျှင် အသံကျယ်ကျယ် ဟောင်ဖွာဟောင်ဖွာ အော်ကြီးဟစ်ကျယ် ပြောတတ်သည်။ နောက်ပြီး သူသိသည့် ဘောလုံးပွဲအကြောင်း ဂျာနယ်ထဲပါသမျှ ဖတ်ပြီး တစ်လုံးမကျန် ပြန်ပြောလေ့ရှိသည်။ သူ့ကိုယ်သူလည်း အားကစား





သမားတစ်ယောက်ပုံစံ ပေါက်အောင် အိုင်တင်ခံပြီး နေတတ်သည်။ လူအများစုမိပြီး ဆုံလျှင် သူ့လက်မောင်းကြွက်သားများကို အသားလွတ် ညွစ်ညှစ်ပြကာ ထုတ်ကြွားလေ့ရှိသည်။ အထူးသဖြင့် ရှေ့ဆုံးတန်းမှ မိန်းကလေးများ လှည့်လှည့်ကြည့်သည့်အခါမျိုးတွင် မလွှတ်စတမ်း လုပ်ပြလေ့ရှိသည်။

အခုလည်း သူ့ဘေးကထိုင်နေသော ကျော်လင်း၏ ဦးခေါင်းကို သူ့လက်မောင်းဖြင့် မလှုပ်နိုင်အောင်ညှပ်ပြီး ချုပ်ကာ စနောက်နေ၏။

ချစ်ထွေး၏ ပြောင်နောက်ကျီစယ်မှုကြောင့် ကျော်လင်းမှာ သူ့ခေါင်းမှ ပဝါစကို ခဏခဏပြန်ချည်နေရလေသည်။ လမ်းတစ်လျှောက်လုံး တစ်ချက်ကလေးမှ အငြိမ်မနေသော ချစ်ထွေးက ညစ်တီးညစ်ပတ် ဟာသများကို ရှေ့ဆုံးတန်းမှ မိန်းကလေးများ ကြားအောင် တမင်ပြောရင်း ချုပုတ်တစ်ခုကဲ့သို့ ပွနေသော သူ့ဆံပင်ပွယောင်းယောင်းများကို တဆတ်ဆတ်လှုပ်ခါလျက်ရှိသည်။

'ဟော့... နာမည်ဘယ်လိုခေါ်လဲ'

ချစ်ထွေးက ပြောင်စပ်စပ်မျက်နှာဖြင့် ပြတင်းပေါက်ဘေးတွင် ထိုင်နေသော ဆံပင်ရှည်ရှည်နှင့် မိန်းကလေးကို လှမ်းမေးလိုက်၏။ ထိုမိန်းကလေးက ချစ်ထွေး၏ အမေးကို အချိန်အတော်ကြာသည်အထိ ဘာမှပြန်မပြောဘဲ မသိချင်ဟန်ဆောင်နေသည်။ သို့သော် ချစ်ထွေးကတော့ ဖွဲ့မလျှော့။

လေးခါမြောက် ချစ်ထွေး၏ အမေးတွင် ဆံပင်ရှည်ရှည် ကောင်မလေးက နောက်သို့ တဖြည်းဖြည်းလှည့်ပြီး ချစ်ထွေးကို အရောင်တောက်တောက် မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါနာမည် ဆည်းဆာ၊ သူက ရည်မွန်'

ကြည်လင်လတ်ဆတ်သော အသံက သူမ၏ ဆံစများကို လှိုင်းဂယက်တစ်ခုလို လှုပ်ရှားသွားစေသည်။ ဘေးမှ ရည်မွန်ဆိုသော ကောင်မလေးကတော့ ကြောင်အမ်းအမ်းမျက်နှာနှင့် ချစ်ထွေးကို ဘာမသိညာမသိ စိမ်းစိမ်းကြီးစိုက်ကြည့်နေ၏။

'ဩော်... မင်းက ဆီး ဆာလား၊ ငါကတော့ ရေပဲဆာတယ်... ဟီး... ဟီး'

ချစ်ထွေးစကားကြောင့် ဘေးမှ ကျောင်းသားများအားလုံး တဝါးဝါးနှင့် ပွဲကျကုန်ကြသည်။

ဆည်းဆာက ချစ်ထွေးကို မျက်စောင်းထိုးရင်း အရှေ့ဘက်သို့ ပြန်လှည့်သွားသည်။ ထိုစဉ် ကားက လမ်းမပေါ်မှ ချိုင့်ခွက်တစ်ခုကို အရှိန်ဖြင့် နင်းလိုက်မိရာ ကျွန်တော်တို့အားလုံး ထိုင်ခုံအပေါ်မှ အနည်းငယ် မြောက်တက်သွားကြ၏။

'ဟာ... ရဲမြင့် ဟိုမှာ... ဟိုမှာကြည့်စမ်း'

ရုတ်တရက် ကျွန်တော့်ဘေးမှ မင်းလွင်က ပြတင်းပေါက်အပြင်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။ မင်းလွင်ပြလိုက်သောနေရာမှာ ထူးထူးဆန်းဆန်းဟူ၍ ဘာတစ်ခုမှ မတွေ့ရ။

'တောကြောင်ကြီးတစ်ကောင် တွေ့လိုက်လို့ကွ'

မင်းလွင်က ချက်ချင်းဆိုသလို ပျောက်ကွယ်သွားသော သူ့မြင်ကွင်းကြောင့် ကျွန်တော့်မျက်နှာကို ကြည့်လိုက်၊ ပြတင်းပေါက်အပြင်ကို ကြည့်လိုက်ဖြင့် အံ့သြနေပုံရသည်။

'ဟင်... တောကြောင်... တကယ်လား'





မင်းလွင်၏ စကားကို အံ့သြတကြီး ပြန်မေးလိုက်ရင်း သူကြည့်သလို ပြတင်းပေါက်အပြင်ဘက်ကိုပါ ကျွန်တော် ပြူးပြူးပျာပျာ လှမ်းကြည့်လိုက်သည်။

ကားလမ်းဘေးတွင် သဘာဝအလျောက် ထူထပ်စွာပေါက်နေသော ဝါးပင်များ၊ သစ်ပင်ကြီးများ ရေတိုက်စားသဖြင့် ဖယိုဖရဲ ပြိုကျနေသော ကျောက်တုံးကြီးများမှလွဲ၍ ဘာကိုမျှ မမြင်ရ။

'အဲဒီကောင်ကြီး ဟိုကျောက်တုံးကြီးရဲ့ နောက်ကို ဝင်သွားတာပဲ ဖြစ်မယ်'

မင်းလွင်က အမှန်တကယ် မြင်လိုက်ရသော သူ့မြင်ကွင်းကို သေချာကြောင်း ထပ်ပြောနေပြန်သည်။ ထို့နောက် ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး....

'ဒီအနီးအနားတစ်ဝိုက်မှာ ဝါးခုတ်တဲ့သူတွေ ဒါမှမဟုတ် သူတို့နေတဲ့ တဲတွေတော့ ရှိမယ်ထင်တယ်'

'ငါတော့ မထင်ဘူး မင်းလွင်၊ ဒီနေရာက တောနက်နေပြီကွ'

'အေးလေ... ဘာပဲဖြစ်ဖြစ် ငါတို့ စခန်းချမယ့်နေရာက လူတွေနဲ့ နီးနီးနားနားရှိတဲ့နေရာမျိုးဆို ကောင်းမယ်'

မင်းလွင်၏ လေသံက တစ်စုံတရာကို ကြောက်လန့်နေပုံမျိုး ဖြစ်နေသည်။ ကျွန်တော်က မင်းလွင်၏ မျက်နှာကို လှမ်းကြည့်လိုက်ပြီး...

'ရွှေမိုင်း သတ္တုတူးဖော်ရေးစခန်းက ဒီတောင်ကိုကျော်ပြီး ဟိုဘက် တောင်ခြေမှာရှိတယ်လို့တော့ ငါ့အဖေပြောတာပဲ'

မင်းလွင်က ကျွန်တော့်စကားကြောင့် မျက်မှောင်တစ်ချက်ကျုံ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး စဉ်းစားနေသလို လုပ်နေ၏။ ပြီးမှ...

'ဒါဆို ငါတို့ အိမ်ကို ဖုန်းဆက်ချင်ရင် ဒါမှမဟုတ် အဆက်အသွယ်လုပ်ချင်ရင် ဘယ်လိုလုပ်မလဲ၊ ဒီလောက်တောကြီးမျက်မည်းထဲမှာ'

'သိပ်လည်း စိတ်ပူမနေပါနဲ့ကွာ၊ ငါတို့ စခန်းချမယ့်နေရာမှာတော့ တယ်လီဖုန်းတော့ ရှိမှာပါ'

မင်းလွင်က အခုမှ စိတ်သက်သာသွားသလို ဖြစ်သွားပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ့မျက်နှာ အမူအရာမှာလည်း စောစောက ထက်ပိုပြီး ကြည်ကြည်လင်လင်ဖြစ်လာသည်။

'ရဲမြင့် မင်း နာနာဘာဝတွေ ဘာတွေအကြောင်း ကြားဖူးလား'

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော မင်းလွင်၏ စကားကြောင့် ကျွန်တော့် ကျောပြင်တစ်ခုလုံး ဖျန်းခနဲ ကြက်သီးမွေးညင်းထသွား၏။

'ဟင့်အင်း... မကြားဖူးဘူး... ဒါပေမယ့် ငါ့အဖေက တောထဲတောင်ထဲက နာနာဘာဝ ပရလောကသားတွေရဲ့ အကြောင်းတော့ တစ်ခါပြောဘူးတယ်ကွ'

'ဟုတ်လား... ဘယ်လိုမျိုးလဲ'

မင်းလွင်က ကုလားထိုင်နောက်မှီကို မှီထိုင်နေရာမှ ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းညွတ်ကာ ကျွန်တော့်စကားကို စိတ်ဝင်တစားမေးနေသည်။

'ဒီလိုကွ...'

●





ကိုမင်းမောင်နှင့်အတူ ကိုသက်ဆွေ၊ ကိုအုန်းတို့ သုံးဦးသား ပဲခူးရိုးမတောကြီးအတွင်း အပျော်တမ်း အမဲလိုက်ထွက်ခဲ့သည်မှာ သည်တစ်ရက်နှင့်ပါဆိုလျှင် လေးရက်မြောက်နေ့သို့ ရောက်လာပြီ ဖြစ်သည်။ တောကြီးအတွင်း ရသမျှ သားကောင်တို့ကို ဖုတ်၊ ကင် စားသောက်ခဲ့ကြပြီး တစ်တောင်တက် တစ်တောင်ဆင်းနှင့် အပြန်ခရီးကို နားလိုက် လျှောက်လိုက်ဖြင့် အတော်ကလေးပင် ခရီးရောက်လာခဲ့သည်။

'ဟောကောင် သက်ဆွေ ဒီမှာကြည့်စမ်း။ ဒါ မော်တော်ကားဘီးရာကြီးကွ ဝါးသယ်တဲ့ကားတွေ ဒီကနေ ဖြတ်သွားတယ်နဲ့ တူတယ်'

သက်ဆွေနှင့် ကိုအုန်းမှာ ကိုမင်းမောင်လက်ညှိုးထိုးပြရာ မြေပြင်သို့ ပြိုင်တူငုံ့ကြည့်လိုက်ကြပြီး...

'ဟုတ်တယ်... ဒါ... ဝါးကားတွေ၊ သစ်ကားတွေသွားထားတဲ့ ဘီးရာကြီးတွေ'

ကိုမင်းမောင်က ပခုံးနှစ်ဖက်တွင် သိုင်းလွယ်ထားသော ကျောပိုးအိတ်ကို မြေပေါ်သို့ ပစ်ချလိုက်ရင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုသက်ဆွေနှင့် ကိုအုန်းတို့နှစ်ယောက်မှာ မြို့သားကိုမင်းမောင်ကဲ့သို့ ဖြူဖြူနွဲ့နွဲ့မဟုတ်ဘဲ ဒေါင်ကျကျ ပြားကျကျနှင့် အပင်ပန်းခံနိုင်စွမ်း ရှိသူများ ဖြစ်ကြသည်။ ကိုမင်းမောင်က သူ့ပါးစပ်မှ လေပူတစ်ချက်ကို ခပ်ပြင်းပြင်းမှုတ်ထုတ်လိုက်ရင်း...

'ဘာပဲပြောပြောကွာ ငါတော့ ဆက်ပြီးမလျှောက်နိုင်တော့ဘူး၊ ဒီနေရာမှာပဲ ကားကြုံအလာကို စောင့်တော့မယ်'

'ဟ... မင်းကလည်း ကားက ဘယ်အချိန်မှ လာမယ်မှန်းမှ မသိတာ ဒီအတိုင်းကြီး ထိုင်စောင့်နေလို့ ငါတို့ ဒီမှာတင် မိုးချုပ်သွားမှာပေါ့'

ကိုအုန်းက စိတ်မြန်လက်မြန်သမားပီပီ သူ့ကျောပေါ်မှ အိတ်ကိုပင် မချဘဲ ကိုမင်းမောင်ကို အလောတကြီး လှမ်းပြောလိုက်၏။

ကိုသက်ဆွေက လက်ကျန် ဆေးပေါ့လိပ်တစ်လိပ်ကို သူ့အိတ်ကပ်ထဲမှ ထုတ်ကာ အားရပါးရ မီးညှိဖွာရှိုက်လိုက်ရင်း...

'အေးပါကွာ တို့တွေ ဒီနေရာမှာ ခဏတော့ အနားယူလိုက်မှ ဖြစ်မယ်။ ကားကြုံလာတော့လည်း တက်ပြီး လိုက်သွားကြတာပေါ့။ မလာတော့လဲ ဆက်ပြီး လျှောက်ကြတာပေါ့'

ကိုမင်းမောင်နှင့် ကိုသက်ဆွေတို့စကားကြောင့် ကိုအုန်းမှာ ရှေ့ဆက်သွားဖို့ အစီအစဉ်ကို လက်လျှော့လိုက်ရသည်။

●





မောမောနှင့် မေးခနဲ့ အိပ်ပျော်သွားသော ကိုမင်းမောင်မှာ ကိုအုန်း၏ အသံကြောင့် အလန့်တကြားနှင့် လူးလဲထလိုက်မိသည်။

'ဟေး... ဟိုမှာ... ဟိုမှာ... ကားတစ်စီးလာနေပြီ'

ကိုအုန်းလက်ညှိုးထိုးပြသော နေရာသို့ ကိုမင်းမောင်က သူ့လက်ဖမိုးဖြင့် မျက်စေ့ကို ပြာပြာသလဲ ပွတ်သပ်ပြီး ကြည့်လိုက်၏။ လွင်တီးခေါင်ပြင် ကွင်းပြင်ကျယ်ကြီးအတွင်း ဖုန်အလိမ်းလိမ်းဖြင့် တရွေ့ရွေ့မောင်းနှင်လာနေသော ကားတစ်စီးကို ခပ်ဝေးဝေးမှ ဝမ်းသာအားရ လှမ်းတွေ့လိုက်ကြရသည်။ ဤအရပ်ဒေသများတွင် တစ်ပတ်တစ်ခါလောက်မှ ဖြတ်သွားဖြတ်လာတွေ့ရသော ကားကို ယခု သူတို့သုံးဦးကြုံရသည်မှာ အလွန်ပင် ကံကောင်းလွန်းနေသည်။

ခပ်ပြပြလှမ်းမြင်နေရသော ဖုန်လုံးကြီးက တဖြည်းဖြည်း သူတို့သုံးဦးနှင့် နီးလာသည်နှင့်အမျှ လှုပ်လှုပ်ရှရှတွေ ဖြစ်လာကြသည်။ ထိုကားကြီး၏နောက်တွင် ဝါးများကို မချိမဆန့် သယ်ယူလာရသည့်အတွက် အင်ဂျင်စက်သံမှာ နားကွဲလုမတတ် ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားကြီး၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးများပြိုကျဆင်းမသွားစေရန် ဝါးလုံးခပ်တောင့်တောင့်များကို ဘေးမှထောင်ပြီး ကာရန်ထားရသဖြင့် ကားခေါင်းပိုင်းထက်စာလျှင် တင်ဆောင်ထားသော ဝါးများက ဘေးသို့ ပြန့်ကားနေ၏။ တကျွီကျွီမြည်ရင်း ယိမ်းလှုပ်နေသည့် ဝါးများပေါ်တွင် ကိုမင်းမောင်၊ ကိုအုန်း၊ ကိုသက်ဆွေတို့လို လမ်းကြုံလိုက်လာသူ တစ်ယောက်စ နှစ်ယောက်စကို လှမ်းတွေ့လိုက်ရသည်။ ဒီအရပ်ဒေသတွင် ထိုသို့ လမ်းကြုံလိုက်ချင်လျှင် ကားသမားက ပိုက်ဆံမယူဘဲ အခမဲ့ တင်ဆောင်ရသည့်ထုံးစံလည်း ရှိသည်။

တဖြည်းဖြည်း ဝါးကားကြီးက တအိအိမောင်းနှင်လာရင်း သူတို့သုံးဦးအနားသို့ အရောက်တွင် ရပ်ပေးလိုက်၏။ ကိုမင်းမောင်က တင်ဆောင်လာသော ဝါးများကို မော့ကြည့်ကာ...

'ကိုသက်ဆွေနဲ့ ကိုအုန်းရေ ကျုပ်တော့ ဒီဝါးစည်းတွေပေါ်တက်ဖို့ မလွယ်ဘူးနဲ့ တူတယ်ဗျ၊ ဝါးတွေက အမြင့်ကြီးပဲ'

ကိုသက်ဆွေနှင့် ကိုအုန်းမှာ ကိုမင်းမောင်၏ အစွမ်းအစကို သိထားသဖြင့်...

'ဗျို့... ကားဆရာကြီး ကျွန်တော်တို့လူတစ်ယောက် ခြေထောက်နာနေလို့ ကားခေါင်းထဲက လိုက်ချင်လို့ဗျို့'

ကိုအုန်းမှာ စိတ်မြန်လက်မြန်သမားတစ်ယောက် ဖြစ်သူပီပီ အရေးကြုံလာလျှင် ကြုံသလို ဖြတ်ထိုးဉာဏ်ကောင်းသူ ဖြစ်သည်။ ယခုလည်း ကားသမားကြီးကို အမှတ်မထင် လှမ်းပြောလိုက်၏။ ကားသမားကြီးက ကိုမင်းမောင်ကို တစ်ချက်လှမ်းကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။





ကားရှေ့ခေါင်းခန်းထဲတွင် လမ်းကြုံလိုက်လာသူအားလုံးပေါင်း ရှစ်ယောက်ခန့် ရှိသည်။ ကလေးနှစ်ယောက်နှင့် ကျန်သူများမှာ မိန်းမများဖြစ်၏။ ထိုအထဲတွင် အဖွားကြီးတစ်ယောက်လည်း ပါလိုက်သေးသည်။ ကိုသက်ဆွေနှင့် ကိုအုန်းတို့မှာ တစ်ခဏအတွင်းပင် ဝါးကားကြီး၏ အပေါ်သို့ ရောက်သွားကြသည်။

ကိုမင်းမောင်မှာ ကားရှေ့ခန်းတွင် မိန်းမများ ကလေးများနှင့် ရောကာ တစ်ထွာသာသာနေရာလေးတွင် ကျပ်ကျပ်ညပ်ညပ်မှ လိုက်ပါလာခဲ့တော့သည်။

လမ်းများမှာ အတက်အဆင်းများ၊ ကုန်းမြင့်၊ ချိုင့်ခွက်များကြောင့် တအိအိ၊ တကျွီကျွီမြည်ကာ လူးလိမ့်နေ၏။ အချို့နေရာများတွင် ကားပေါ်မှဆင်းပြီး လမ်းဆင်းလျှောက်ရလောက်အောင်ပင် အခြေအနေက တော်တော် ဆိုးနေသည်။

ကားကြီးက တဖြည်းဖြည်းနှင့် မော့လော့တောင်ခြေသို့ ရောက်လာသောအခါ နေပင် အတော်ကလေး စောင်းနေပြီဖြစ်သည်။ ထိုမော့လော့တောင်ခြေတွင် အထုပ်အပိုးကိုယ်စီနှင့် မိန်းမနှစ်ယောက်မှာ ကားကို လက်ယမ်းလှမ်းပြရင်း လမ်းကြုံလိုက်ချင်ကြောင်း အော်ပြောနေ၏။ ကားသမားကြီးက ထိုမိန်းမနှစ်ယောက်၏ အနီးသို့ရောက်သောအခါ စက်ရှိန်သတ်ပြီး ကားကို ရပ်တန့်ပေးလိုက်သည်။

မိန်းမနှစ်ယောက်မှာ ကျပ်ညပ်နေသော ကားရှေ့ခေါင်းခန်းကို ကြည့်ပြီး စိတ်ပျက်လက်ပျက်နှင့် ညည်းညူပြီး မတတ်နိုင်သည့်အဆုံးတွင် ကိုအုန်းတို့ ကိုသက်ဆွေတို့လို ကားပေါ်တင်ဆောင်လာသည့် ဝါးစည်းများပေါ်သို့ တက်ကာ လိုက်ပါလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့ခေါင်းခန်းအတွင်းမှ ကိုမင်းမောင်မှာ ဘေးကျပ်နံကျပ်နှင့် လိုက်ပါလာရသည့်အထဲ ကားပေါ်မှ ကလေးတစ်ယောက်က အော်ဟစ်ငိုယိုနေသောအသံ၊ ကားစက်သံ တဂီးဂီးမြည်သံတို့ကို ဓာတ်တော်လေး စိတ်ပျက်နေမိပြီး ဖလုံရွာသို့ မြန်မြန်ရောက်ပါ စေဟုသာ ကျိတ်ပြီး ဆုတောင်းနေမိသည်။

ကားကြီးက မော့လော့တောင်ပေါ်သို့ စပြီးတက်ချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လရောင်ကင်းမဲ့လျက် မည်းမည်းမှောင်နေသည်။ ကားသမားက ရှေ့မီးကြီးနှစ်လုံးကိုဖွင့်ကာ အာရုံစိုက်မောင်းနေရသည်။

မော့လော့တောင်အတက်လမ်းအစမှာ ပြေပြေပြစ်ပြစ်ရှိသော်လည်း အတော်ကလေးခရီးရောက်ပြီး အကွေ့အကောက်များလာသည်နှင့်အမျှ အတက်လမ်းက ပိုပြီး မတ်စောက်လာနေ၏။ ကိုမင်းမောင်က ကိုယ်ကို နောက်သို့လန်ကျမသွားအောင် ရှေ့မှ တန်းကို မိမိရရ လှမ်းကိုင်ထားရသည်။

ရုတ်တရက် တဝေါဝေါဆူညံနေသော ကားအင်ဂျင်စက်သံမှာ ကိုမင်းမောင်နားထဲ၌ ပျောက်ကွယ်သွားသည်။ ကားဆရာကြီးက ကားသော့ကို လက်ဖြင့် အဆက်မပြတ် လှည့်ဖွင့်နေသော်လည်း ကားက ဘယ်လိုမှ စက်မနိုးတော့။

'ဟင်...'

ကားဆရာ၏ အာမေဋိတ်သံနှင့်အတူ ရှေ့ခန်းတွင် ထိုင်နေသူအားလုံး ပြူးပြူးပြာပြာတွေ ဖြစ်ကုန်ကြသည်။ ကားသမားကြီးက စတီယာရင်ကို ညာဘက်လမ်းဘေး တစ်နေရာသို့ ဆွဲကပ်လိုက်ရင်း ဘယ်သူ့ကို ပြောမှန်းမသိ လှမ်းပြောလိုက်၏။





'ဟာ... သွားပြီ ဘယ်လိုဖြစ်တာလဲ၊ စက်ကို ဘယ်လိုမှ ပြန်နှိုးလို့မရတော့ဘူး ဒုက္ခပါပဲ'

ကားက လမ်းဘေးမှ ကညင်ပင်ကြီးရှေ့တွင် အလိုလို ရပ်တန့်သွားသည်။ ကားသမားက ကားပေါ်မှ ခပ်သုတ်သုတ်ပြေးဆင်းပြီး ကားစက်ဖုံးကို ဆွဲလှန်ဖို့ပြင်လိုက်စဉ်...

'ကားဆရာကြီး ဒီမှာ ကားဆရာကြီး ရှင့်ကားက ဘာမှဖြစ်တာ မဟုတ်ဘူး၊ ကျွန်မခေါင်းက ပန်းကြောင့်ဖြစ်တာ။ ဒီတောက ပန်းမကြိုက်ဘူး'

ကြားလိုက်ရသည့် အမျိုးသမီးတစ်ယောက်၏ အသံကြောင့် ကိုမင်းမောင်က သူ့နားကိုပင် သူမယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။ ကားဆရာကြီးက အသံလာရာ ဝါးစည်းပေါ်သို့ မော့ကြည့်လိုက်ရာ ညနေဆောင်းက မော့လော့တောင်ခြေမှ တက်လာသော အမျိုးသမီးနှစ်ယောက်ထဲမှ တစ်ယောက်က လှမ်းအော်ပြောရင်း သူခေါင်းက ပန်းကို ကားပေါ်မှ လွှင့်ပစ်လိုက်၏။ ထိုမိန်းမ ပစ်ချလိုက်သော ပန်းပွင့်က ကိုမင်းမောင်တို့ ထိုင်နေရာ ကားရှေ့ခေါင်းခန်းဘေးမှ မြေပြင်ပေါ်သို့ ကျလာသည်။

ကားသမားကြီးမှာ ထိုမိန်းမ၏ စကားကြောင့် ပါးစပ်အဟောင်းသားနှင့် ကားဆီသို့ တစ်လှမ်းခြင်း ပြန်လျှောက်လာကာ မချင့်မရဲဖြင့် စက်ကို ပြန်နှိုးကြည့်လိုက်သည်။

သော့တံကို ဖြေးညင်းစွာ လှည့်ဖွင့်လိုက်သော ကားသမား၏ လက်ကို ကိုမင်းမောင်က စူးစူးစိုက်စိုက်ကြည့်နေမိသည်။

ဝေါခနဲ ဆူညံသွားသော ကားအင်ဂျင်စက်သံကြောင့် ကိုမင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ရော ကားသမားကြီးပါ တစ်ယောက်ကိုတစ်ယောက် နားမလည်စွာ ပြိုင်တူကြည့်လိုက်မိကြသည်။ ကျန်ကားခေါင်းခန်းအတွင်းမှ မိန်းမများသည်လည်း ကိုမင်းမောင်နှင့် ကားသမားကြီးတို့ကဲ့သို့ပင် တအံ့တသြ ဖြစ်လိမ့်မည်ဟု ထင်မိသည်။

အမှန်တော့ မမြင်နိုင်လောက်သည့် အကြောင်းတရားများကြောင့်ပဲလား ဒါမှမဟုတ် အကြောင်းအကျိုး တိုက်ဆိုင်သည်ပဲလား မပြောတတ်၊ ကားကတော့ ပုံမှန်အတိုင်း မော်လော်တောင်ထိပ်သို့ တရွေ့ရွေ့နှင့် ဆက်ပြီး တက်လျက်ရှိနေသည်။

●





ညသန်းခေါင်ကျော်လောက်ရောက်သည့်အချိန်မှာ ကားကြီးက မော်လော်တောင်ထိပ်သို့ ရောက်လာသည်။ အနည်းငယ်မြေပြန့်ဖြစ်သော်လည်း လမ်းများက ညီညာခြင်းမရှိဘဲ ဘယ်လူးညာလှိမ့်ဖြင့် တကျိုကျိုတအိအိဖြင့်သာ သွားနေရဆဲဖြစ်သည်။

'ဆင်းမယ်ကားဆရာ... ရပ်ပါဦး ဆင်းမယ်'

ကားနောက် ဝါးစည်းပေါ်လိုက်ပါလာသော မိန်းမနှစ်ယောက်က ကားကို ရပ်ခိုင်းနေသည်။ ကားရပ်လျှင်ရပ်လိုက်ချင်း ကားပေါ်မှ ဝါးလုံးများကို နင်းပြီး ဆင်းလာသံတွေ တဂျွမ်းဂျွမ်းကြားနေရ၏။ ထိုမိန်းမနှစ်ယောက်က အောက်သို့ဆင်းပြီး ကားသမားကြီးကို ကျေးဇူးတင်ကြောင်းတွေ ပြောဆိုပြီး ကားရှေ့မှ ဖြတ်ကာ အထုပ်အပိုးကိုယ်စီနှင့် တောစပ်ထဲသို့ ဝင်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟိုမှာ… ဟိုမှာ'

ကားသမားက ကားမီးရောင်နှင့် လှမ်းမြင်နေရသော ထိုမိန်းမနှစ်ယောက်ကိုကြည့်ပြီး အလန့်တကြား ထအော်လိုက်သည်။ ကားသမား၏ အော်သံကြောင့် ကားပေါ်ပါလာသူအားလုံးမှာ ကားရှေ့မီးရောင်အောက်မှ မိန်းမနှစ်ယောက်ကို လှမ်းကြည့်လိုက်ကြသည်။ ထိုမိန်းမနှစ်ယောက် ကျောခိုင်းပြီး လျှောက်သွားနေရာအောက်ခြေ၌ ခြေထောက်များကို မတွေ့ရပေ။

ကားပေါ်ပါလာသူ အားလုံးမှာ ရုတ်တရက် မြင်လိုက်ရသော မြင်ကွင်းကြောင့် မှင်သက်မိသလို ငေးကြောင်ကြည့်နေမိကြသည်။ ထိုအချိန် ကားရှေ့ခန်းအတွင်း ကိုမင်းမောင်ဘေးမှ အဖွားကြီးက သူ့ရင်ဘတ်ထဲတွင် တစ်လမ်းလုံး ပွေ့ပိုက်လာခဲ့ရသော လွယ်အိတ်အစုတ်တစ်လုံးကို ပခုံးတွင် ချိတ်လွယ်ကာ ကားပေါ်ကဆင်းရင်း…

'အဲဒါ နာနာဘာဝတွေပဲကွဲ့ ဒီမှာ ဘုရားပွဲရှိလို့ လာကြတာ။ အဖွားလဲ ဒီမှာပဲ ဆင်းလိုက်တော့မယ်'

အဖွားကြီးက ပြောပြောဆိုဆိုနှင့် ကားရှေ့မှ ဖြတ်ကာ တောစပ်ဆီသို့ တရွေ့ရွေ့ လျှောက်သွားနေ၏။ ထိုအဖွားကြီး၏ ခြေထောက်များမှာလည်း စောစောက မိန်းမနှစ်ယောက်ကဲ့သို့ပင် ထဘီအောက်နားတွင် ပျောက်ကွယ်သွားလျက်ရှိသည်။

'ဟင်…'

ကားသမားရော ကိုမင်းမောင်ပါ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် အသက်ရှူဖို့ပင် မေ့လျော့နေကြ၏။

တုန်ယင်နေသော ကားသမားကြီး၏ လက်များမှာ ဂီယာတံကို





စမ်းထိုးရင်း စက်ရှိန်မြှင့်ကာ ဒလကြမ်းမောင်းတော့သည်။ နောက်တစ်နေ့ နံနက် ဖလုံရွာရောက်သည်အထိ လမ်းတွင် ဘယ်သူတားတားကားကို ရပ်မပေးတော့၊ ကိုမင်းမောင်ကတော့ တစ်လမ်းလုံး သူ့ဘေးတွင် ကပ်ပြီးပါလာသော နာနာဘာဝအဘွားကြီးအကြောင်း ပြန်တွေးတိုင်း ကြက်သီးတဖျန်းဖျန်း ထလျက်ပင် ရှိနေတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားအဆုံးတွင် မင်းလွင်မျက်နှာမှာ အေးစက်တောင့်တင်းနေသလို ပါးစပ်အဟောင်းသားနှင့် ဖြစ်နေ၏။

'မင်းအဖေနေရာမှာ ငါသာဆို သွေးဖျက်ပြီး သေသွားနိုင်တယ်'

ကျွန်တော်က မင်းလွင်ထံမှ အကြည့်ကို လွှဲဖယ်ကာ ရှေ့ခုံမှ ချစ်ထွေးတို့ ကျော်လင်းတို့ကို ကြည့်လိုက်သည်။ ထိုစဉ် ချစ်ထွေးက ရှေ့မှ ထိုင်နေသော မိန်းကလေးအုပ်စုရှိရာဆီသို့ တစ်စုံတစ်ခုဖြင့် လှမ်းပစ်ပေါက်သည်ကို မြင်လိုက်သည်။

သူပစ်လိုက်သည်မှာ အစိမ်းရောင်အလုံးတစ်လုံးနှင့် တူသည်။ အမှန်က သူစားထားသော ပီကေကို လက်ဖြင့် သေသေချာချာလုံးပြီး ပစ်လိုက်ခြင်းသာ ဖြစ်၏။ ထိုပီကေအလုံးလေးမှာ ဆည်းဆာ၏ နောက်စေ့တည့်တည့်ကို သွားမှန်ပြီး သူမ၏ ရှည်လျားသော ဆံပင်များကြားတွင် မြုပ်ဝင်တွယ်ကပ်နေသည်။

'တောက်... သေတော့မှာပဲ'





ဆည်းဆာက ဒေါသတကြီး ရေရွတ်လိုက်ရင်း သူမ၏ ဆံပင်ကြားမှ ပီကေကို ဆွဲခွာနေသည်။ ထို့နောက် ချစ်ထွေးတို့ဘက်သို့ လှည့်လိုက်ပြီး စိတ်ဆိုးမာန်ဆိုး လှမ်းအော်ပြောလိုက်၏။

'ဟဲ့... ဒါဘာလုပ်တာလဲ၊ ငါ့ခေါင်းမှာ ကပ်ကုန်ပြီ'

ချစ်ထွေးက အသံသေးအသံကြောင်ဖြင့် အာခေါင်ကို တမင်ခြစ်ကာ တခွီးခွီးရယ်နေရင်း...

'ငါလဲမသိဘူး... ခုံအောက်မှာတွေ့လို့ ကောက်ပြီး ပစ်ကြည့်လိုက်တာ ဟီး... ဟီး'

ချစ်ထွေး၏ စပ်ဖြီးဖြီးနှင့် မခိုးမခန့် အမူအရာကြောင့် ဆည်းဆာက သူ့လက်ထဲမှ ပီကေနှင့် တအားပြန်ပြီး လွှဲပေါက်လိုက်သည်။ ထိုပီကေက ချစ်ထွေးကို မထိဘဲ နောက်ဆုံးတန်းမှ မှန်တွင် သွားကပ်တွယ်နေသည်။

'ဟား... ဟား... ဟား... ဟား'

တခြားကျောင်းသားများကပါ သူတို့နှစ်ဦးကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။ ဆည်းဆာနှင့် သူမ၏ သူငယ်ချင်းရည်မွန်တို့မှာ ချစ်ထွေးကို မကျေမနပ်ဖြင့် မျက်စောင်းထိုးပြီး ရှေ့သို့ ပြန်လှည့်သွားကြသည်။

ကျွန်တော်တို့ ကားကြီးက မြေနီမိပိုင်းသို့ ထိုးစိုက်ဆင်းသွားသည့်အခါများတွင် လည်းကောင်း၊ တောင်ကုန်းထိပ်သို့ အရှိန်ဖြင့် ပြေးတက်လိုက်သည့်အခါများတွင် လည်းကောင်း၊ တစ်ကားလုံး ပွက်ပွက်ညံအောင် အော်ဟစ်ရင်း အပျော်ကြီး ပျော်နေကြသည်။ တစ်ခါတရံ ကျွန်တော်တို့ရှေ့ သုံးလေးတန်းအကွာမှာ ထိုင်နေသော ကျောင်းသားတစ်သိုက်က 'လေးဖြူ' သီချင်းတစ်ပုဒ်ကို ဆိုနေကြသည်။ သို့သော် မှုန်း



www.burmeseclassic.com

www.burmeseclassic.com


စာသားအတိုင်း မဟုတ်ဘဲ ထင်ရာမြင်ရာတို့ကို သံစဉ်အလိုက်အတိုင်း အပြောင်းအလဲ ပြောင်းအပျက် သီဆိုနေကြခြင်း ဖြစ်သည်။

ထိုစဉ် ကားသမားက ဘာမပြောညာမပြောနှင့် ကားကို ဘရိတ် ဆောင့်နင်းလိုက်၏။ ကားဘီးနှင့် ကျောက်ခင်းလမ်းမျက်နှာပြင်တို့ ခပ်ကြမ်းကြမ်း ပွတ်တိုက်လိုက်သံကြီးကို ကြားလိုက်ရသည်။

'ကျွီ...'

'အား...'

'အောင်မလေး... သေပါပြီ'

အလန့်တကြားဖြင့် အော်ဟစ်လိုက်ကြသော အသံများက တစ်ကားလုံး ဆူညံသွားသည်။ ကျွန်တော်က ရှေ့မှ သံချေးတက်နေသည့် လက်ကိုင်တန်းကို မိမိရရ လှမ်းကိုင်လိုက်သော်လည်း ခန္ဓာကိုယ်က ထိုင်ခုံမှ အနည်းငယ် မြောက်တက်သွားပြီး လက်ကိုင်တန်းကို ဖမ်းဆုပ်ထားသောလက်နှင့် မေးစေ့တို့ ပစ်ဆောင့်သွားသည်။

'အား... ကျွတ်... ကျွတ်...'

ကျွန်တော်က မေးရိုးကို လက်နှင့် ပွတ်ရင်း စုပ်တသပ်သပ်နှင့် ညည်းတွားနေမိသည်။ ကားသမားကြီးက ယာဉ်မောင်းထိုင်ခုံမှ မတ်တပ်ရပ်လိုက်ပြီး သူ့ခန္ဓာကိုယ်ကို ကျွန်တော်တို့ရှိရာဘက်သို့ ဖြည်းညင်းစွာ လှည့်လိုက်သည်။

'အား...'



ကားသမား၏ မျက်နှာကြီးကို မြင်လိုက်ရသည်နှင့် ကျွန်တော်တို့အားလုံးမှာ သွေးပျက်လုမတတ် ငယ်သံပါအောင် ပြိုင်တူ အော်လိုက်မိကြသည်။

သူ့မျက်လုံးကြီးတစ်လုံးက အပြင်သို့ ပေါက်ထွက်နေပြီး မျက်နှာပေါ်သို့ တွဲလောင်းကြီး ကျနေ၏။ နှာခေါင်းနေရာမှာ ပြားချပ်နေပြီး ဟောင်းလောင်းပေါက်ကြီး ဖြစ်နေသည်။

'အား...'

'သရဲ... သရဲ...'

မင်းလွင်၏ ကြောက်ကြောက်လန့်လန့်နှင့် အော်လိုက်သောအသံက တုန်ယင်နေ၏။ ကျွန်တော်တို့အားလုံး၏ မျက်နှာများမှာလည်း ကြက်သေသေနေမိကြသည်။ ရှေ့ဆုံးတန်းမှ မိန်းကလေးတစ်သိုက်ကတော့ သူတို့နှင့် အနီးကပ်ဆုံးမြင်နေရသော ကားသမားကြီးကိုကြည့်ရင်း သွေးပျက်လုမတတ် အသံကုန်ဟစ်ကာ ပွက်ပွက်ညံကုန်ကြသည်။


www.burmeseclassic.com

www.burmeseclassic.com

ကားသမားကြီးက မလှုပ်မယှက် ရပ်နေရာမှ သူ့လက်တစ်ဖက်ကို တဖြည်းဖြည်းမြှောက်လိုက်ပြီး ပုံပျက်ပန်းပျက်ဖြစ်နေသော သူ့မျက်နှာကို ဆွဲခွာလိုက်သည်။

သရဲပုံမျက်နှာဖုံးအောက်မှ သူ၏ မူလမျက်နှာပေါ်လာပြီး ကျွန်တော်တို့ အားလုံးကို ရယ်ပြလိုက်သည်။

'..............'

'..............'

ချက်ခြင်းဆိုသလို တစ်ကားလုံး ဆဲသံဆိုသံများဖြင့် ပွက်ပွက်ညံသွား၏။

အမှန်တော့ ကားသမားကြီးမှာ မင်းလွင်ပြောသလို သရဲမဟုတ်ပါ။ ကျွန်တော်တို့အားလုံးကို ကြောက်လန့်သွားအောင် သရဲပုံရော်ဘာမျက်နှာဖုံးဖြင့် ခြောက်လှန့်လိုက်ခြင်းသာ ဖြစ်သည်။

■





## အခန်း (၂)

ကားသမားကြီးက သူ့မျက်နှာဖုံးကြောင့် တစ်ကားလုံး အထိတ်တလန့်ဖြစ်သွားကြသည်ကို ကြည့်ပြီး အားရပါးရ ရယ်နေ၏။ ထို့နောက် သူ့လက်ထဲမှ မျက်နှာဖုံးကို ကျွန်တော်တို့ဘက်သို့ မြှောက်ပြရင်း...

'အရင်အခေါက်တွေတုန်းကလည်း ဒီမျက်နှာဖုံးနဲ့ ခြောက်လိုက်ရင် အားလုံး သွေးပျက်သွားကြတာချည်းပဲ၊ အခု မင်းတို့ဖြစ်သလိုပေါ့ ဟဲ... ဟဲ'

သူ့စကားကြောင့် ကျွန်တော်တို့အထဲမှ အချို့က ရောယောင်ပြီး လိုက်ရယ်လိုက်ကြသည်။ သို့သော် အများစုကတော့ ရုတ်တရက် ထိတ်လန့်သွားသဖြင့် စိတ်ဆိုးဒေါသထွက်နေကြကာ တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ကျိန်ဆဲလိုက်ကြသည်။

'နောက်စရာမဟုတ် ကြဲဖန်ပြီး'


www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်တလေများ လန့်ဖျန့်ပြီး တစ်ခုခုဖြစ်သွားရင် ဘယ်လိုလုပ်မလဲ'

'အလကားလူကြီး'

'..............'

ကျွန်တော်တို့ ကြည့်နေရင်းနှင့်ပင် ကားသမား၏ မျက်နှာ အမူအရာက ရုတ်တရက် ပြောင်းသွား၏။ သူ့ပုံစံက စောစောကလို မဟုတ်တော့ဘဲ လက်အောက်ငယ်သားများကို အမိန့်ပေးတော့မည့် အထက်အရာရှိတစ်ယောက်လို ပုံစံမျိုးဖြင့်...

'အားလုံး... ကားပေါ်ကဆင်းကြ'

လေသံခပ်ပြတ်ပြတ်ဖြင့် ပြောလိုက်ပြီး သူ့ထိုင်ခုံဘေးမှ ဟိုက်ဒရောလစ်တံခါး ဖွင့်သည့်ခလုတ်ကို နှိပ်လိုက်သည်။ တံခါးကြီးက ကား၏ ကိုယ်ထည်မှ အပြင်သို့ တွန်းကန်ပွင့်သွားပြီး ဘေးသို့ ကပ်သွား၏။

'ကျွန်တော်တို့ ဘယ်ရောက်နေပြီလဲ ဦးလေးကြီး'

ကျောင်းသားတစ်ယောက်က လှမ်းမေးလိုက်သည်။ သို့သော် ကားသမားကြီးက ထိုကျောင်းသား၏ အမေးကို မသိကျိုးကျွန်ပြုရင်း သူ၏ သရဲပုံမျက်နှာဖုံးကို ကားရှေ့မှ ဒက်ရှ်ဘုတ်ပေါ်သို့ ပစ်တင်လိုက်၏။ ထို့နောက် ယာဉ်မောင်းထိုင်ခုံမှထွက်ကာ ကားအောက်သို့ ခပ်သွက်သွက်ဆင်းသွားသည်။

ကျွန်တော်က ဘေးမှ မင်းလွင်ကိုကျော်ပြီး ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်လိုက်သည်။ တောင်တန်းများ၊ ချိုင့်ဝှမ်းများနှင့် မျက်စေ့တစ်ဆုံးပေါက်နေသော ဝါးပင်များမှလွဲ၍ ဘာကိုမှ မတွေ့ရ။ တချို့





နေရာများတွင် ကျောက်တုံးများ ချုံပုတ်များဖြင့် ရှုပ်ယှက်ခတ်နေပြီး ဝက်ဘာတောကြီးတစ်ခုလို ဖြစ်နေသည်။

'ဘာဖြစ်လို့ ငါတို့ကို ဒီလိုနေရာမျိုးမှာ ဆင်းခိုင်းရတာလဲ'

မင်းလွင်က ကျွန်တော့်ဘက်သို့ လှည့်ပြီး မေးလိုက်သည်။ သူ့မျက်နှာမှာလည်း တစ်စုံတစ်ခုကို ကြောက်ရွံ့နေပုံပေါက်နေသည်။

'ဒီနေရာမှာ စခန်းချမှာနဲ့တူတယ်'

ကျွန်တော်က မင်းလွင် မျက်စေ့မျက်နှာ ပျက်နေမှန်းသိ၍ ခပ်တည်တည်ဖြင့် နောက်လိုက်၏။ မင်းလွင်က ကျွန်တော် စမှန်း နောက်မှန်း သိသော်လည်း မရယ်နိုင်ဘဲ သူ့မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်နေသည်။

'ဟောကောင်... ငါတို့ကို ပေါက်တောလုပ်ဖို့ ဟိုလူကြီးက ရုပ်ပေးတာထင်တယ်ကွ'

'ဟုတ်မယ်... ဟုတ်မယ်... အခုနက ကြောက်ပြီး သေးထွက်သွားတဲ့သူတွေအတွက် ရုပ်ပေးတာ'

တစ်ယောက်တစ်ပေါက်နှင့် စနောက်ရင်း ကျွန်တော့်ရှေ့မှ ကျော်လင်းနှင့် ချစ်ထွေးမှာ ကားပေါ်မှ တရွေ့ရွေ့ ဆင်းနေသည်။ ကျွန်တော်နှင့် မင်းလွင်မှာ ကားပေါ်တွင် ထိုင်စဉ်က နောက်ဆုံးမှဖြစ်သောကြောင့် ကားပေါ်မှ ဆင်းသည့်အခါတွင်လည်း နောက်ဆုံးမှ ဆင်းရသည်။

ကျွန်တော်တို့အားလုံးမှာ ကားပေါ်မှ ဆင်းလာပြီး ဘယ်သွားလို့ သွားရမှန်းမသိ ကျောက်တုံးများချုံပုတ်များကို ကျော်ခွပြီး သွားနေရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။

မှန်းတည့်ချိန်ဖြစ်သဖြင့် နေရောင်က ကျွန်တော်တို့ ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ တည့်တည့်မတ်မတ်ကြီး ကျနေသည်။ မြေသားမာမာပေါ်တွင် မတ်တပ်ရပ်လိုက်ပြီး အပူဒဏ်ခံနိုင်ရန် ကျွန်တော်လက်နှစ်ဖက်ကို ယှက်ကာ ခေါင်းပေါ်သို့ အုပ်မိုးပြီး တင်ထားရသည်။ ကျွန်တော့် စိတ်ထဲတွင်လည်း တောကြီးမျက်မည်းထဲ၌ အကာအကွယ်မဲ့သလို ခံစားနေရသည်။

ကျွန်တော်တို့ ကားရပ်ထားရာနေရာနှင့် မလှမ်းမကမ်းတွင် ဝါးများဖြင့် ဖြစ်သလိုဆောက်ထားသည့် ယာယီတဲတန်းလျား ယိုင်နဲ့နဲ့တစ်ခုကို တွေ့ရ၏။

'ဒီနေရာက ကားတွေ ခဏနားဖို့ လုပ်ထားတဲ့နေရာထင်တယ်ကွ၊ ဟိုမှာ ဝါးတဲလေးတစ်ခုတွေ့လား'

ကျွန်တော်က မင်းလွင်ကို လက်ညှိုးထိုးပြီး လှမ်းပြလိုက်သည်။ ကျွန်တော်က ကျွန်တော်ထင်သည်များကို မင်းလွင်အားဆက်ပြီး ပြောနေမိသည်။

'ကားကို အင်ဂျင်အေးအောင် ခဏနားပြီး ရေတိုင်ကီထဲ ရေတွေဘာတွေဖြည့်တာတို့ ဘာတို့ လုပ်တာထင်တယ်။ မင်းကော ဘယ်လိုထင်လဲ မင်းလွင်'

မင်းလွင်က ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ သူ၏ လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲသို့ နှိုက်ပြီး မြေကြီးပေါ်မှ ခဲလုံးများကို ခြေထောက်နှင့် ဟိုကန်ဒီကန်လုပ်နေသည်။

ကွင်းပြင်ကျယ်ကြီးဖြစ်သဖြင့် လေကလည်း အတားအဆီးမရှိ တိုက်ခတ်နေသည်။ ခပ်လှမ်းလှမ်းရှိ ဝါးရုံပင်မှ ဝါးများအချင်းချင်း ပွတ်တိုက်သံတကျွိကျွိကို အခါမလပ် ကြားနေရ၏။ ထိုဝါးရုံပင်နား





တွင် ချစ်ထွေးကတော့ အခြားကျောင်းသားတစ်ဦးနှင့် လက်မောင်းခြင်းအားပြိုင်ပြီး လှဲနေသည်။ သူနှင့် ပြိုင်ဘက်ကျောင်းသားကိုတော့ ကျွန်တော်မသိပါ အရင်ကလည်း မြင်ဖူးခြင်းမရှိ။

ကျော်လင်းက ရပ်ထားသောကားကိုမှီကာ သူ့ပုံစံက ဘာမှမဖြစ်သလို ခပ်အေးအေးပင် ဖြစ်နေသည်။

ကားသမားကြီးက ကားဘေးဘက်သို့ ကွေ့ဝိုက်လျှောက်သွားပြီး ကားဝမ်းဗိုက်အောက်ရှိ ခရီးဆောင်အိတ်များ ထည့်ထားသည့် တံခါးကို ဆွဲဖွင့်လိုက်သည်။ ထို့နောက် အတွင်းမှ ခရီးဆောင်အိတ်များ စခန်းချရာတွင်သုံးမည့် ပစ္စည်းပစ္စယာများကို မနိုင်မနင်းနှင့် ကားအပြင်ဘက်ကွင်းပြင်ပေါ်သို့ ဆွဲထုတ်ပြီး ရွှေ့နေသည်။

ကျွန်တော်နှင့်အတူ ရပ်နေသော ကျောင်းသားတချို့မှာ ထိုကားသမားကြီး၏ အပြုအမူကို နားမလည်စွာ ငေးကြည့်နေမိကြ၏။ ထို့နောက် မင်းလွင်က ကားသမားကြီးရှိရာသို့သွားပြီး…

'ဟေ့လူ… ကျွန်တော်တို့ အခု ဒီနေရာမှာပဲ စခန်းချရမှာလား'

ကားသမားက မင်းလွင်၏ အမေးကို ဘာတစ်ခုမှ ပြန်မဖြေဘဲ ခရီးဆောင်အိတ်ကြီးတစ်လုံးကို ကားဝမ်းဗိုက်ထဲမှ ချွေးသံတရွှဲရွှဲဖြင့် ဆွဲထုတ်နေသည်။

မင်းလွင်ကတော့ သူ့မေးခွန်းကို ပြန်မဖြေမချင်း ကားသမားကြီးကို ထပ်ခါတစ်လဲလဲ မေးနေတော့၏။ ကားသမားက မင်းလွင်ကို ရှိသည်ဟုပင် မထင်။ စကားပြန်ပြောဖို့နေနေသာသာ တစ်ချက်ကလေးမှပင် လှည့်မကြည့်ချေ။

မင်းလွင်က စိတ်ပျက်လက်ပျက်နှင့် သူ့ခေါင်းမှ ဆံပင်များကို

www.burmeseclassic.com



လက်နှစ်ဖက်ဖြင့် စုံကုတ်ပြီး ကျွန်တော်တို့ရပ်နေရာဆီသို့ ပြန်လျှောက်လာ၏။ သူ့ခြေထောက်များက လေးတိလေးကန်နှင့် ဒရွတ်တိုက် ဖြစ်နေသည်။ သူ့မျက်နှာမှာလည်း ကျွန်တော်တို့ကိုကြည့်ရင်း ဘယ်လိုလုပ်ကြမလဲဟူသည့် စိုးရိမ်ထိတ်လန့်နေသည့် အမူအရာ ဖြစ်နေသည်။

ကျွန်တော့်ခေါင်းထဲတွင် စိတ်ရှုပ်ထွေးနေသည်မှာ မှန်သော်လည်း စိုးရိမ်ထိတ်လန့်ခြင်းတော့ တစ်ချက်ကလေးမျှ မရှိ။ ဖြစ်လာသမျှကို ရင်ဆိုင်ရန်သာ အသင့်ဖြစ်နေသည်။

ကားသမားကတော့ တည်တည်ငြိမ်ငြိမ်ဖြင့် သူ့အလုပ်သူ ဆက်လုပ်နေမြဲပင် ဖြစ်သည်။ သူ့ဘာလုပ်နေသည်ကို သူကိုယ်တိုင်မှလွဲ၍ ဘယ်သူမှ မသိ၊ ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းမှ မိန်းကလေးများမှာလဲ စုရုံးပြီး ဝိုင်းပတ်ရပ်နေရင်း ကားသမားကြီး၏ အရိပ်အခြေကို အကဲခတ်နေကြသည်။

‘ဒီလူကြီးက ငါတို့ကို အဖက်လုပ်ပြီးတောင် ပြန်မပြောဘူးကွ၊ တကယ်ဆိုရင် ငါတို့အားလုံးကို အကျိုးအကြောင်းတစ်ခုခုတော့ ကြို ပြောသင့်တာပေါ့’

မင်းလွင်က ကျွန်တော်တို့နားသို့ လျှောက်လာပြီး မကျေမနပ်နှင့် ဗျစ်တောက်ဗျစ်တောက် ပြောဆိုနေ၏။ မင်းလွင့်ကိုကြည့်ရင်း ကျွန်တော် စိတ်ညစ်လာမိသည်။ သူ့ဆီမှ ကျွန်တော့်အတွက် နောက်ထပ် စိတ်ပျက်စရာစကားများကို ထပ်မကြားချင်တော့။ မင်းလွင်အနားမှနေ၍ မိန်းကလေးများ စုရုံးဝိုင်းပတ်ပြီး စကားပြောနေရာဆီသို့ လှည့်ထွက်လာခဲ့သည်။ ကွင်းပြင်ကျယ်ကြီး၏ တစ်ဖက်တွင်တော့ ချစ်ထွေးက အခြားကျောင်းသားများနှင့်အတူ ကျောက်ခဲများကို ကောက်ပြီး တစ်





ယောက်နှင့်တစ်ယောက် ပိုပြီးဝေးအောင် အပစ်ပြိုင်နေကြသည်။

မိန်းကလေးများအနီးသို့ ရောက်သောအခါ ဆည်းဆာက ကျွန်တော့်ကို ပြုံးပြပြီး တစ်ဘက်သို့ ပြန်လှည့်သွားသည်။ တော်တော်လှတဲ့ ကောင်မလေးပဲဟု စိတ်ထဲမှ တွေးလိုက်မိသည်။ သူမ၏ ဆံပင်ရှည်ရှည်များက လေထဲတွင် လွင့်မြောနေကြ၏။

‘နင်က... ရန်ကုန်ကပဲလား’

ဆည်းဆာ၏ ဘေးမှ ရည်မွန်ဆိုသော ကောင်မလေးက သူမမျက်နှာကို နေရောင်အောက်တွင် လက်တစ်ဖက်ဖြင့် အုပ်ကာရင်း ကျွန်တော့်ကို လှမ်းမေးလိုက်သည်။ မဲ့ခြောက်များ ပြည့်နှက်နေသော သူမ၏ မျက်နှာမှာ အပူဒဏ်ကြောင့် ရှုံ့မဲ့နေ၏။

‘မဟုတ်ဘူး... ငါက ပဲခူးက ဟို... ရွှေမော်ဓောဘုရားကြီး ရှိတယ်လေ’

‘ဟဲ့... ပဲခူးမှာ ရွှေမော်ဓောဘုရားကြီးရှိမှန်းတော့ ငါသိတာပေါ့ဟဲ့’

ကျွန်တော့်စကားကြောင့် ရည်မွန်က ဘုဆတ်ဆတ်ပြောလိုက်သဖြင့် ကျွန်မိန်းကလေးများကပါ ဝိုင်းရယ်လိုက်ကြသည်။

ကျွန်တော့်မျက်နှာပေါ်တွင် ပူနွေးနွေးအရသာတစ်ခုကို ဖိန်းခနဲ ရှိန်းခနဲ ခံစားလိုက်ရသည်။ ဆည်းဆာကတော့ သူမ၏ တောက်ပရွှန်းစိုနေသော မျက်လုံးများဖြင့် ကျွန်တော့်ကိုကြည့်ရင်း...

‘နင့်နာမည် ဘယ်လိုခေါ်သလဲ’

‘ရဲမြင့်’

‘သြော်... ဟုတ်လား... ငါတို့အိမ်က ကြက်တူရွေးလေးနာမည်



www.burmeseclassic.com

www.burmeseclassic.com



ကလဲ ရဲမြင့်ပဲ'

ဆည်းဆာ၏ စကားကြောင့် ဘေးမှ မိန်းကလေးများကပါ နောက်တစ်ကြိမ် ဝိုင်းပြီး ရယ်လိုက်ကြပြန်သည်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း ဒီနားကို မယောင်မလည်နှင့် လာခဲ့ရသည့်အတွက် အလိုလို နောင်တရသလိုဖြစ်သွားပြီး သူတို့အုပ်စုကို စကားလမ်းကြောင်း ပြောင်းဖို့ အမျိုးမျိုး ကြိုးစားကြည့်နေလိုက်သည်။

'ဟို… ဟိုရောက်ရင် နင်တို့လည်း ရွှေမိုင်းသတ္တုစခန်းမှာပဲ နေကြရမှာလား'

ကျွန်တော်က လှီးလွဲပြောလိုက်သော စကားကြောင့် ရည်မွန် မျက်နှာမှာ ရယ်နေရာမှ တည်သွားပြီး…

'အေး… ငါတို့မိန်းကလေးတွေအတွက် သပ်သပ်စခန်းချဖို့ နေရာ ရှိတယ်လို့ ပြောတာပဲ၊ ဘယ်လိုနေရာမျိုးလဲတော့ ငါတို့ မသိဘူး'

အခုလို တောထဲတောင်ထဲတွင် မိန်းကလေးများအတွက် သီးသန့် ခွဲထားသည့်နေရာဆိုသည်ကိုတော့ ကျွန်တော်က ဘဝင်သိပ်မကျလှ၊ ကျွန်တော်က ရည်မွန့်စကားကို ဘာတစ်ခုမှ ထပ်မမေးတော့ဘဲ ပခုံး နှစ်ဖက်ကိုသာ တွန့်ပြလိုက်မိသည်။

'ဩော်… ဟဲ့ရဲမြင့် ကားက ဒီနေရာမှာ ဘာဖြစ်လို့ ရပ်တာတဲ့ လဲ၊ ဟိုကားသမားကြီးက တို့တွေရဲ့ ပစ္စည်းတွေကို ကားအောက်ကိုတောင် ချနေပြီ'

သူတို့မိန်းကလေးများ အားလုံးမှာလဲ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီး ဘာမှနားမလည်သလို လုပ်နေကြသည်။ ထိုစဉ် မင်း လွင်က ကျွန်တော်တို့ရှိရာဆီသို့ မယောင်မလည်နှင့် လျှောက်လာနေ





၏။ သူ့မျက်နှာပေါ်တွင်လည်း တစ်စုံတစ်ရာကို ဝေခွဲရခက်နေသည့် ပုံမျိုးဖြစ်နေသည်။

အနားသို့ မင်းလွင်ရောက်မလာခင် ကျွန်တော်က မင်းလွင် အနားသို့ လျှောက်သွားလိုက်ပြီး…

'မင်းလွင်… ဟိုမှာကြည့်စမ်း၊ ငါတို့ပစ္စည်းတွေကို ကားပေါ်က ချလို့တောင် ပြီးသွားပြီ'

ကားသမားကြီးက ဝန်စည်စလှယ်များထည့်ထားသည့် ကားဝမ်း ဗိုက်အောက်မှ တံခါးကြီးကို 'ဂျိမ်း'ခနဲမြည်အောင် ဆောင့်ပြီးပိတ်လိုက် သည်။ မင်းလွင်က ဒိုသံပါကြီးဖြင့်…

'ဘာတွေဖြစ်နေတာလဲ ငါတို့ကို ဘယ်သူက ဒီနေရာကို လာ ခေါ်မှာလဲ၊ ငါတို့ပစ္စည်းတွေကို ဒီမှာ ဘာဖြစ်လို့ ချထားရတာလဲ'

'နေပါဦးမင်းလွင်ရာ… သေချာအောင် ငါသွားမေးလိုက်ဦးမယ်'

ကျွန်တော်က မင်းလွင်ကို ခပ်တိုးတိုးပြောရင်း ကားသမားရှိရာ သို့ ထွက်လာခဲ့သည်။ ကားသမားက ဖွင့်ထားသည့် အတက်အဆင်းကား တံခါးပေါက်ကြီး၏ ရှေ့တွင်ရပ်ပြီး နဖူးပေါ်မှ ချွေးများကို သူ့ယူနီ ဖောင်းအင်္ကျီလက်မောင်းစဖြင့် သုတ်နေ၏။

ကားသမားကြီးမှာ သူ့ထံသို့ ကျွန်တော်လျှောက်လာနေသည်ကို မြင်သွားပြီး ကားပေါ်သို့ ခပ်သုတ်သုတ်တက်သွား၏။ ထို့နောက် ယာဉ် မောင်းထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ကားအတွင်းမှ နောက်ကြည့်မှန်ကို အနေအထားပြင်နေသည်။ ကျွန်တော်က ကားအောက်မှနေ၍ ပွင့်နေ သော တံခါးပေါက်ကြီးနားတွင် မတ်တတ်ရပ်လိုက်ပြီး…

'ဟေ့လူ… ကျွန်တော်တို့က ဒီမှာ ဘာလုပ်ရမှာလဲ၊ ဘယ်သူက



www.burmeseclassic.com

www.burmeseclassic.com

လာခေါ်မှာလဲ’

ကျွန်တော့် အမေးကို တစ်ချက်ကလေးမှ ဂရုမစိုက်ဘဲ စတီယာရင်ဘေးမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

ကားတံခါးက ရုတ်တရက် ကျွန်တော့်မျက်နှာရှေ့မှ ဖြတ်ပြီး ‘ဂျိမ်း’ ခနဲ ပိတ်သွား၏။ ကျွန်တော် အနည်းငယ်ဒေါသထွက်သွားပြီး ရှေ့သို့တိုးကာ ပိတ်သွားသော တံခါးကြီး၏ မှန်ချပ်များကို လက်နှင့် တစ်ဖုန်းဖုန်းလှမ်းပုတ်ရင်း...

‘ဟေ့လူ... ခင်ဗျား... ဒါဘာလုပ်တာလဲ... ဟေ့လူ’

ကျွန်တော့်အသံက စိုးရိမ်စိတ်နှင့် ကျယ်ကျယ်လောင်လောင်ကြီး ဖြစ်နေသည်။ သို့သော် ကားသမားကြီးကတော့ ကားစက်ကိုနှိုးရင်း လီဗာကို တစ်ချက်နှစ်ချက်ပုတ်ကာ ခပ်ကြမ်းကြမ်း မောင်းထွက်သွားသည်။

‘ဟေ့လူ... ခင်ဗျား... ခင်ဗျား’

ဝေါခနဲ မောင်းထွက်သွားသော ကားကြီးနှင့် ဘေးချင်းယှဉ်ကာ ကားသမားကို အော်ဟစ်ရင်း ကျွန်တော် ပြေးလိုက်နေမိသည်။ မဲမှောင်နေသော ဖုန်လုံးများ မီးခိုးငွေ့များက ကွင်းပြင်ထဲတွင် မြင်မကောင်းလောက်အောင် ထောင်းထောင်းထသွားသည်။

တဖြည်းဖြည်းဝေးသွားသော ကားကြီးက ကွေ့ကွေ့ကောက်ကောက်တောလမ်းအတိုင်း ချိုးဝင်သွားပြီး သစ်ပင်များအကြား တိုးဝင်ပျောက်ကွယ်သွားသည်။

ထို့နောက် ကျွန်တော် မင်းလွင်ရှိရာသို့ ပြန်လျှောက်လာခဲ့ရင်း စိတ်ထဲတွင် ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်နေမိသည်။





မင်းလွင်နှင့်အတူ ကျောင်းသားများအားလုံးမှာ ကျွန်တော့်ကို လှမ်းကြည့်နေရင်း သူတို့၏ မျက်နှာပေါ်တွင်လည်း စိုးရိမ်ပူပန်နေကြသည့် အရိပ်အယောင်များကို မြင်နေရသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း တဖြည်းဖြည်း တိတ်ဆိတ်ငြိမ်သက်လာသည်။ စောစောကလို ဝါးရုံပင်မှဝါးများ အချင်းချင်းပွတ်တိုက်သံ၊ ကျေးငှက်များ အော်မြည်သံတို့ကိုပင် မကြားရတော့။

ကျွန်တော်တို့ အုပ်စုအားလုံးမှာ ကားသမားကြီးဆွဲထုတ်ချထားသော ခရီးဆောင်အိတ်များ၊ ပစ္စည်းပစ္စယများရှေ့တွင် ရပ်ရင်း တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ဘာစကားမျှ မပြောမိကြ၊ အမြဲတမ်း ပြောင်လှောင်စနောက်နေသော ချစ်တွေးနှင့် ကျော်လင်းတို့ပင် တိတ်ဆိတ်နေတော့၏။

ခဏအကြာ ခပ်လှမ်းလှမ်းတောစပ်ထဲမှ ဆင်အော်သံများကို ကြားလိုက်ရသည်။ အချိန်က သိပ်မကြာလိုက်...

တစ်ခဏအတွင်းမှာပင် တောတိုးသံများ၊ ဝါးပင်များ ပြိုလဲသံများနှင့် ဆင်အော်သံများက တဖြည်းဖြည်း ပိုပြီးကျယ်လောင်လာသည်။

‘ချွတ်... ဖြောင်း’

‘ဝူး... ဝူး’

ဖြုန်းခနဲ ကြောက်လန့်သွားသည့်စိတ်ကြောင့် ကျွန်တော် လွှတ်ခနဲ အော်ပြောလိုက်မိသည်။

‘ဟင်... ဆင်ရိုင်းတွေ’

ဆင်ရိုင်းများအော်လိုက်သည့် အသံက တစ်တောလုံး ဆူညံနေ၏။ သို့သော် ဆင်ရိုင်းများက ကျွန်တော်တို့အဖွဲ့ရှိရာ ကွင်းပြင်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်မလာသေးချေ။ တောအုပ်ကြီးထဲမှ တဝုန်းဝုန်းပြိုလဲနေသော ဝါးပင်မြင့်မြင့်ကြီးများ သစ်ပင်ကြီးများကို အဝေးမှ လှမ်းမြင်နေရသည်။

ကျွန်တော်တို့ တစ်ဖွဲ့လုံးမှာလည်း သွေးရူးသွေးတန်းဖြင့် ကိုယ့်ပစ္စည်းကို ကိုယ် အလုအယက်သယ်ကြရင်း အော်ကြဟစ်ကြနှင့် ပြောင်းဆန်ကုန်ကြသည်။

ဆင်ရိုင်းများ၏ အော်သံက ကျွန်တော်တို့နှင့် တဖြည်းဖြည်းနီးသည်ထက် နီးလာပြီဖြစ်သည်။

■





## အခန်း (၃)

'ဝူး... ဝူး... '

'ကျွိ... '

ဆင်ရိုင်းများ၏ အော်သံက ကွင်းပြင်၏တစ်ဘက် ဝါးရုံတောထဲမှ နောက်ဘက်စကြိမ် ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရပြန်သည်။

'ငါတို့တော့ ဒုက္ခရောက်ပြီနဲ့ တူပါတယ်'

မင်းလွင်၏ အသံက ကြောက်စိတ်ကြောင့် တုန်တုန်ယင်ယင်ကြီးဖြစ်နေ၏။ မိန်းကလေးများမှာလည်း သူတို့အချင်းချင်း တွယ်ဖက်ကာ ငိုယိုနေကြသည်။ ကျော်လင်း၊ ချစ်ထွေးနှင့် ကျန်သူများအားလုံးမှာလည်း ဝါးရုံတောအတွင်းမှ ထွက်ပေါ်လာတော့မည့် ဆင်ရိုင်းအုပ်စုကြီးကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေကြသည်။ ကျွန်တော်တို့အားလုံး၏ မျက်နှာများတွင် သွေးမရှိတော့၊ မျက်လုံးပြူး မျက်ဆံပြူးတွေနှင့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကွင်းပြင်အစပ်မှ ယိမ်းထိုးလှုပ်ရမ်းနေသော ဝါးရုံပင်ကြီး၏ အောက်ခြေသို့ စူးစူးစိုက်စိုက်ကြည့်ရင်း ကိုယ်ကို အသင့်အနေအထားနှင့် ကျောပိုးအိတ်ကို ပခုံးနှစ်ဖက်တွင် သေသေချာချာ သိုင်းပြီး လွယ်ထားလိုက်သည်။

ထိုအချိန်မှာပင် ဝါးပင်များကြားမှ တိုးထွက်လာသည့် စွယ်စုံဆင်ကြီးတစ်ကောင်ကို ဘွားခနဲ မြင်လိုက်ရသည်။

'ဟိုမှာ... ဟိုမှာ ဆင်ကြီး... ဆင်ကြီး'

မင်းလွင်က စွယ်စုံဆင်ကြီးကိုကြည့်ရင်း ကြောက်ကြောက်လန့်လန့်နှင့် ကုန်းအော်လိုက်သည်။ ထိုဆင်ကြီးကို မြင်လိုက်ရသည်နှင့် မင်းလွင်သာမက ကျွန်တော်သည်ပင် ကြက်သီးမွေးညင်းများထကာ ခေါင်းနပန်းများ ကြီးသွား၏။

ဆင်ကြီး၏ကိုယ်လုံးမှာ ကြီးမားလှပြီး အမြင့်မှာ ရှစ်ပေခန့်ရှိ၏။ တစ်တောင်မကရှည်သော အစွယ်ကြီးက နှာမောင်းရှေ့သို့ ချွန်ထွက်နေပြီး အဖျားနှစ်ဘက်မှာ အပေါ်သို့ ကော့ပျံနေ၏။

ကျွန်တော်တို့အဖွဲ့အားလုံးမှာ ထိုဆင်ကြီးကို မြင်လျှင်မြင်ချင်း နီးရာကျောက်တုံးကြီးများကို အကာအကွယ်ပြုရင်း ပုန်းဝပ်လိုက်ကြသည်။ ထိုကျောက်တုံးကြီးများမှာ လူနှစ်ယောက်သုံးယောက် ပုန်းကွယ်၍ ရနိုင်ပြီး ဟိုတစ်စုသည်တစ်စု ကျဲပြန့်နေသည်။

ကျွန်တော်ပုန်းကွယ်လိုက်ရာ ကျောက်တုံးကြီးတွင် မင်းလွင်၊ ရည်မွန်နှင့် ဆည်းဆာတို့ကိုပါ အတူတွေ့လိုက်ရ၏။ ကျော်လင်းနှင့် ချစ်ထွေးမှာ ကျွန်တော်တို့ ပုန်းအောင်းနေရာ ကျောက်တုံးကြီး၏ အနောက်ဘက်မှ ကျောက်တုံးငယ်တစ်ခုတွင် ဖြစ်နေသည်။





ဆင်ကြီးက နားရွက်နှစ်ခုကို တဖျတ်ဖျတ်ခတ်ရင်း ကျွန်တော်တို့ရှိရာဆီသို့ လှမ်းကြည့်နေသည်။

'ဆင်ရိုင်းတွေလား မသိဘူး'

ကျွန်တော့်ဘေးမှ ရည်မွန်က ကိုယ်ကို ကျောက်တုံးကြီးတွင် ပြားကပ်နေအောင် မှီထားရင်း လေသံတိုးတိုးဖြင့် မေးနေ၏။ ရည်မွန့်စကားကြောင့် သူမဘေးမှ ဆည်းဆာက ကျောက်တုံးကြီးပေါ်မှကျော်ကာ ဆင်ကြီးကို လှမ်းကြည့်ရင်း...

'မဟုတ်လောက်ပါဘူး ဒါ ဆင်စခန်းက သစ်ဆွဲတဲ့ဆင်တွေနဲ့ တူတယ်'

'မဟုတ်ဘူးဆည်းဆာ၊ ဒါ သစ်ဆွဲတဲ့ဆင်မဟုတ်ဘူး၊ ဆင်ရိုင်းတွေ၊ သစ်ဆွဲတဲ့ ဆင်တွေဆိုရင် လည်ပင်းမှာ ခလောက်တွေဆွဲထားတယ်လို့ ငါ့အဖေ ပြောဖူးတာပဲ'

ကျွန်တော့်စကားကြောင့် ဆည်းဆာက အထိတ်တလန့် ဖြစ်သွားသည့်လေသံဖြင့်

'ဟင်... ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ၊ ဆင်တွေ ငါတို့ဆီကို လာတော့မယ်နဲ့ တူတယ်'

မင်းလွင်က သူ့နဖူးမှ တဒီးဒီးစီးကျနေသော ချွေးများကို လက်ဖြင့် သပ်ချလိုက်ရင်း ကျွန်တော်တို့ ပုန်းအောင်းနေရာ ကျောက်တုံးကြီးနှင့် မလှမ်းမကမ်းမှ ဝါးတဲတန်းလျားကို လက်ညှိုးထိုးပြီး...

'ငါတို့ ဟိုနားက တဲထဲမှာ သွားပုန်းရင် ကောင်းမယ်နဲ့ တူတယ်ရဲမြင့်'

ကျွန်တော်က မလှမ်းမကမ်းမှ မြေကွက်လပ်ဘေးတွင် ဆောက်



www.burmeseclassic.com

www.burmeseclassic.com


ထားသော ဝါးတဲတန်းလျားကြီးကို လှမ်းကြည့်လိုက်သည်။

'မရဘူးကွ ဒီတဲလောက်ကို သူတို့ခေါင်းနဲ့ နှစ်ချက်သုံးချက်လောက် ပစ်ဆောင့်ပြီး တိုက်လိုက်ရင် ပြိုကျသွားမှာ၊ ငါ့အဖေ ပြောဘူးတာ ဆင်လိုက်ရင် ဝါးရုံပင်ခပ်ကြီးကြီး ဒါမှမဟုတ် တောင်ကုန်း ခပ်မြင့်မြင့်တွေပေါ် တက်ပြေးရတယ်တဲ့'

ကျွန်တော်က မင်းလွင်ကို စကားလှည့်ပြောပြီး ကျောက်တုံးကြီးပေါ်မှကျော်ကာ ဆင်ကြီးကို လှမ်းပြီး ကြည့်လိုက်ပြန်သည်။ စောစောက စွယ်စုံဆင်ကြီးက ကျွန်တော်တို့ဘက်ကို ကျောပေးပြီး ဝါးရုံပင်ပေါ်မှ အကိုင်းအခက်တို့ကို သူ့နှာမောင်းဖြင့် ရစ်ပတ်ဆွဲလိမ်ချိုးနေသည်။

'နင်တို့အဖေက မုဆိုးလား...'

ရုတ်တရက်မေးလိုက်သော ဆည်းဆာ၏ စကားကြောင့် ကျွန်တော့်စိတ်ထဲတွင် ရယ်ချင်သလိုလို ဖြစ်သွားသည်။

'မဟုတ်ဘူးဟ... ငါတို့အဖေက ဒီတောထဲကို သူ့သူငယ်ချင်းတွေနဲ့အတူ ခဏခဏ အပျော်တမ်း အမဲပစ်ထွက်တာ'

'ဟင်... ဒါဆို ဆင်ရိုင်းတွေနဲ့ရော တွေ့ခဲ့ဖူးတာပေါ့'

ဆည်းဆာက ကျွန်တော့်ကို မျက်လုံးလေးထောင့်ကပ်ပြီး ကလေးတစ်ယောက်လို မေးခွန်းတွေ မေးနေပြန်သည်။

'အေး... တစ်ည အဖေတို့အဖွဲ့တွေ အိပ်မောကျနေတုန်း သူတို့စခန်းချတဲ့ မြောင်ထဲကို ဆင်ရိုင်းတွေ ဝင်လာပြီး မြင်မြင်သမျှ အကုန်လိုက်နင်းတာ အိုးခွက်ပန်းကန်ပါမချန်ဘူး နောက်ပြီး မီးဖိုတွေကိုလည်း ခြေနဲ့ ကန်ထုတ်၊ မီးဖွားတွေကိုလည်း တက်နင်းပြီး ငြိမ်းပစ်တတ်ကြတယ်။ လူတွေဆိုရင် စိစိညက်ညက်ကြေအောင် တက်နင်းပစ်တာ။



တချို့ဆိုရင် နှာမောင်းနဲ့ ရစ်ပတ်ပြီး လွှင့်ပစ်လိုက်တာ ပေနှစ်ဆယ်သုံးဆယ်လောက်အထိ ရောက်တယ်တဲ့'

ကျွန်တော်က စကားကို ခဏဖြတ်ပြီး ဝါးရုံပင်ခြေရင်းမှ စွယ်စုံဆင်ကြီး၏ အရိပ်အခြေကို လှမ်းပြီးကြည့်လိုက်သည်။ ဆင်ကြီးက ဤတစ်ကြိမ်တွင် ဝါးပင်မှ အကိုင်းအခက်တို့ကို ဆွဲလိမ်ချိုးခြင်းမပြုတော့ဘဲ ကျွန်တော်တို့ဘက်သို့ ဘေးတိုက်အနေအထားဖြင့် ရပ်နေပြီး သူ့နားရွက်ကို တစ်ဖျက်ဖျတ်လှုပ်ယမ်းနေ၏။

ကျွန်တော့်စကားကို စိတ်ဝင်တစားနားထောင်နေသော ဆည်းဆာကိုကြည့်ကာ...

'အဲဒီတုန်းက ငါ့အဖေတို့အဖွဲ့ထဲက တစ်ယောက်ဆိုရင် ဆင်ကြီးက ခေါင်းပိုင်းကို ခြေထောက်နဲ့ နင်းထားပြီး ကျန်တဲ့တစ်ပိုင်းကို နှာမောင်းနဲ့ပတ်ပြီး ဆွဲဆန့်ပစ်လိုက်တာ နှစ်ပိုင်းပြတ်သွားပြီး ကိုယ်တစ်ပိုင်းက သစ်ပင်ပေါ်သွားတင်နေတယ်ဆိုပဲ'

ကျွန်တော့်စကားကြောင့် ဆည်းဆာနှင့် ရည်မွန်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ပိုပြီး ပူးကပ်သွားကြသည်။ ချစ်ထွေးတို့အဖွဲ့မှာလည်း ဟိုဘက်ကျောက်တုံးမှ ကျွန်တော်တို့ရှိရာသို့ ကုန်းကုန်းကွကွဖြင့် ရောက်လာကြသည်။

'ပူး... ပူး...'

ကျွန်တော်တို့ လှမ်းကြည့်နေစဉ် စွယ်စုံဆင်ကြီးက လေထဲသို့ သူ့နှာမောင်းကို မြှောက်ကာ အော်လိုက်ရာ ဝါးရုံတောအတွင်းမှ ဆင်များ တစ်ကောင်ပြီးတစ်ကောင် ထွက်လာကြသည်။ ထိုဆင်အုပ်ကြီးမှာ အစွယ်စုံ ဆိုဒ်စုံဖြစ်ပြီး ဆင်ပေါက်ကလေးတစ်ကောင်ပင် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com

အားလုံးပေါင်း ဆယ့်နှစ်ကောင်ရှိပြီး ရှေ့ဆုံးမှ စွယ်စုံဆင်ကြီးမှာ ခေါင်းဆောင်ဖြစ်ဟန်တူသည်။

ဆင်အုပ်ကြီးက ကျွန်တော်တို့ရှိရာဆီသို့ တစ်လှမ်းခြင်း လျှောက်လာနေ၏။ ကျွန်တော်တို့အဖွဲ့မှာလည်း ဘာလုပ်လို့ လုပ်ရမှန်းပင်မသိ၊ ဟိုကျောက်တုံးပြေးပြီး ပုန်းရကောင်းနိုးနိုး၊ မလှမ်းမကမ်းမှ ဝါးတဲအတွင်း ပြေးဝင်ရကောင်းနိုးနိုးနှင့် ဝရုန်းသုန်းကားတွေ ဖြစ်နေသည်။ တချို့မိန်းကလေးများမှာ အော်ဟစ်ငိုယိုနေကြပြီး ဆွဲလားရမ်းလားတွေနှင့် ကသောင်းကနင်းတွေ ဖြစ်ကုန်သည်။

'ကယ်ကြပါဦးဗျို့… ကယ်ကြပါဦး'

'ခဲတွေကောက်… ခဲတွေကောက်… မပြေးကြနဲ့'

'ဒီဘက်ကိုပြေး… ဟိုမှာလာနေပြီ'

တစ်ယောက်တစ်ပေါက် ဝိုင်းအော်လိုက်ကြသော အသံတွေက ပွက်လောရိုက်ကုန်သည်။ ချစ်ထွေး၊ ကျော်လင်းနှင့် အခြားကျောင်းသားများမှာ ခဲများကို ကုန်းကောက်ပြီး ဆင်အုပ်စုကြီးလျှောက်လာရာနေရာဆီသို့ လှမ်းပြီးပစ်နေကြသည်။

ထိုစဉ် ရှေ့ဆုံးမှ ဆင်ကြီးက ကျွန်တော်တို့ရှိရာဆီသို့ လျှောက်လာနေရာမှ ရုတ်တရက်ရပ်တန့်လိုက်သည်။ နောက်မှ အခြားဆင်များမှာလည်း အလိုလို ရပ်တန့်သွား၏။ ထိုစွယ်စုံဆင်ကြီးမှာ နှာမောင်းကို အပေါ်သို့ မြှောက်တင်လိုက်ပြီး 'ကျီ' ခနဲအော်လိုက်၏။

'မလာနဲ့… မလာနဲ့'

မင်းလွင်က အကြောက်လွန်ပြီး မြေကြီးပေါ်သို့ ဒူးထောက်လျက်ပုံလျက်သား ကျသွား၏။ မိန်းကလေးများက အော်ဟစ်ငိုယိုနေကြပြီး





ကွင်းပြင်ကြီးအတွင်း ပြေးမိပြေးရာတို့ကို ပြေးကြ၏။ ကျွန်တော်နှင့်အတူယောကျ်ားလေးများမှာ လက်ထဲတွင် ခဲလုံးများကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ကိုက်နှစ်ဆယ်သုံးဆယ်အကွာမှ ဆင်အုပ်ကြီးကို ကြည့်ကာ ကြက်သေသေနေကြသည်။ ကျွန်တော့်အောက်ခြေတစ်ခုလုံးမှာလည်း တစ်စုံတစ်ယောက်က ဖမ်းဆုပ်ကိုင်ထားသကဲ့သို့ ဘယ်လိုမှ လှုပ်ရှား၍မရတော့။

ထိုစဉ် ဆင်အုပ်ကြီး၏ ခေါင်းဆောင်စွယ်စုံဆင်ကြီးက သူ့ဦးခေါင်းကြီးကို ဘယ်ညာရမ်းပြလိုက် ကျွန်တော်တို့ ရှိရာဆီသို့ တစ်ဟုန်ထိုးပြေးလာမည့်ဟန် လုပ်လိုက်ဖြင့် အမျိုးမျိုး ခြောက်လှန့်နေသည်။

ချစ်ထွေးက ကျွန်တော်တို့ ရပ်နေရာနေရာမှ ရှေ့သို့ တစ်လှမ်းနှစ်လှမ်းတိုးသွားပြီး ကျောက်တုံးကြီးကို အကာအကွယ်ပြုကာ ဆင်အုပ်စုကြီးရှိရာသို့ ခဲလုံးဖြင့် တစ်အားလွှဲပစ်ပေါက်လိုက်သည်။

ချစ်ထွေးပစ်လိုက်သော ခဲက ရှေ့ဆုံးမှ စွယ်စုံဆင်ကြီးအနားက မြေပြင်တွင် သွားပြီးကျ၏။

'ပြေး… ပြေး'

ရုတ်တရက် တစ်ဟုန်ထိုးပြေးလိုက်လာသော စွယ်စုံဆင်ကြီးမှာ နှာမောင်းကို ရှေ့သို့ ဆန့်တန်းပြီး ကျယ်ကျယ်လောင်လောင်ကြီး အော်လိုက်သံက တစ်တောလုံး ပွဲတင်ထပ်သွားသည်။ ကွင်းပြင်ဟင်းလင်းကြီးမှ မြေသားတို့မှာလည်း တုန်ခါလျက်ရှိနေ၏။

ကျွန်တော်က 'ပြေး… ပြေး' ဟု ပါးစပ်ကအော်ရင်း မြေပြင်မှ ကျောက်တုံးကျောက်ခဲများကိုလည်း ကွေ့ပတ်ခုန်ကျော်နေရသည်။

'ဒုတ်… ခွပ်'



www.burmeseclassic.com

www.burmeseclassic.com

'အား...'

ကျွန်တော့်ခြေထောက်က ကျောက်တုံးတစ်တုံးကို တိုက်မိပြီး ဟန်ချက်ပျက်သွားကာ ဘေးမှ ကျောက်တုံးကြီးတစ်ခုဖြင့် ဦးခေါင်းကို တိုက်မိပြီး လဲကျသွား၏။ ကျွန်တော့် မျက်လုံးထဲတွင် ပြာခနဲဖြစ်သွားကာ ဘာကိုမှ မမြင်ရတော့၊ အသံများက ကျွန်တော်နှင့် နီးသည်ထက် ပိုပြီး နီးလာနေကြသည်။

■





## အခန်း (၄)

ကျွန်တော့်မျက်လုံးထဲတွင် ဘာကိုမှ သဲသဲကွဲကွဲမမြင်ရတော့။ ခပ်လှမ်းလှမ်းမှ အစိမ်းရောင် ဖန်လုံးကြီးက လေပွေတစ်ခုလို လှည့်ပတ်ရင်း ကျွန်တော့်အနီးသို့ ရောက်လာလိုက်၊ ဝေးသွားလိုက် ဖြစ်နေသည်။

ရှန်လိုပြီး ခေါ်သူပုန်ထနေဟန်ရှိသည့် ဆင်တို့၏ မာန်ထအော်သံတွေက တဝူးဝူးနှင့် ကျွန်တော့်နားထဲတွင် ပွပွလောင်လောင်။

ကျောင်းသား၊ ကျောင်းသူများ၏ သွေးပျက်ခြောက်ချားဖွယ် အော်ဟစ်ငိုယိုနေကြသည့် အသံများကလည်း ဆူညံနေသည်။

ချက်ချင်းဆိုသလို သွေးရူးသွေးတန်းဖြင့် ကျွန်တော် ကုန်းရုန်းပြီး ထလိုက်၏။ ထိုစဉ် နားကွဲမတတ် ပေါက်ကွဲသံကြီးက တစ်တောလုံး ပွဲတင်ထပ်သွားသည်။

'ဒိုင်း...'



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ကျယ်လောင်လောင် ပေါက်ကွဲသံကြီးနှင့်အတူ ဆင်အုပ်စုကြီး ပြေးလာသံတို့က ပတ်ဝန်းကျင်ကွင်းပြင်ကြီးတစ်ခုလုံး ပြိုကွဲသွားသည့်အလား ထင်လိုက်ရသည်။ ထိုအသံကြီးကြားရာဆီသို့ ကျွန်တော် လှည့်ကြည့်လိုက်ရာ ရိုင်ဖယ်သေနတ်တစ်လက်နှင့်အတူ လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုသူက ရိုင်ဖယ်သေနတ် ပြောင်းဝကို အပေါ်သို့ မြှောက်ရင်း နောက်ထပ်တစ်ကြိမ် ပစ်ခတ်လိုက်ပြန်သည်။

'ဒိုင်း...'

ပြင်းထန်သည့် ယမ်းပေါက်ကွဲသံနှင့်အတူ အဖြူရောင် မီးခိုးငွေ့များ၊ ယမ်းညှော်နံ့များက လေထုထဲတွင် ချက်ချင်း ပျံ့နှံ့သွား၏။

'ဝူ... ဝူး...'

သေနတ်သံကြောင့် ဆင်အုပ်ကြီးမှာ ကစဉ့်ကလျားဖြစ်ပြီး နောက်သို့ ပြန်လှည့်ကာ တောအုပ်ထဲသို့ ကြောက်လန့်တကြား တိုးဝင်ပြေးကြတော့သည်။ ဆင်အုပ်စုကြီး တိုးဝင်သွားသော တောအစပ်မှ သစ်ပင်ဝါးပင်တို့မှာ ဖယ်ိဖရဲနှင့် တဝုန်းဝုန်း ပြိုလဲကုန်ကြသည်။

●





အရာအားလုံး တဖြည်းဖြည်းခြင်း ပုံမှန်အတိုင်း အသက်ပြန်ဝင်လာသည်။ မင်းလွင်တို့ ချစ်ဆွေတို့ ကျော်လင်းတို့မှာလည်း ပြေးရင်းလွှားရင်း ကျွတ်ကျကျန်ခဲ့သည့် သူတို့၏ဖိနပ်များကို ကွင်းပြင်ထဲတွင် လိုက်ကောက်နေ၏။ ဆည်းဆာတို့ မိန်းကလေးအုပ်စုမှာ ကျွန်တော်တို့နှင့် တော်တော်ဝေးဝေးသို့ ရောက်နေရာမှ ဖြည်းဖြည်းချင်း ပြန်လျှောက်လာနေကြသည်။

'ဟား... ဟား... ဟား အခုတော့လဲ ဒီကောင်တွေ အမြီးကို တန်းနေတာပဲ'

သေနတ်သမားကြီးက သူ့ရိုင်ဖယ်သေနတ်ကို ပခုံးပေါ်သို့ ဟန်ပါပါလှမ်းတင်ရင်း ဆင်ရိုင်းများ ထွက်ပြေးကြပုံကို သဘောကျနေ၏။ သူက နောက်မလှမ်းမကမ်းတွင် ကျောက်သယ်သည့် နောက်ပွင့် ထရပ်ကားတစ်စီးကိုပါ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုယ်ပေါ်မှ ဖုန်များကို တဖျတ်ဖျတ် ပုတ်ခါရင်း အနည်းငယ်ဖူးရောင်သွားသည့် ချိုစောင်းမှ ဒဏ်ရာကို လက်ဖြင့် ပွတ်သပ်နေမိသည်။ ကျန်သူများအားလုံးမှာလည်း ယခုမှပင် ပြုံးနိုင်ရယ်နိုင်ကြတော့သည်။ တချို့ကလည်း အသက်ဘေးမှ သီသီကလေးလွတ်လာသည်ကို အော်ဟစ်ခုန်ပေါက်ပြီး တစ်ယောက်နှင့်တစ်ယောက် အလုအယက် ပြန်ပြောနေကြသည်။

'ကြည့်စမ်းပါဦး အခုကျတော့လည်း ယုန်ကလေးတွေ ကျနေတာပဲ'

သေနတ်သမားက ပခုံးပေါ်မှ သေနတ်ကို အောက်သို့စိုက်ချလိုက်ရင်း အောင်မြင်ခန့်ညားသော အသံဝါကြီးဖြင့် ကျွန်တော်တို့အုပ်စုကို လှမ်းပြောလိုက်၏။

ထိုလူကြီးမှာ ရှပ်အင်္ကျီလက်တို အစိမ်းရောင်ကို ဝတ်ဆင်ထားပြီး လက်မောင်းနှစ်ဖက်စလုံးတွင် လေးထောင့်သဏ္ဌာန် တံဆိပ်နှစ်ခုကို တပ်ဆင်ထားသည်။ ထိုတံဆိပ်ပေါ်တွင် ရွှေမိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီဟု ရေးထားသော အင်္ဂလိပ်စာတန်းလေးကို တွေ့လိုက်ရသည်။

'ဩော်... ဒီလူကြီးက ငါတို့ကို လာခေါ်ဖို့ ရွှေမိုင်းက လွှတ်လိုက်တဲ့ ကားသမားကြီးကိုး'

ကျွန်တော်က ရှေ့မှ ကျောက်တုံးကြီးတစ်ခုကို ခွကျော်ပြီး မင်းလွင်ရှိရာဆီသို့ လျှောက်သွားလိုက်ပြီး...

'မင်းလွင်... မင်းအဆင်ပြေရဲ့လား... ဘာဖြစ်သွားသေးလဲ'

'အေး... ဘာမှတော့ မဖြစ်ဘူးထင်တာပဲ'

မင်းလွင်က ကျွန်တော့်အမေး ကို မရေမရာနှင့် ပြန်ဖြေနေ၏။





သူ့မျက်နှာပေါ်တွင်လည်း အကြောက်ပြေသေးပုံမရ။

'ငါတို့အားလုံးလည်း ဘာမှမဖြစ်ကြဘူး အိုကေကြတယ်'

ကျွန်တော့်နောက်မှ ကျောကုန်းကို ခပ်ဖွဖွထုရင်း ဆည်းဆာက လှမ်းပြောလိုက်သည်။ သူ့မျက်နှာမှာ အသက်ဘေးမှ သီသီကလေး လွတ်မြောက်လာခဲ့ရသည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားဖြစ်နေပုံနှင့် တူနေသည်။

ထို့နောက် ကျွန်တော်တို့အားလုံး သေနတ်သမားကြီး၏ ရှေ့တွင် စုရုံးပြီး ရပ်လိုက်ကြသည်။ ထိုသေနတ်သမားကြီးမှာ ဗလကောင်းကောင်းနှင့် အရပ်ထောင်မထောင်မောင်းမောင်း ဖြစ်သဖြင့် ကျွန်တော်တို့အားလုံးက သူ့ကို မော့ပြီးကြည့်နေရသည်။ သူ့အသားအရေမှာ အဖြူဘက်သို့ပါသော်လည်း မျက်နှာတစ်ပြင်လုံးမှာ နေလောင်ခံထားရသဖြင့် နီစပ်စပ်ဖြစ်နေ၏။ လက်တစ်ဆုပ်စာခန့်ရှိသည့် ဆံပင်များမှာ သူ့ဦးခေါင်းထိပ်တစ်ဝိုက်တွင် တွန့်လိမ်ပြီး ပေါက်နေကြသည်။ သိန်းငှက်နှုတ်သီးကဲ့သို့ ချွန်ချွန်ကောက်ကောက်ဖြစ်နေသော သူ့နှာခေါင်းကြီး၏အောက်တွင် နီကြောင်ကြောင် နှုတ်ခမ်းမွေးကြီးက နှုတ်ခမ်းပေါ်အထိ ကျနေသည်။

သေးငယ်နက်မှောင်သော မျက်လုံးအစုံက ထူထပ်စွာပေါက်နေသည့် မျက်ခုံးနှစ်ဖက်အောက်တွင် ချိုင့်ဝင်နေကာ အရာရာကို ထက်ထက်မြက်မြက်ရှိသည့် ဥပမိရုပ်မျိုး ဖြစ်နေသည်။

'ကဲ...ကိုယ့်လူတို့... ငါ့နာမည် ဦးသြလို့ခေါ်တယ်၊ ငါက မင်းတို့အလုပ်ဝင်ကြမယ့် ရွှေမိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီက ဝန်ထမ်းသစ်လေ့ကျင့်ရေးမှူးပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီးက ပြောလက်စစကားကို ခဏရပ်ရင်း ကျွန်တော်တို့အားလုံး၏ မျက်နှာများကို အကဲခတ်သလိုမျိုး စေ့စိုက်ကြည့်လိုက်သည်ပြီးမှ…

'မင်းတို့အားလုံးကို ရွှေမိုင်းသတ္တုတွင်းက ကြိုဆိုပါတယ်'

ဦးသြဆိုသူ၏ အသံက အနည်းငယ်မြှင့်ပြီး ပြောလိုက်သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး ဟိန်းထွက်သွားသည်။ သူက ရပ်ထားသော နောက်ပွင့် ထရပ်ကားကြီးနားသို့သွားကာ ရိုင်ဖယ်သေနတ်ကို ကားတွင်မှီပြီးထောင်လိုက်၏။ ထို့နောက် ကျွန်တော်တို့ တန်းစီရပ်နေရာ နေရာသို့ တစ်လှမ်းခြင်းလျှောက်လာပြီး တစ်ယောက်ချင်းစီ၏ မျက်နှာများကို စေ့စေ့စိုက်စိုက်ကြည့်ကာ အကဲခတ်နေသည်။

ဦးသြ၏ အစိမ်းရောင်ရုပ်အင်္ကျီ၏ အောက်တွင် သူ့ဗိုက်ခေါက်ကြီးက ရှေ့သို့ စူထွက်နေသဖြင့် ကြယ်သီးတစ်လုံးက ပြုတ်ထွက်နေသည်။

'ဖြောင်း… ဖြောင်း'

ကျွန်တော်တို့ အားလုံးကို လှည့်ပတ်ကြည့်ပြီး ဦးသြက လက်ခုပ် နှစ်ချက်တီးလိုက်သည်။ ဦးသြ၏ လက်ခုပ်သံကြောင့် ရပ်ထားသော နောက်ပွင့်ထရပ်ကားကြီးပေါ်မှ လူနှစ်ယောက် ဆင်းလာကြသည်။ ထိုသူနှစ်ယောက်မှာလည်း ဦးသြကဲ့သို့ပင် အစိမ်းရောင်ရုပ်အင်္ကျီနှင့် ဘောင်းဘီအဖြူအတိုကို ဝတ်ဆင်ထားကြသည်။ သူတို့၏ မျက်နှာများမှာလည်း အလုပ်ကို အလေးအနက်ထားပုံရသည်။

'ဒီပစ္စည်းတွေကို ကားပေါ်တင်လိုက်'

အသံသြကြီးနှင့် အမိန့်ပေးလိုက်သော ဦးသြ၏ အသံက မာထန်





ပြတ်သားလွန်းနေသည်။ ဒီနေရာတွင် ကျွန်တော်တို့ကိုလာကြိုရင်း နောက်ကျသည့်အကြောင်းကိုလည်း အခုအချိန်အထိ မပြောသည့်အပြင် ကျွန်တော်တို့ တစ်ဖွဲ့လုံးကို အန္တရာယ်ပေးတော့မည့် ဆင်ရိုင်းများနှင့် ပတ်သက်၍လည်း ဘာတစ်ခုမှ မရှင်းပြ၊ မင်းတို့ ဘာဖြစ်သွားကြသေးလဲဟူသည့် စကားပင် တစ်ခွန်းတလေမျှ မမေးချေ။

ကားပေါ်မှ ဆင်းလာသူနှစ်ဦးမှာ ကွင်းပြင်ပေါ်တွင် ပြန့်ကျဲနေသည့် ခရီးဆောင်အိတ်များ ပစ္စည်းသေတ္တာများကို ကားပေါ်သို့ တစ်ခုပြီးတစ်ခု ဆွဲတင်နေကြသည်။

ဦးသြက ကျွန်တော်တို့ကို ကြည့်ပြီး…

'ဒီတစ်ခေါက်ရောက်လာတဲ့ ဝန်ထမ်းသစ်တွေက ဆိုးတော့မဆိုးပါဘူး။ မိန်းကလေးတွေနေ[illegible]မယ့် စခန်းက ဒီကနေဆက်သွားလို့ ဆင်သေချောင်းကိုကျော်ရင် ရောက်ပြီ။ ပြီးရင် ယောကျ်ားလေးတွေ စခန်းချမယ့်နေရာကို ဆက်သွားမယ်'

'ကျွန်မတို့ အခုစခန်းချမယ့်နေရာမှာရော ဆင်ရိုင်းတွေရှိသလား'

ဦးသြက ရည်မွန်စကားကို မကြားဟန်ပြုပြီး ကားပေါ်သို့တက်သွား၏။ ထို့နောက် ကျွန်တော်တို့အားလုံးလဲ ဘာစကားမှမပြောဘဲ ကျောက်သယ်သည့် နောက်ပွင့်ထရပ်ကားကြီးပေါ်သို့ တက်လိုက်ကြသည်။

ကျွန်တော်က ကားပေါ်ရောက်သည်နှင့် မင်းလွင်ကို မျက်လုံးဖေ့ယမ်းပြီး ရှာဖွေကြည့်လိုက်၏။ မင်းလွင်ကတော့ ကားနောက်မြီးနားတွင်ထိုင်နေကာ သူ့မျက်နှာက လူမမာတစ်ယောက်လို ဖြူဖပ်ဖြူရော်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မင်းလွင်ရှိရာဆီသို့ တရွေ့ရွေ့တိုးသွားလိုက်ရင်း သူ့ပခုံးနှစ်ဘက်ကို လက်ဖြင့် ဆုပ်ကိုင်ကာ သူ့ဘေးတွင် ဝင်ပြီးထိုင်လိုက်သည်။ မင်းလွင်က ကျွန်တော့်ကို ပြန်မော့ကြည့်ရင်း…

'ငါ… အရမ်းကြောက်တယ်ကွာ… '

'ငါတို့ အခု ဘာမှမဖြစ်တော့ပါဘူးကွာ၊ နောက်ဆို ပျော်စရာတွေနဲ့ချည်းပဲ ကြုံရတော့မှာ'

ကျွန်တော်က သူ့ပခုံးနှစ်ဖက်ကို အနည်းငယ်ဖျစ်ညှစ်ပြီး အားပေးစကား ပြောလိုက်၏။ သူက…

'ငါ… ဗိုက်အရမ်းဆာတယ်ကွာ၊ မနက်တည်းက ဘာမှမစားရသေးဘူး'

အားပေးစကားပြောလိုက်မှ ဒင်းက အထွန့်တက်လာနေပြန်သည်။ မင်းလွင်၏ စကားကို နားစွန်နားဖျားကြားလိုက်သော ဦးညြ၏ လူတစ်ယောက်က…

'မင်းသာ အခုနေ စခန်းကကျွေးတဲ့ထမင်းနဲ့ ဟင်းကို တစ်လုပ်လောက် စားလိုက်ရင် ဗိုက်ဆာတယ်လို့ ပြောမိတာ နောင်တရသွားလိမ့်မယ်'

'ဗျာ… '

ထိုသူ၏ စကားကြောင့် မင်းလွင်၏ မျက်နှာရှုံ့မဲ့သွား၏။

ကျောက်သယ်သည့် ကားပေါ်တွင် ကျွန်တော်တို့အုပ်စု အကုန်လုံးမှာ လုံးထွေးကျပ်ညှပ်နေအောင် ထိုင်နေရသည်။ လမ်းက မညီမညာနှင့် ကားက တိမ်းလိုက်စောင်းလိုက် ဖြစ်သွားသောအခါ ကိုင်စရာ လက်ကိုင်တန်းဟူ၍ပင် မရှိချေ။

ကြောင်နှစ်ကောင်စာအုပ်တိုက်



ကျွန်တော်က မင်းလွင်၏ ပခုံးပေါ်လက်တစ်ဖက်တင်ရင်း တစ်ထောင်းထောင်းထပြီး ကားနောက်မှ လိုက်ပါလာသည့် ဖုန်လုံးကြီးကို ကျွန်လက်တစ်ဖက်ဖြင့် ယပ်နေရသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း စခန်းချမည့်နေရာမှာ ဘယ်လိုပုံစံမျိုး ဖြစ်မလဲဟုတွေးပြီး အမြန်ဆုံးရောက်ချင်နေမိသည်။

'ကျွန်တော်တို့ စခန်းချမယ့်နေရာရောက်ဖို့ ဘယ်လောက်လိုသေးလဲ'

ကျွန်တော်က မလှမ်းမကမ်းမှ ဦးညြ၏ လူကို လှမ်းမေးလိုက်သည်။ ကားအင်ဂျင်စက်သံကြောင့် ကျွန်တော့်အသံကို မကြားသည်ပဲလား တမင် မကြားချင်ဟန်ဆောင်နေသည်ပဲလားမသိ၊ ထိုသူက ဘာတစ်ခွန်းမှပင် ပြန်မပြောချေ။

မကြာမီ 'ရွှေမိုင်းသတ္တုတူးဖော်ရေးစခန်း' ဟု ရေးထားသော သစ်သားဆိုင်းဘုတ်ကြီးတစ်ခုကို လှမ်းမြင်လိုက်ရသည်။ ကျွန်တော်တို့အဖွဲ့ထဲမှ တစ်ယောက်က လက်မှနာရီကို ငုံ့ကြည့်ပြီး မကျေမနပ်နှင့် ရေရွတ်လိုက်၏။

'ဟို… ပထမကားသမားက ဘာဖြစ်လို့ ဒီကိုရောက်အောင် တစ်ခါတည်း မပို့တာလဲ၊ ကြည့်စမ်း ဟိုနေရာနဲ့ဆို ငါးမိနစ်လောက်ပဲ မောင်းရတဲ့ဟာ'

ကားက မြေကွက်လပ်တစ်ခုကိုဖြတ်ပြီး ကျောက်ခင်းလမ်းလေး အတိုင်း ချိုးဝင်လိုက်သည်။ လမ်းကျဉ်းကလေးအတိုင်း တော်တော်ကလေးသွားပြီး တောင်ကျချောင်းတစ်ခုကို ဖြတ်လိုက်သည်။ ထိုချောင်းက ဆင်သေချောင်းဟု အမည်ပေးထားသော်လည်း မိုးမရွာသဖြင့် ချောင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ထဲတွင် ရေအနည်းငယ်သာရှိသည်။ ထိုချောင်း၏ တစ်ဖက်တွင် ယာယီ တဲငယ်လေးများကို အများအပြားတွေ့နေရ၏။

'ကဲ… ဒါ မိန်းကလေးတွေ စခန်းချရမယ့်နေရာပဲ'

ထိုယာယီတဲကလေးများအနီးသို့ အရောက်တွင် ကားကို ဘရိတ် နင်းလိုက်ရင်း ရှေ့ခန်းမှ ဦးသြက အသံဝါဝါကြီးဖြင့် လှမ်းအော်ပြောလိုက် သည်။ ကားရပ်လျှင်ရပ်ချင်း မိန်းကလေးလေးယောက်မှာ အထုပ်အပိုး များကိုယ်စီနှင့် ကားပေါ်မှဆင်းလိုက်ကြသည်။

ဆည်းဆာက နောက်ဆုံးမှဆင်းပြီး ကျွန်တော့်ကို လက်ပြနှုတ် ဆက်ရင်း ကျန်ခဲ့သည်။

ခဏကြာပြီးနောက် ကျွန်တော်တို့ ယောကျ်ားလေးများစခန်းချ မည့်နေရာသို့ ရောက်လာသည်။ စခန်းချမည့်နေရာတွင် အတန်းလိုက် အစီအရီ ဆောက်ထားသည့် အဖြူရောင်တဲကလေးများကို ကားပေါ်မှ လှမ်းမြင်နေရသည်။

ပြေပြေလျော့လျော့ဖြစ်နေသော တောင်ကုန်းလေးပေါ်တွင် ဆေး အဖြူရောင်သုတ်ထားသော တဲကြီးတစ်လုံးကိုလည်း လှမ်းတွေ့ရသည်။ ထိုတဲကြီးမှာ သပ်ရပ်ခန့်ညားလှသဖြင့် အစည်းအဝေးခန်းမ ဒါမှမဟုတ် ကမ္ဘဏီမှ လူကြီးများနေသည့်အခန်း ဖြစ်ပုံရသည်။

ထိုတဲကြီးနှင့် ခပ်လှမ်းလှမ်းအကွာမှ မြေကွက်လပ်တွင် ရုပ်အင်္ကျီ အစိမ်းရောင်နှင့် အဖြူရောင်ဘောင်းဘီတိုတို့ကို ဝတ်ဆင်ထားသော လူသုံးဦးက အသားပြားများ ကင်ရန် မီးမွေးနေကြသည်။

'ဟော့… မင်းလွင် ငါတို့ စားရတော့မယ်ကွ'

ကျွန်တော်က အသားများကို ခုတ်ထစ်နေသော ဦးသြ၏ လူများ





ကိုကြည့်ရင်း မင်းလွင်ကို လှမ်းပြောလိုက်သည်။ ဒီကောင်က အစား အသောက်အကြောင်းပြောရုံနှင့် သွားရည်တမျှားမျှားကျတတ်သူ ဖြစ်၏။ ချက်ချင်းဆိုသလို သူ့မျက်နှာမှာလည်း ဝင်းခနဲ လက်ခနဲ ဖြစ်သွားသည်။

တဲတန်းလေး၏ အဆုံးသို့ရောက်သောအခါ ကားက ရုတ်တရက် ရပ်သွား၏။ ဦးသြက ကားရှေ့ခန်းတံခါးကိုဖွင့်ပြီး အောက်သို့ ဆင်း လာကာ ကျွန်တော်တို့ရှိရာ ကားအနောက်ဘက်သို့ လျှောက်လာသည်။

'ကဲ… အားလုံးဆင်းကြ မင်းတို့ကို ဒီက သင်တန်းဆရာတွေက နေရာလိုက်ချပေးလိမ့်မယ်။ သူတို့ နေရာချပေးတဲ့အတိုင်း ကိုယ့်အခန်း ကို ကိုယ်တန်းစီပြီး စနစ်တကျ သွားကြပါ။ မင်းတို့ ပစ္စည်းတွေ နေရာတကျထားပြီးလို့ ညနေစာစားပြီးရင် မီးပုံပွဲမှာ ငါနဲ့ ပြန်တွေ့ကြ မယ်'

ဦးသြ၏ စကားအဆုံးတွင် ကျွန်တော်တို့တစ်ဖွဲ့လုံးမှာ အသံသေး အသံကြောင်များဖြင့် အော်ဟစ်ရင်း ကားပေါ်မှ အလုအယက် ဆင်းလိုက် ကြသည်။ ချစ်တွေးမှာ အပျော်လွန်ပြီး အခြားကျောင်းသားတစ်ယောက် ၏ ကျောကုန်းပေါ်သို့ပင် ခွစီးလိုက်သေး၏။ ကျွန်တော်တို့ အားလုံး အပျော်ကြီးပျော်နေကြသည်မှာ အသက်လုပြီးပြေးခဲ့ရသည့် နေ့လည်က အဖြစ်ကိုပင် မေ့ပျောက်သွားကြသည်။

ကျွန်တော်က ကားအောက်သို့ ဆင်းလျှင်ဆင်းချင်း သန့်ရှင်းလတ် ဆတ်သည့် သဘာဝလေကို အားပါးတရ ရှူသွင်းလိုက်သည်။ စောစော က ကားပေါ်မှ လှမ်းမြင်လိုက်ရသည့် အဖြူရောင်ဘိုတဲကြီး၏ နောက်တွင် စီတန်းစိုက်ထားသော အမြဲစိမ်းအပင်ပုလေးများကို အခုမှ အထင်အရှား လှမ်းမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


ထို အမြစ်မီးအပင်ပုကလေးများ၏ တစ်ဘက်တွင် တောင်ကျချောင်းကလေး၏ ရေစီးသံခပ်တိုးတိုးလေးကို ကြားနေရသည်။ သို့သော် ချောင်းကိုတော့ မမြင်ရချေ။

●



မင်းလွင်၊ ကျော်လင်း၊ ချစ်ထွေးနှင့် ကျွန်တော်မှာ တဲတစ်ခုတည်းတွင် အတူနေခွင့်ရသည်။ ကျွန်တော်တို့နေရမည့်တဲ၏ နံပါတ်မှာ လေးဖြစ်သည်။ အမှန်တော့ ဒီတဲများကို နာမည်လှလှလေးများ ပေးထားဖို့ကောင်းသည်။ အခုတော့ နံပါတ်စဉ်အတိုင်း သတ်မှတ်ထားသော အခန်းအတွင်း ကျွန်တော်တို့လေးယောက်မှာ လုပ်ငန်းသုံးပစ္စည်းများ ခရီးဆောင်အိတ်များ မနိုင်တနိုင် သယ်ပိုးရင်း ဝင်လာကြ၏။

ကျွန်တော်တို့နေကြမည့် အမှတ် လေး တဲမှာ အနည်းငယ်ကျဉ်းပြီး မျက်နှာကျက်အမိုးပြားများက ခပ်နိမ့်နိမ့်ဖြစ်သည်။ ဘေးနှစ်ဘက်တွင် ပြတင်းပေါက်တစ်ပေါက်စီရှိ၏။ တဲအတွင်းမှ နံရံသုံးဘက်လုံးတွင် နှစ်ထပ်ခုတင်တစ်ခုစီ ချထားသဖြင့် လူခြောက်ယောက် ကောင်းကောင်းအိပ်နိုင်သည်။ ပစ္စည်းပစ္စယာများကို ခုတင်ခြေရင်းတွင် ကပ်ပြီးချ


www.burmeseclassic.com

www.burmeseclassic.com

ထားသဖြင့် အခန်း၏ အလည်ခေါင်တွင် အနည်းငယ်ကျယ်ဝန်းသော ကွက်လပ်ကလေးတစ်ခုဖြစ်နေသည်။

ကျွန်တော်တို့ အိပ်ရန် ခုတင်များမှာ အဆင်ပြေချောမွေ့သော်လည်း အခန်းအတွင်း ရေချိုးခန်းက ရှိမနေသဖြင့် တခြားနေရာတစ်ခုခုတွင် သွားချိုးရလိမ့်မည်ထင်၏။

ကျွန်တော်တို့ လေးယောက်သား တဲအတွင်းလှည့်ပတ်ရင်း ကြည့်လိုက်ရာ ခုတင်တစ်လုံးက နေရာယူထားပြီးသား ဖြစ်နေသည်ကို တအံ့တသြဖြင့် တွေ့လိုက်ရသည်။

'ဟင်... ဒီခုတင်က လူရှိပြီးသားပဲ'

ကျွန်တော်က ထိုခုတင်ဆီးမှနေ၍ မင်းလွင်တို့ ချစ်ထွေးတို့ကို လှမ်းပြောလိုက်သည်။ ထိုခုတင်ပေါ်တွင် စောင်အစိမ်းတစ်ထည်ကို သပ်သပ်ရပ်ရပ်ခေါက်ထားပြီး ထိုစောင်၏ဘေးတွင် အားကစားဂျာနယ်တချို့နှင့် ကက်ဆက်တစ်လုံးပါ ရှိနေသည်။

ချစ်ထွေးက ခုတင်ပေါ်မှ ကက်ဆက်ကို ကောက်ယူကြည့်လိုက်ရင်း ကျွန်တော့်ကို လှမ်းပြော၏။

'ဒါ... ငါတို့ကို သင်တန်းပေးမယ့် သင်တန်းဆရာရဲ့ အိပ်ရာနဲ့တူတယ်ကွ'

ကျော်လင်းက အခြားခုတင်တစ်ခုပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ရင်း...

'ငါတော့ ဒီစခန်းက ပုံမကျပန်းမကျ ရုပ်အင်္ကျီအစိမ်းရောင်ကြီး မဝတ်ချင်ဘူး'

ကျော်လင်း၏ စကားကို ကျွန်တော်တို့သုံးယောက်က ဘာမှ





တုံ့ပြန်ပြီး မပြောကြချေ။

ညနေနေဝင်ခါနီးပြီဖြစ်သဖြင့် တဲထဲတွင် အတော်ကလေး မှောင်နေ၏။ သို့သော် ကျော်လင်းကတော့ သူ့နေကာမျက်မှန်အမည်းကြီးကို အခုအချိန်အထိ တပ်ထားတုန်းပင်။ ချစ်ထွေးက ကျော်လင်းထိုင်နေရာ ခုတင်အပေါ်မှ အိပ်ရာဆီသို့ လှေကားလေးအတိုင်း တက်သွားပြီး နေရာယူလိုက်၏။ သူတို့နှစ်ယောက်အတွက်ကတော့ နေရာနှင့်ပတ်သက်ပြီး ဘာမှပြဿနာမရှိ။ ကျွန်တော်နှင့် မင်းလွင်ကသာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။ မင်းလွင်က...

'ငါ အောက်မှာနေလို့ရမလား ရဲမြင့်၊ ငါက ညဘက်အိပ်ရင် ဟိုလိမ့်ဒီလိမ့် လိမ့်တတ်တယ်ကွ တော်ကြာ အပေါ်မှာနေရင် အောက်ကိုပြုတ်ကျမှာ ကြောက်ရတယ်'

'အေးပါ... မင်းသဘောပဲ'

ကျွန်တော်က မင်းလွင်၏ဆန္ဒကို လိုလိုလားလားပင် ခွင့်ပြုလိုက်သည်။ တကယ်ဆိုလျှင် ကျွန်တော်လည်း အောက်တွင် မအိပ်ချင်ပါ။ အပေါ်မှာနေရသည်က ကျွန်တော့်အတွက် ပိုပြီး အဆင်ပြေမည် ထင်မိသည်။

'ဟော့ကောင်တွေ မင်းတို့ ညဘက်အိပ်ရင် မဟောက်နဲ့နော်'

ကျော်လင်းက သူ့ခုတင်ပေါ်တွင် ခါးဆန့်ရင်း ကျွန်တော်တို့ကို လှမ်းအော်ပြောလိုက်သည်။ ချစ်ထွေးက...

'ဒီညတော့ မအိပ်တော့ဘူးကွာ၊ ငါတို့တွေ မီးပုံပွဲမှာ တစ်ညလုံး ပျော်ကြမယ် ဘယ်လိုလဲ'

ချစ်ထွေးက သူ့အကြံကို အားလုံးက သဘောတူကြဖို့ တောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



နေသလို ပြောလိုက်သည်။ ထိုစဉ် တဲတံခါးမကြီးက ဝုန်းခနဲ ပွင့်ထွက်သွားပြီး လူတစ်ယောက်အတွင်းသို့ ဝင်လာ၏။ ထိုသူမှာ ကုမ္ပဏီဝတ်စုံကို ဝတ်ဆင်ထားပြီး မီးခိုးရောင်ပလတ်စတစ်အိတ်ကြီးတစ်လုံးကို လက်တွင် ဆွဲလာသည်။ သူ့ပုံစံမှာ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်ပြီး မျက်နှာတစ်ခုလုံးတွင် ကျောက်ပေါက်မာများဖြင့် ပြည့်နှက်နေသည်။

'ဟေ့ကောင်တွေရေ့... ဒီအထဲမှာ မင်းတို့အတွက် အိပ်ရာခင်းဖို့ ပစ္စည်းတွေ'

ထိုသူက အခန်းအတွင်းသို့ တစ်လှမ်းချင်း လျှောက်ဝင်လာရင်း သူ့လက်ထဲမှ ပလတ်စတစ်အိတ်မည်းကြီးကို ကျွန်တော်တို့ရှိရာသို့ ပစ်ချလိုက်သည်။ ပြီးမှ ပြတင်းပေါက်ဘေးမှ ကက်ဆက်တင်ထားသော ခုတင်ကို လက်ညှိုးထိုးရင်း...

'ဟိုခုတင်ပေါ်က ငါ့အိပ်ရာလို သပ်သပ်ရပ်ရပ်ဖြစ်အောင် ခင်းကြ'

'ခင်ဗျားက ကျွန်တော်တို့ရဲ့ သင်တန်းဆရာလား'

'ဟုတ်တယ်... မင်းတို့ ငါနဲ့ အတူတူတစ်ခန်းတည်းနေရတာ ကံကောင်းတယ်မှတ်'

ကျွန်တော်တို့လေးယောက်မှာ သူနှင့် တစ်ခန်းတည်း အတူနေခွင့်ရ၍ ဘာကို ကံကောင်းကြမှန်းလည်းမသိ။ ထိုသူထံမှ ဆက်ပြီးကြားရမည့်စကားကိုငေးပြီး နားထောင်နေစဉ် သူက ဘာမှဆက်မပြောဘဲ အခန်းအတွင်းမှ အပြင်ဘက်သို့ လှည့်ထွက်ရန် ပြင်လိုက်သည်။

'ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ'

'သိုက်လူ'





ပွင့်နေသော တံခါးပေါက်ကြီးရှေ့တွင် ကျွန်တော်တို့ကို ကျောခိုင်းရပ်ကာ သူ့နာမည်ကို ပြန်ပြောလိုက်၏။ ထို့နောက် သူ့လက်နှစ်ဖက်ကို ခါးပေါ်သို့ ဟန်ပါပါထောက်ရင်း နောက်သို့ လှည့်မကြည့်ဘဲ။

'မင်းတို့ပစ္စည်းတွေ ထားဖို့အတွက် နေရာကတော့ လုရလိမ့်မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ပစ္စည်းထည့်တဲ့ လော်ကါနှစ်လုံးက ကြပ်ပြီး ဖွင့်လို့မရတော့ဘူး။ ကောင်းတဲ့အထဲမှာပဲ အားလုံး စုထည့်ကြပေတော့'

ထိုသူမှာ ကျွန်တော်တို့ကိုပြောပြီး ရှေ့သို့ တစ်လှမ်းနှစ်လှမ်း လျှောက်သွားပြီးမှ ကျွန်တော်တို့ရှိရာသို့ ဖျပ်ခနဲလှည့်ကာ...

'သြော်... မင်းတို့ကို တစ်ခုပြောထားဦးမယ်၊ ငါ့ပစ္စည်းတွေကို ငါမသိဘဲ ကိုင်တာကို ငါ လုံးဝမကြိုက်ဘူး။ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်းနေကြ ဒါပဲ'

ပြောပြောဆိုဆို ဦးသိုက်လူဆိုသောသူမှာ အခန်းပေါက်ဝမှ တံခါးကို အရှိန်ပြင်းပြင်းနှင့် ဆွဲပိတ်လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်တို့လေးယောက်သား တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။ ကျော်လင်းက...

'တော်တော်ဟုတ်တဲ့လူ၊ သူ့ပစ္စည်းတွေကို ငါတို့က ဘာဖြစ်လို့အားအားယားယား သွားကိုင်ရမှာလဲ'

ကျွန်တော်တို့ အားလုံးမှာ ဦးသိုက်လူ ပစ်ချသွားသော ပလတ်စတစ်အိတ်မည်းကြီးကို ဝိုင်းဝန်းဖြည်ချလိုက်ပြီး အထဲမှ အိပ်ယာခင်းများ ဓွမ်းစောင်များကို အလုအယက် ဆွဲထုတ်လိုက်ကြသည်။ ချစ်ထွေးနှင့် ကျော်လင်းမှာ စောင်တစ်ထည်ကိုလုရင်း နပန်းလုံးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိပ်ယာခင်းတစ်ခုကို မွေ့ယာပေါ်သို့ လှမ်းတင်လိုက်ပြီး အိပ်ယာခင်းရှေ့ အပေါ်ဆင့်မှ ခုတင်ပေါ်သို့ လှေကားလေးအတိုင်း လှမ်းတက်လိုက်သည်။

လှေကားတစ်ဝက်ခန့်ရောက်သည့်အချိန်မှာပင် မင်းလွင်၏ ကြောက်လန့်တကြားအော်လိုက်သံကြီးကို ကြားလိုက်ရလေသည်။

'အား...'

■





## အခန်း (၅)

မင်းလွင်က ကျွန်တော့်အောက်ထပ်မှ ခုတင်တွင် အိပ်ယာခင်းနေခြင်းဖြစ်၏။ သူအော်လိုက်သည့်အသံကြောင့် ကျွန်တော်မှာ အောက်သို့ ပြုတ်ကျလုမတတ်ပင် ဖြစ်သွားသည်။ မင်းလွင်က သူ့ခုတင်ပေါ်သို့ ထိတ်ထိတ်ပြာပြာ မျက်လုံးများဖြင့် စိုက်ကြည့်နေရင်း ပါးစပ်အဟောင်းသားနှင့် နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။ ကျွန်တော်က ခုတင်ပေါ်မှ ခုန်ဆင်းလိုက်ပြီး...

'မင်းလွင်... ဘာဖြစ်တာလဲ'

'မြွေ... မြွေတွေ'

မင်းလွင်က ဖယိုဖရဲဖြစ်နေသော သူ့ခုတင်ကိုကြည့်ကာ ကတုန်ကရင်အသံကြီးနှင့် ပြောလိုက်၏။

'ဘယ်... ဘယ်မှာလဲမြွေ'

ကျွန်တော်က သူ့ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်၏။ သို့သော် မည်းမှောင်နေသော တဲအတွင်း ဘာကိုမှ သဲသဲကွဲကွဲမမြင်ရချေ။

'ဟား... ဟား... ဟား တော်စမ်းပါ မင်းလွင်ရာ ဒါမျိုးတွေ ရိုးနေပါပြီ။ ကိုသိုက်လူက ရာဘာမြွေရုပ်တွေကို မင်းခုတင်ပေါ် ထားတာနဲ့ တူပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေးက တဟားဟားရယ်ရင်း ကျွန်တော်တို့နောက်တွင် ရပ်လိုက်သည်။ မင်းလွင်က...

'မဟုတ်ဘူးကွ... တကယ့်မြွေတွေ'

'မင်းက တော်တော်တုံးတဲ့အကောင် ဘယ်မှာလဲ မင်းမြွေ'

ချစ်ထွေးက ပြောပြောဆိုဆို ခုတင်နားသို့ ကပ်သွားကာ လုံးထွေးရှုပ်ပွနေသော အိပ်ယာခင်းကို ဆွဲလှန်ကြည့်လိုက်သည်။

'ဟင်... '

ချစ်ထွေးဆီမှ အာမေဋိတ်သံ ကြားလိုက်ရပြီး သူ့ခြေလှမ်းများက နောက်သို့ အလန့်တကြား လှမ်းဆုတ်လိုက်သည်။ ကျွန်တော်လည်း ချစ်ထွေးအနားသို့ တိုးသွားကာ ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်၏။

ခုတင်ပေါ်တွင် မြွေနှစ်ကောင်က ပါးပြင်းကို ခွက်နေအောင် ထောင်ထားပြီး ကျွန်တော်တို့ကို စိုက်ကြည့်နေသည်။

'ဟုတ်တယ်ကွ... ဟောကောင်တွေ ဒါ တကယ့်မြွေအစစ်တွေ'

ချစ်ထွေးက ပြောပြောဆိုဆို နောက်သို့ တစ်လှမ်းထပ်ဆုတ်လိုက်သည်။ ကျော်လင်းက ခုတင်နားသို့ တိုးကပ်ကြည့်လိုက်ပြီး...

'ရေမြွေလေးတွေနဲ့ တူပါတယ်ကွာ အဆိပ်ရှိမဲ့ပုံ မပေါ်ပါဘူး'

ထိုစဉ် ခုတင်ပေါ်မှ မြွေနှစ်ကောင်မှာ ပါးပြင်းထောင်ရင်း 'ရှူး' ခနဲ မှုတ်လိုက်သည်။ မြွေနှစ်ကောင်စလုံးမှာ အရှည်နှစ်တောင်ခန့်ရှိပြီး ကိုယ်လုံးထက်စာလျှင် ဦးခေါင်းက အနည်းငယ်သေး၏။ လုံးပတ်လေးလက်မခန့်ရှိပြီး ကိုယ်လုံးပေါ်မှာ ညိုဝါရောင်အကွက်များက အသည်းယားစရာပင် ကောင်းလှသည်။

'မြွေ... မြွေတော့ ငါကြောက်တယ်'





မင်းလွင်၏ အသံက ပြောရင်းနှင့် တိမ်ဝင်သွား၏။

'သူတို့ကလည်း မင်းကို ပြန်ကြောက်နေပုံပဲကွ မင်းလွင်ရ'

ချစ်ထွေးက မင်းလွင်၏ ပခုံးကို ပုတ်ရင်း လှမ်းစလိုက်သည်။ မင်းလွင်မျက်နှာမှာ သူ့အိပ်ရာပေါ်မှ မြွေနှစ်ကောင်၏ လှုပ်ရှားမှုကို မျက်ခြေမပြတ် စိုက်ကြည့်နေရင်း...

'ငါတို့ ဦးသိုက်လူကို ခေါ်မှဖြစ်မယ်နဲ့တူတယ်'

'မလိုပါဘူးကွာ မြွေက နှစ်ကောင်တည်းရှိတာ မင်းဘာသာမင်းရှင်းလိုက်'

ချစ်ထွေးက နောက်သလို ပြောင်သလိုလုပ်ရင်း မင်းလွင်၏ နောက်ကျောမှ ဆောင့်တွန်းလိုက်သည်။ ချစ်ထွေးတွန်းလိုက်သော အရှိန်ဖြင့် မင်းလွင်မှာ ဟန်ချက်ပျက်သွားပြီး ရှေ့မှ ခုတင်ပေါ်သို့ လက်လှမ်းထောက်လိုက်မိသည်။

မင်းလွင်က သူ့လက်ကို ခုတင်ပေါ်မှ ချက်ချင်းပြန်ရုတ်လိုက်သော်လည်း နောက်ကျသွား၏။

'အား... '

လျှင်မြန်သော လှုပ်ရှားမှုနှင့်အတူ မြွေတစ်ကောင်၏ အစွယ်က မင်းလွင်၏ လက်ခုံပေါ်သို့ ဆတ်ခနဲ စိုက်ဝင်သွား၏။

မင်းလွင်မှာ အထိတ်တလန့်အော်လိုက်ရင်း သူ့လက်ကို ခါနေ၏။ သူ့လက်ခုံပေါ်တွင် အစွယ်ရာအပေါက်နှစ်ပေါက်က ချက်ချင်း သွေးစို့လာသည်။ မင်းလွင်က ကျန်လက်တစ်ဖက်ဖြင့် လက်ကောက်ဝတ်ကို ဆုပ်ကိုင်လိုက်ပြီး...

'ငါ... ငါ... မြွေ မြွေကိုက်ခံလိုက်ရပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ... ဒုက္ခပါပဲ'

ကျွန်တော်က စိုးရိမ်တကြီးဖြင့် မင်းလွင်၏ လက်နံ့ရိုးပေါ်သို့ လှမ်းကြည့်လိုက်သည်။ ကျော်လင်းက...

'မင်းလက်မှာ သွေးတွေထွက်နေလား မင်းလွင်'

ကျွန်တော်တို့စကားကြောင့် ချစ်ထွေးက ရှေ့သို့ထွက်လာပြီး မင်းလွင်၏ ပခုံးကိုလှမ်းဖက်ပြီး သူ့ဒဏ်ရာကို အကဲခတ်လိုက်ရင်း...

'ငါ... ငါတောင်းပန်ပါတယ်ကွာ၊ မင်းကို... ဒီလိုဖြစ်စေချင်လို့ တမင်လုပ်တာ မဟုတ်ပါဘူး'

'ဟေ့ကောင်... ချစ်ထွေး၊ မင်း ပါးစပ်ပိတ်ထား၊ တော်ရုံ စတာ နောက်တာက ကိစ္စမရှိဘူး'

မင်းလွင်က ဒေါသတကြီးနှင့် ချစ်ထွေးကို ပြန်အော်လိုက်သည်။ သူ့ပုံစံက စောစောကလို မဟုတ်တော့ဘဲ အသက်ကို အနိုင်နိုင်ရှူနေရသည်။ အသက်ရှူလိုက်တိုင်း သူ့ရင်ဘတ်က နိမ့်ချည်မြင့်ချည်နှင့် တရှူးရှူး ဖြစ်နေ၏။

မြွေနှစ်ကောင်ကတော့ ခုတင်ပေါ်တွင် ပါးပြင်းများကို ထောင်နေကြတုန်းပင် ဖြစ်သည်။

'မင်း... ဆေးခန်းကို မြန်မြန်သွားမှဖြစ်မယ် မင်းလွင်... လာ ငါတို့လိုက်ပို့မယ်'

ချစ်ထွေးက မင်းလွင်၏ ပခုံးကိုလှမ်းဖက်ရင်း ပြောနေ၏။

'ရတယ်... ငါ့ဘာသာငါ သွားမယ်'

မင်းလွင်က သူ့လက်ကို တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားရင်း အပြင်သို့ ခပ်သုတ်သုတ်ပြေးထွက်သွား၏။





'ငါ တမင်လုပ်တာမဟုတ်ပါဘူးကွာ၊ သူ့ကို ကြောက်သွားရုံ စလိုက်တာပါ။ မင်းတို့လည်း အမြင်ပဲ သူ့ကို ဖြည်းဖြည်းလေး တွန်းလိုက်တာပါ။ ဒီလိုဖြစ်သွားလိမ့်မယ်လို့ မထင်ဘူး'

ချစ်ထွေးက ကျွန်တော်နှင့် ကျော်လင်းကိုပါ ရှင်းပြနေ၏။ သူ့ပုံစံမှာလည်း မင်းလွင်အတွက် တကယ်ပင် စိတ်မကောင်းဖြစ်နေပုံရသည်။

'ငါတို့ ဒီမြွေတွေကို ဘယ်လိုလုပ်ကြမလဲ၊ ကိုသိုက်လူ့ကို သွားခေါ်ရင် မကောင်းဘူးလား'

ကျော်လင်းက ပြောပြောဆိုဆို တံခါးပေါက်ဆီသို့သွားရန် ပြင်လိုက်သည်။

'ခဏနေဦး'

ကျွန်တော်က ကျော်လင်းကို လှမ်းတားလိုက်ပြီး...

'ဒီကောင်တွေ အခု အိပ်ယာခင်းပေါ်မှာ ခွေနေပြီကွ'

'အေးလေ... အဲဒါ ဘာဖြစ်လဲ'

ချစ်ထွေးက သူ့ခေါင်းမှ ဆံပင်တွေကို တဖြင်းဖြင်းကုတ်ရင်း ပြန်မေးလိုက်သည်။

'ဘာဖြစ်ရမှာလဲ ဒီမြွေတွေကို သူတို့အောက်က အိပ်ယာခင်းနဲ့ ခွဲအုပ်ပြီး လွှင့်ပစ်လိုက်ရင် ပြီးရောပေါ့'

ချစ်ထွေးက ကျွန်တော့်ကို စိုက်ကြည့်ပြီး

'အေး... ဒါဆိုလည်း လုပ်ရအောင်'

'ဟေ့ကောင်တွေ အရမ်းမလုပ်နဲ့ဦး မင်းတို့ပါ အကိုက်ခံနေရဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းက ကျွန်တော်နှင့် ချစ်ထွေးကို ခပ်လှမ်းလှမ်းမှ သတိလှမ်းပေးနေ၏။ ကျွန်တော်နှင့် ချစ်ထွေးမှာ ရစ်ခွေနေသော မြွေနှစ်ကောင်ကို ကြည့်လိုက်ကြ၏။ ထိုမြွေများကလည်း ကျွန်တော်နှင့် ချစ်ထွေးကို တစ်ချက်ကလေးမှ အလွတ်မပေးသည့် မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ပြန်ကြည့်နေကြသည်။

ကျွန်တော့်စိတ်တွေ တဖြည်းဖြည်း လှုပ်ရှားလာသည်။

'အိပ်ယာခင်းစကို သူတို့အပေါ် လှမ်းအုပ်လိုက်ပြီး အစနှစ်စကို စုကိုင်လိုက်ရင် ငါတို့ကို ပြန်ကိုက်ဖို့နေနေသာသာ သူတို့ ဘာဖြစ်သွားမှန်းတောင် သိလိုက်မှာမဟုတ်ဘူး'

ကျွန်တော်က ပြောပြောဆိုဆို ခုတင်နားသို့ တဖြည်းဖြည်း တိုးကပ်သွားလိုက်သည်။ ချစ်ထွေးကလည်း ကျွန်တော်ကဲ့သို့ တစ်ဘက်မှ အိပ်ယာခင်းစအနီးသို့ တိုးကပ်သွား၏။ မြွေများမှာ ကျွန်တော်တို့နှစ်ယောက်၏ လှုပ်ရှားမှုကို မြင်ပြီး ပါးပြင်းများထောင်ကာ တရှူးရှူးဖြစ်ကုန်ကြသည်။

'ဒီမြွေတွေ ဘယ်ကရောက်လာတာလဲ မသိဘူးနော်'

ကျော်လင်းက ထူးထူးဆန်းဆန်း ရောက်လာသော မြွေနှစ်ကောင်ကိုကြည့်ရင်း ကျွန်တော်တို့ကို လှမ်းမေးနေသည်။

'သိုက်ကလာတာနဲ့တူတယ်၊ ဒီလို တောကြီးထဲမှာ ဥစ္စာစောင့်တွေနေတဲ့ သိုက်တွေရှိတယ်ကွ၊ သူတို့က မြွေယောင်ဆောင်ပြီး လျှောက်သွားနေကြတာ။ အခုလောက်ဆို မင်းအိပ်ယာပေါ်တောင် ရောက်ချင်ရောက်နေမှာ ဟီး... ဟီး'

ချစ်ထွေးက သူ့အကျင့်အတိုင်း ကျော်လင်းကို နောက်နေပြန်





သည်။

'ကဲ... ဟေ့ကောင် ချစ်ထွေး နောက်မနေနဲ့ အချိန်မရှိဘူး'

ကျွန်တော်က ချစ်ထွေးကို စိတ်မရှည်တော့ဘဲ လှမ်းအော်ပြောလိုက်သည်။ ကျွန်တော်နှင့် ချစ်ထွေးမှာ ခုတင်နားသို့ ပြိုင်တူတိုးကပ်သွားလိုက်ကြသော်လည်း ချစ်ထွေးက ဘာကစပြီး ဘယ်လိုလုပ်ရမှန်းမသိသေးသည့် မျက်လုံးများဖြင့် ကျွန်တော့်ကို လှမ်းကြည့်နေ၏။ ကျွန်တော်က မွေ့ယာခင်းအစွန်းစ တစ်ဘက်ကိုကိုင်ပြီး အပေါ်သို့ ဆွဲမြှောက်လိုက်ဟန် လှမ်းပြလိုက်သည်။ ချစ်ထွေးကလည်း နားလည်ဟန်ဖြင့် အသာခေါင်းညိတ်ပြန်ပြ၏။

'အာ... နေဦး ရဲမြင့်၊ ဒီအိပ်ယာခင်းစကိုကိုင်ပြီး တပြိုင်တည်းမရမှာ မတော်လို့ လွဲသွားရင် ဘယ်လိုလုပ်မလဲ'

ချစ်ထွေးက သူ့အနားမှ အိပ်ယာခင်းစကို ချက်ချင်းမကိုင်သေးဘဲ တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ကျွန်တော့်ကို လှမ်းမေးနေပြန်သည်။

'လွဲတော့လည်း အကိုက်ခံလိုက်ရုံပဲပေါ့ကွာ'

အရေးထဲ လေကြောရှည်နေသော ချစ်ထွေးကို စိတ်ပေါက်ပေါက်နှင့် ကျွန်တော် ပြန်ပြောလိုက်၏။

ကျွန်တော့်မျက်လုံးများက မြွေနှစ်ကောင်ကို မလွှတ်တမ်း စိုက်ကြည့်ရင်း အိပ်ယာခင်းစနှစ်ဖက်ကို ဖြည်းဖြည်းချင်း ဆုပ်ကိုင်လိုက်သည်။ ထို့နောက် ချစ်ထွေးကို လေသံခပ်တိုးတိုးဖြင့် လှမ်းမေးလိုက်၏။

'ဟေ့ကောင်... အဆင်သင့်ဖြစ်ပြီလား'

ချစ်ထွေးမှာ ကျွန်တော့်အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ မြွေနှစ်ကောင်၏ လှုပ်ရှားမှုတို့ကို မျက်ခြေမပြတ် စိုက်ကြည့်နေ၏။ မြွေ



www.burmeseclassic.com

www.burmeseclassic.com



များမှာလည်း ကျွန်တော်နှင့် ချစ်ထွေးကိုကြည့်ပြီး တစ်ရှုးရှုးဖြစ်နေကြသည်။ ချစ်ထွေးက ခဏအကြာမှ အိပ်ယာခင်းစ နှစ်ဖက်ကို မိမိရရ လှမ်းဆုပ်ကိုင်လိုက်ပြီး...

'အေး... အဆင်သင့်ဖြစ်နေပြီ'

'ဒါဆို တစ်ကနေ သုံးအထိရေလိုက်မယ်'

ကျွန်တော့်မှာ စိတ်လှုပ်ရှားလွန်း၍ အသက်ပင်ရှူဖို့ မေ့လျော့နေကာ ရင်ထဲတွင် မွန်းကြပ်တစ်ဆို့နေ၏။

'တစ်...'

'နှစ်...'

'သုံး...'

ကျွန်တော်တို့ နှစ်ယောက်စလုံး အိပ်ယာခင်းစနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် ပြိုင်တူမလိုက်ကြသည်။ ကျွန်တော်တို့မှာ ကြိမ်ဖန်များစွာ လေ့ကျင့်ထားသကဲ့သို့ ချိန်သားတစ်ကိုက် လုပ်လိုက်နိုင်ကြသည်ကိုပင် မယုံကြည်နိုင်လောက်အောင် အံ့သြသွားမိသည်။

'ပေးပေး... မြန်မြန်ပေး'

ကျွန်တော်က ချစ်ထွေးမြှောက်ပြီး ကိုင်ထားသည့် အိပ်ယာခင်းစနှစ်ဖက်ကို ဆွဲယူလိုက်ပြီး အလည်ခေါင်မှ စုပြီး ချည်လိုက်သည်။

အိပ်ယာခင်းအထုပ်ကြီးအတွင်းမှ မြွေနှစ်ကောင်က ရုန်းကန်တွန့်လိမ်နေကြသည်။ တရှုးရှုးအော်သံများနှင့်အတူ အပြင်သို့ထွက်ရန် ကြိုးစားနေသဖြင့် အထုပ်က ရမ်းခါနေ၏။

ကျွန်တော်တို့နှစ်ယောက် ချွေးသံတရွှဲရွှဲဖြင့် လုပ်နေချိန်တွင် ကျော်လင်းက ရှေ့မှ တံခါးပေါက်ကြီးကို အဆင်သင့်ပြေးပြီးဖွင့်ထား





ပေး၏။ ကျွန်တော်နှင့် ချစ်ထွေးမှာ အိပ်ယာခင်းစထုပ်ကြီးကို တစ်ဖက်တစ်ချက်ဆီမှမကာ တံခါးပေါက်ဆီသို့ ပြေးသွားလိုက်ကြသည်။ မြွေများက ဒေါသတကြီး ရုန်းကန်နေကြသည်မှာ ကျွန်တော်တို့ လက်ထဲမှ အိပ်ယာခင်းထုပ်ကြီးက ယိမ်းထိုးနေသည်။ ပြေးရင်းလွှားရင်း အထုပ်နှင့် မတိုက်မိအောင် မနည်း ဂရုစိုက်နေရသည်။

တံခါးပေါက်ကြီးသို့ ကျော်ပြီး အပြင်ဖက်မှ မြက်ခင်းများအပေါ် ဆက်ပြေးသွားလိုက်ကြသည်။ ထိုစဉ် ဖယိုဖရဲဖြစ်နေသော အထုပ်ထဲမှ မြွေတစ်ကောင်က ခေါင်းပြူထွက်လာသည်။

'ဟေ့ကောင်ချစ်ထွေး မြန်မြန်ပြေးကွ ဒီမှာ အပေါက်ဝမှာ မြွေတစ်ကောင် ခေါင်းပြူထွက်နေပြီ'

ကျွန်တော်တို့ နှစ်ယောက်စလုံး တဲတန်းလျားများကို ကျော်ပြီး ရွက်လှပင်ပုပုကလေးများဆီသို့ ခြေကုန်သုတ်ပြီး ပြေးသွားလိုက်ကြသည်။ ထိုရွက်လှပင်ပုကလေးများ၏ နောက်တွင် သစ်ပင်ကြီးများ ချုံပုတ်ငယ်များရှိ၏။ ထိုနေရာသို့ရောက်သောအခါ ကျွန်တော်တို့ နှစ်ယောက်စလုံးလက်ထဲမှ အထုပ်ကို အားရှိသမျှ လွှဲပြီး ပစ်လိုက်ကြသည်။

အထုပ်ကြီးမှာ မြေပေါ်သို့ကျသည်နှင့်တစ်ပြိုင်နက် ပြေသွားသည်။ အထဲမှ မြွေနှစ်ကောင်က လျှောတိုက်လွန့်လူးထွက်လာပြီး အနီးမှ ချုံပုတ်များဆီသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

ကျွန်တော်နှင့် ချစ်ထွေးမှာ 'ဟင်း' ခနဲ ပြိုင်တူသက်ပြင်းချလိုက်ကြပြီး စိတ်မောလူမောနှင့် အသက်ကိုပင် မနည်းရှူနေရကာ အလွန်မောပိုက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က စောစောက မြွေများဝင်သွားသော ချုံပုတ်ကို နောက်တစ်ကြိမ် ပြန်ကြည့်လိုက်၏။ သို့သော် ဘာအရိပ်အရောင်ကိုမျှ မတွေ့ရတော့။

'ကဲ… ချစ်ထွေး ငါတို့ မင်းလွင်ရဲ့ အိပ်ယာခင်းစကြီးကိုတော့ ပြန်ပြီးသယ်သွားမှဖြစ်မယ်'

'အေး… ဟုတ်တယ်၊ ဒါပေမဲ့ ဒီကောင် ဒီအိပ်ယာခင်းစကြီးပေါ်မှာ အိပ်ရဲမယ်မထင်တော့ဘူး'

ချစ်ထွေးက ပြောပြောဆိုဆို မြေကြီးပေါ်အပုံလိုက်ကျနေသော အိပ်ယာခင်းကို ကောက်ယူလိုက်ပြီး ကျွန်တော့်ထံသို့ လုံးထွေးပြီး လှမ်းပစ်လိုက်သည်။

'ရော့… ဒီထဲမှာ မြွေဆိပ်တွေ ပေချင်ပေနေမှာ'

သူ့မျက်နှာက မသတီသလို မဲ့ရွဲ့ရွဲ့တွနေ၏။ ကျွန်တော်တို့ နှစ်ယောက်စလုံး တဲဆီသို့ ပြန်လာချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံးမှာ တော်တော်ကလေးပင် မှောင်စပြုနေပြီဖြစ်သည်။ ကျွန်တော်တို့ တဲအတွင်းသို့ ပြန်ရောက်ချိန်တွင် ကျော်လင်းက ခရီးဆောင်သေတ္တာထဲမှ ပစ္စည်းများကို ထုတ်လိုက်၊ အံဆွဲအတွင်း ထိုးထည့်လိုက်ဖြင့် အလုပ်ရှုပ်နေသည်။ သူ့အိပ်ယာကတော့ အခန့်သားခင်းပြီးသွားပြီဖြစ်၏။

'မင်းတို့ ဘယ်လိုရှင်းလိုက်လဲ'

ချစ်ထွေးက ကျော်လင်းလှမ်းပြီးမေးလိုက်သည်နှင့် သူ့မျက်နှာမှာ ချက်ချင်း ပြောင်းလဲသွားပြီး ဝေဒနာတစ်ခုကို ခံစားနေရသူလို လုပ်ပြရင်း…

'ငါတို့… နှစ်ယောက်စလုံး မြွေကိုက်ခံလိုက်ရတယ်ကွာ'





ကျော်လင်းက ချစ်ထွေးမျက်နှာကို အကဲခတ်ရင်း…

'မင်းမျက်နှာကြီးက လိမ်ပြောနေမှန်း အရမ်းသိသာတယ်ကွာ၊ မပိုင်ဘဲနဲ့ မလုပ်စမ်းပါနဲ့၊ မင်းကြောင့် တကယ်လိမ်စားနေကြတဲ့လူတွေ နာမည်ပျက်နေပါဦးမယ် ဟား… ဟား'

ချစ်ထွေးက အလိမ်ပေါ်သွားသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ကျော်လင်းက ကျွန်တော့်ပခုံးကို လှမ်းပုတ်ရင်း…

'မင်းကတော့… ငါတို့တစ်ဖွဲ့လုံးမှာ ဖာတ်လိုက်ပဲ ရဲမြင့်'

'ငါတို့ကလဲ မင်းကို လေးစားပါတယ် ကျော်လင်း'

ချစ်ထွေးက ဘာမှဝင်ပြီး ကူဖော်လောင်ဖက်မလုပ်ပေးသည့် ကျော်လင်းကို ခဲ့ပ်ငေါ့ငေါ့ ခပ်ထေ့ထေ့ လှမ်းပြီးပြောလိုက်သည်။ ကျော်လင်းက တစ်စုံတရာ ပြန်ပြောမည့်ဟန်ပြင်လိုက်စဉ် သူတို့နောက်မှ တဲတံခါးကြီးက ပွင့်ထွက်လာပြီး ကိုသိုက်လူ၏ ကျောက်ပေါက်မာနှင့် မျက်နှာကြီးကို လှမ်းတွေ့လိုက်ရသည်။

'ဟေ့ကောင်တွေ မင်းတို့ အခုအချိန်အထိ အိပ်ယာခင်းလို့ မပြီးသေးဘူးလား'

'ကျွန်တော်တို့ ဒီမှ ပြဿနာတက်နေလို့ဗျ'

ချစ်ထွေးက တဲအတွင်း ဝင်လာသော ကိုသိုက်လူကို လှမ်းပြောလိုက်သည်။ ကိုသိုက်လူက တဲအတွင်းသို့ ဝေ့ဝိုက်ကြည့်လိုက်ရင်း…

'မင်းတို့အထဲက ပါးဖောင်းဖောင်းနဲ့ ကောင်လေးတစ်ယောက် ဘယ်သွားလဲ'

'သူ မြွေကိုက်ခံလိုက်ရလို့'

ကျွန်တော်တို့အားလုံးမှာ စိုးရိမ်တကြီး အမူအယာတွေ ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သလောက် ဦးသိုက်လူ၏ မျက်နှာမှာ အေးတိအေးစက် နိုင်လှသည်။ သူ့ပုံစံမှာ သိပြီးသားကိစ္စတစ်ခုကို အထပ်ထပ်အခါခါ ပြန်ပြီးကြားလိုက်ရသလို ဘာမှ မထူးဆန်းပဲ ဖြစ်နေသည်။

‘သူ... အခုဘယ်မှာလဲ’

‘သူ့လက်က သွေးတွေထွက်နေလို့ ဆေးခန်းသွားမယ်ဆိုပြီး ထွက်သွားတယ်’

ကျွန်တော့်စကားအဆုံးတွင် ဦးသိုက်လူ၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားပြီး...

‘ဘာ... ဆေးခန်း ဟုတ်လား... ’

‘ဟုတ်တယ်... ဆရာဝန်ဆီသွားတာ’

ကျွန်တော်က နောက်ထပ်တစ်ကြိမ် ထပ်ပြောလိုက်ပြန်သည်။

ကိုသိုက်လူမှာ ကျွန်တော့်စကားကြောင့် သူ့ခေါင်းကို နောက်သို့လှန်ပြီး အပေါ်သို့မော့ကာ အားပါးတရရယ်ချလိုက်လေသည်။

‘ဟား... ဟား... ဟား... ဆရာဝန်... ဆေးခန်း... ဟုတ်လား ... ဟား... ဟား... ဟား... ’

■





## အခန်း (၆)

‘ဝုန်း’

တံတံခါးကြီးကို အရှိန်ဖြင့် ပြေးဝင်တိုက်လိုက်သော အသံနှင့်အတူ မင်းလွင်က ကမျောသောပါးဖြင့် အခန်းအတွင်းသို့ ဝင်လာ၏။ သူ့မျက်နှာကလည်း လူမမာတစ်ယောက်လို ဖြူဖပ်ဖြူလျော် ဖြစ်နေသည်။ မြွေကိုက်ခံလိုက်ရသည့် လက်တစ်ဖက်ကို ကျန်လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားရင်း...

‘ဟေ့ကောင်တွေ ဒီမှာ ဘာဆေးခန်းမှလဲ မရှိဘူး၊ ဘာဆရာဝန်မှလဲ မရှိဘူးတဲ့ကွ’

ထို့နောက် မင်းလွင်က နှစ်ထပ်ခုတင်၏ အပေါ်ဆင့်တွင် ပက်လက်လှန်ရင်း ဂျာနယ်ဖတ်နေသော ကိုသိုက်လူကို တွေ့သွားပြီး...

‘ကိုသိုက်လူ ဒီမှာကြည့်ပါဦးဗျာ’

မင်းလွင်က သူ့လက်ကို မြင်သာအောင် ထောင်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်မှ မြွေကိုက်ခံလိုက်ရသည့် ဒဏ်ရာမှ သွေးများထွက်နေသဖြင့် လက်တစ်ခုလုံး နီရဲနေ၏။ ကိုသိုက်လူက ဖတ်လက်စဂျာနယ်ကို လက်မှချရင်း သူ့အိပ်ယာအောက်သို့ ငုံ့ကြည့်ပြီး

'ငါ့မှာ ပတ်တီးလိပ် နည်းနည်းတော့ ကျန်သေးတယ်ထင်တယ်'

ကိုသိုက်လူက ပြောပြောဆိုဆို သူ့အိပ်ရာအောက်မှ ရှည်မျော မျောဘူးကို ဆွဲထုတ်ယူနေသည်။

မင်းလွင်က ကိုသိုက်လူခုတင်ဘေးနားသို့သွားကာ ရပ်နေ၏။ သူ့လက်မှ သွေးစက်များက ကြမ်းပြင်ပေါ်သို့ တစ်ပေါက်ပေါက်ကျနေသည်။ မင်းလွင်က ကိုသိုက်လူကိုကြည့်ရင်း...

'ကိုသိုက်လူ ဒီမှာ ဆရာဝန်မရှိဘူးဆိုတာ ဟုတ်လားဗျ'

'ဟုတ်တယ်... ဒီမှာ ဆရာဝန်လည်းမရှိဘူး၊ ဆေးခန်းလည်းမရှိဘူး၊ ကိုယ်ဖြစ်ရင် ကိုယ်ခံပဲ'

ကိုသိုက်လူ၏ စကားကြောင့် ကျွန်တော်တို့အားလုံးမှာ စိတ်ဓာတ်များပင် ကျသွားကြသည်။ မင်းလွင်က မကျေမနပ်နှင့် ကိုသိုက်လူကို ထပ်ပြီးမေးနေပြန်၏။

'ဟင်... ဒါဆိုရင် ဖျားတဲ့နာတဲ့အခါ ဘယ်လိုလုပ်မလဲ၊ ဒီမှာ ရှိတဲ့သူတွေက ဘာမှမဖြစ်ကြဘူးလား'

ကိုသိုက်လူက မင်းလွင်၏ အမေးကို ဘာတစ်ခုမှ ပြန်မပြောဘဲ သူ့လက်ထဲမှ ပတ်တီးလိပ်ကိုလှမ်းပေးလိုက်၏။

'ရော့... ဒီတဲတန်းရဲ့အဆုံးမှာ သန့်စင်ခန်းရှိတယ်၊ လက်ကို ရေစင်အောင် သေချာဆေးပြီး ပတ်တီးစည်းထားလိုက်။ မြန်မြန်သွား ညစာစားဖို့ အချိန်နီးနေပြီ မီးပုံပွဲကစတော့မယ်'





မင်းလွင်က ကိုသိုက်လူလှမ်းပေးသော ပတ်တီးလိပ်ကို ယူကာ တဲအပြင်သို့ ခပ်တွေတွေကြီး လျှောက်သွားနေ၏။ ကိုသိုက်လူမှာ ရှည်မျောမျောဘူးလေး၏ အဖုံးကိုပြန်ပိတ်ပြီး မွေ့ယာအောက်သို့ ပြန်ပြီး ထိုးသွင်းလိုက်သည်။ ထို့နောက် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

'ဟေ့ကောင်တွေ မြွေတွေဘယ်ရောက်သွားပြီလဲ'

ကျွန်တော် ချစ်ထွေးနှင့် ကျော်လင်းတို့သုံးယောက်သားမှာ ကိုသိုက်လူ၏ အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ သူ့ကို အကဲခတ်သလို လှမ်းကြည့်နေ၏။ ကိုသိုက်လူ၏ မျက်လုံးများမှာလည်း အခန်းအတွင်း ဟိုဟိုဒီဒီကြည့်ကာ တစ်စုံတစ်ရာကို ရှာဖွေနေသလိုဖြစ်နေသည်။

'ကျွန်တော်တို့ မင်းလွင်ရဲ့ အိပ်ယာခင်းနဲ့ လုံးထွေးရစ်ပတ်ပြီး အပြင်မှာ သွားပစ်လိုက်ပြီ၊ ရဲမြင့် အကြံပေးလို့ပေါ့။ နောက်မို့ဆို ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူး'

ချစ်ထွေး၏ စကားကြောင့် ကိုသိုက်လူက ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ပြီး...

'ငါတော့ ရဲမြင့်ကို အထင်ကြီးသွားပြီ ဒါမှ တကယ့်ယောက်ျား ကွ... '

ကိုသိုက်လူမှာ ရဲမြင့်ကိုကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးမှ...

'မင်းတို့အားလုံးကို ငါ တစ်ခုမှာထားဦးမယ်၊ ဒီရွှေမိုင်းသတ္တုတူးဖော်ရေးစခန်းက တောလည်း နက်တယ်။ ဒီစခန်းမှာ ဆရာဝန်လည်း မရှိဘူး။ ဆေးခန်းလည်း မရှိဘူး။ အကြောင်းတစ်စုံတစ်ရာကြောင့် မင်းတို့ သေသွားလည်း ဦးဩက တယုတယ လုပ်နေမှာမဟုတ်ဘူး။

www.burmeseclassic.com



အဲဒီတော့ ကိုယ်ဘာသာကိုယ် သတိဝီရိယနဲ့ နေကြပေတော့'

ကိုသိုက်လူ၏မျက်နှာမှာ စောစောကလို မဟုတ်ဘဲ အေးစက်စက်နှင့် တစ်ခုခုကို စဉ်းစားနေသလို ဖြစ်နေသည်။ ကျွန်တော့်စိတ်ထဲတွင်လည်း ဒီနေရာသည် ဘာကြောင့်များ ယခုကဲ့သို့ ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စများကို အလေးမထားဘဲ ရှိနေသည်လဲ၊ ကုမ္ပဏီမှ လူကြီးများမှာ ဘာကြောင့် တာဝန်ကင်းမဲ့ကြသည်လဲ ဆိုသည် တို့ကို စဉ်းစားမရ ဖြစ်နေမိသည်။

ကျွန်တော်တို့တဲ၏ အပြင်ဘက်တွင် အမှောင်ထုက တဖြည်းဖြည်းနှင့် တစ်စထက်တစ်စ မှောင်မိုက်လာနေသည်။ ခပ်လှမ်းလှမ်းမှ ညစာစားကြဖို့ ဖိုထားသော မီးဖိုကြီး၏ အလင်းရောင်က တစ်ဖျစ်ဖျစ် မြည်ကာ အရှိန်ကောင်းကောင်းဖြင့် တောက်လောင်နေသည်။

●





ကျွန်တော်တို့ ကျောင်းသားများမှာ ထိန်ထိန်ညီးညီး တောက်လောင်နေသော မီးပုံကြီး၏ ပတ်ပတ်လည်တွင် စုရုံးဝိုင်းထိုင်လိုက်ကြသည်။ မီးပုံပွဲလုပ်သည့် မြေနေရာမှာ ညီညာပြန့်ပြူးနေပြီး လေးဘက်လေးတန်ကို အဖြူရောင်ကျောက်တုံးများဖြင့် ကာရံပြီး အလှဆင်ထားသဖြင့် မီးပုံကြီးမှ လိမ္မော်ရောင်မီးတောက်များက ကျောက်တုံးများပေါ်တွင် တစ်ဖျတ်ဖျတ် တောက်ပယိမ်းထိုးနေကြသည်။

မီးပုံကြီးအလယ်မှ တံစို့ထိုးပြီးကင်ထားသော ကြက်သား၊ ဆိတ်သား တို့မှာ မီးအရှိန်ကြောင့် ရဲရဲနီနေလျက် ချိုအီမွှေးကြိုင်နေပြီး စခန်းပတ်ဝန်းကျင်တစ်ခုလုံး သင်းပျံ့နေ၏။

ကျွန်တော်တို့တစ်ဖွဲ့လုံးမှာ ဗိုက်အလွန်ဆာနေကြသဖြင့် မှုမှုလောင်လောင်ဖြစ်နေသော အသားကင်များကိုပင် ဂရုမစိုက်အားတော့ဘဲ သူ့ထက်ငါ ပါးစပ်ထဲသို့ ပလုပ်ပလောင်းသွင်းပြီး စားနေကြသည်။

ချစ်ထွေးတို့ မင်းလွင်တို့မှာလည်း ကြက်ကင်ကို အားရပါးရ ကိုက်ဖဲ့စားနေကြသည်မှာ သူတို့၏ ပါးစပ်တွင် အဆီတဝင်းဝင်းနှင့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ တစ်ဖွဲ့လုံးမှာ မည်မျှဆာလောင်နေကြသည်မသိ အငွေ့တထောင်းထောင်းထနေသော အကင်များမှာ တစ်ခဏအတွင်းပင် အရိုးပုံကြီး ဖြစ်သွား၏။ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ယခုကဲ့သို့ မိုက်ဆာဆာနှင့် ပျော်ပျော်ရွှင်ရွှင် ဝိုင်းဖွဲ့ကာ စားကြ၊ သောက်ကြရသည်ကို အကျေနပ်ကြီး ကျေနပ်နေကာ အရာရာကို တစ်ခဏအတွင်းမှာ မေ့ပျောက်သွားမိသည်။

မီးဖိုကြီး၏ ရှေ့ဘက်တွင် အမြဲစိမ်းအပင်ပုကလေးများက ခြံစည်းရိုးခတ်ထားသကဲ့သို့ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် နောက်ဘက်မှ တောင်ကျချောင်းကလေးကို လှမ်းမမြင်ရအောင် ကာထားသလို ဖြစ်နေသည်။ ထိုတောင်ကျချောင်း၏တစ်ဘက် ခပ်လှမ်းလှမ်းရှိ တောအုပ်ထဲမှ တဖျတ်ဖျတ်လင်းနေသည့် မီးအလင်းရောင်ကို လှမ်းမြင်နေရသည်။

'ဟိုဘက်က လင်းထိန်နေတဲ့ မီးရောင်က မိန်းကလေးတွေ စခန်းချတဲ့နေရာများ ဖြစ်နေမလား၊ သူတို့လည်း ငါတို့လို မီးပုံပွဲ လုပ်နေတာ ထင်တယ်'

ကျွန်တော်က မီးရောင်တဖျတ်ဖျတ် တစ်လက်လက်တွက်ပေါ်နေသည့် တောအုပ်ကလေးကို လှမ်းကြည့်ကာ ဆည်းဆာနှင့် ရည်မွန်တို့ကို သတိရနေမိသည်။

'အင်း... သူတို့လည်း ငါတို့လို ပျော်နေကြမယ်ထင်ပါရဲ့၊ ငါတို့တွေ အလုပ်ဝင်တဲ့အခါ တစ်နေရာထဲမှာ အတူပြန်ဆုံနိုင်ပါစေလို့ ဆုတောင်းရတော့မှာပဲ'

မင်းလွင်က သူ့လက်တစ်ဘက်တည်းဖြင့် အသားကင်ကို ရှေ့သွားနှစ်ချောင်းနှင့် ဆွဲကိုက်နေ၏။ ကျွန်ုပ်လက်တစ်ဘက်မှာလည်း ပတ်တီး





စ စည်းထားသဖြင့် ဒုက္ခရောက်နေပုံရသည်။ သူ့ဒဏ်ရာမှာ အနည်းငယ်ရောင်ရမ်းနေသော်လည်း ယခုလို အစားအသောက်များ အငမ်းမရ စားနေရသောအချိန်၌ နာကျင်နေပုံမရတော့။

သင်တန်းဆရာများကိုတော့ မီးပုံပွဲ၏ နေရာအနှံ့အပြားတွင် တွေ့နေရသည်။ သူတို့အားလုံးမှာ ကမ္ဗလာဝတ်စုံဖြစ်သည့် ရှပ်အင်္ကျီအစိမ်းရောင်လက်တိုနှင့် ဘောင်းဘီတိုအဖြူတို့ကို ဆင်တူဝတ်ဆင်ထားကြသည်။ သင်တန်းဆရာအားလုံးမှာ စုစုပေါင်း ဆယ်ယောက်ခန့်ရှိသည်။ အများစုမှာ လူငယ်များဖြစ်ကြပြီး အသက်နှစ်ဆယ်ကျော် ဝန်းကျင်ခန့်ရှိပြီထင်ရသည်။ သူတို့အားလုံးမှာ ကျွန်တော်တို့နှင့် ရောနှောခြင်းမရှိဘဲ သီးသန့် သတ်မှတ်ထားသည့် နေရာတွင် ငြိမ်သက်စွာ စားသောက်နေကြသည်။ သူတို့ထဲတွင် ကိုသိုက်လူလည်း ပါဝင်၏။

ကျွန်တော်က ကိုသိုက်လူတစ်ယောက် ဘယ်အချိန်များ ကျွန်တော်တို့ဘက်သို့ လှည့်ကြည့်လေမလဲဟု မျှော်နေမိသည်။ သို့သော် သူကတော့ ကျွန်တော်တို့ဘက်သို့ တစ်ချက်ကလေးမှပင် လှည့်ကြည့်ဖော်မရ ကိုသိုက်လူ၏ ပုံစံက ကျွန်တော်တို့အားလုံးကို တွေ့ကာစမို့ စကားသိပ်မပြောတာလား ဒါမှမဟုတ် သူနှင့်အတူ နေရသည်ကို မနှစ်သက်တာလား မှန်းဆရခက်လှသည်။

ကျွန်တော်က ကိုသိုက်လူအကြောင်း စဉ်းစားနေစဉ်မှာပင် ဦးဩက စားပွဲမှထပြီး မတ်တတ်ရပ်လိုက်၏။ ထို့နောက် သူ၏ လက်နှစ်ဖက်ကို မြှောက်လိုက်ပြီး ကျွန်တော်တို့အားလုံးကို ငြိမ်ငြိမ်နေကြရန် အချက်ပြလိုက်သည်။

'မင်းတို့အားလုံးကို ရွှေမိုင်းသတ္တုတူးဖော်ရေးစခန်းက ကြိုဆို



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်'

ခန့်ညားထည်ဝါသည့် လေသံကြီးကြောင့် ကျွန်တော်တို့အားလုံးမှာ ချက်ချင်းပင် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

'အခုလောက်ဆိုရင် မင်းတို့အားလုံး ကိုယ့်နေရာနဲ့ကိုယ် နေရာတကျ ဖြစ်လောက်ပြီလို့ ထင်တယ်။ ငါတို့ စီစဉ်ပေးထားတဲ့ နေရာတွေကိုလည်း မင်းတို့ နှစ်သက်ကြမှာပါ'

ဦးသြက သူ့စကားများကို မရပ်မနားဘဲ တရစပ်ပြောနေ၏။ ယခုပြောနေသော စကားလုံးများမှာ ပြောရလွန်းသဖြင့် သူ့အတွက် အထစ်အငေါ့မရှိဘဲ သွက်လက်လွန်းနေသည်။

'ဘာပဲဖြစ်ဖြစ် ဒီစခန်းကို ရောက်ပြီဆိုရင်တော့ ဒီစခန်းရဲ့ စည်းကမ်းတွေကို လိုက်နာရမယ့် ပထမဆုံးအနေနဲ့ ပြောချင်တာက ညကိုးနာရီတိတိမှာ မီးတွေအားလုံး ပိတ်ရမယ်'

ဦးသြ၏ စကားကြောင့် အချို့ကျောင်းသားများမှာ စိတ်ပျက်လက်ပျက် အချင်းချင်း တီးတိုးညည်းညူလိုက်ကြသည်။ ဦးသြကတော့ ကျွန်တော်တို့ တွတ်ထိုးပြောဆိုနေသံများကို ဂရုမစိုက်ဘဲ ပြောလက်စ စကားကို ဆက်ပြောနေ၏။

'မင်းတို့စိတ်ထဲမှာ ဒီစည်းကမ်းတွေကို မလိုက်နာနိုင်ဘူးလို့ တွေးချင်တွေးနေလိမ့်မယ်၊ ဒါပေမယ့် ငါကတော့ ဂရုစိုက်မှာမဟုတ်ဘူး။ နောက်တစ်ခု မင်းတို့ကို သတိပေးထားချင်တာက ဒီစခန်းမှာ ငါတို့ မသိအောင် ညဘက်အချိန်မတော် အပြင်ခိုးထွက်ပြီး တစ်ယောက်နဲ့တစ်ယောက် ချိန်းတွေ့စကားပြောဆိုတာမျိုး၊ ချောင်းဘေးမှာ လမ်းလျှောက်တာမျိုး လုပ်ဖို့ စိတ်မကူးပါနဲ့။ ငါတို့ ခွင့်မပြုဘူး။ မင်းတို့





ဘက်က မလိုက်နာကြဘူးဆိုရင် ငါတို့ဘက်က လိုက်နာအောင် လုပ်လို့ရတဲ့နည်းလမ်းတွေ အများကြီးရှိတယ်ဆိုတာ မှတ်ထားပါ...'

ဦးသြက သူ့စကားကို ခဏရပ်ပြီး ချောင်းတစ်ချက်နှစ်ချက်ဟန့်လိုက်သည်။ တချို့ယောကျ်ားလေးများမှာ ဦးသြ၏ စကားကို မခိုးမခန့်နှင့် မကြားတကြား ပြန်ပြီးလှောင်နေကြသည်။ ထိုအသံထဲတွင် ချစ်ထွေး၏ အသံက အကျယ်ဆုံးဖြစ်၏။ ရှေ့မှ ဦးသြက ချောင်းတစ်ချက်ဟန့်လိုက်တိုင်း ချစ်ထွေးကလည်း ချောင်းလိုက်ပြီးဟန့်၏။ ဦးသြ ခါးထောက်လျှင် သူကပါ လိုက်ထောက်၏။ သူ့ကိုကြည့်ရင်း ကျန်ကျောင်းသားများမှာ တဝါးဝါးနှင့် ဖြစ်နေသည်။

ဦးသြကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ ချောင်း၏ တစ်ဘက်သို့ လက်ညှိုးထိုးရင်း...

'ဒီတောင်ကျချောင်းရဲ့ ဟိုဘက်မှာ မိန်းကလေးတွေရဲ့ စခန်းရှိတယ်၊ ဟိုးရှေ့က မီးရောင်လက်နေတဲ့နေရာဟာ သူတို့စခန်းပဲ။ သူတို့လဲ ငါတို့လို မီးပုံပွဲလုပ်နေကြတာ။ အေး... အဲဒီနေရာကို သွားဖို့တော့ လုံးဝစိတ်မကူးနဲ့ နောက်ပြီး မင်းတို့အားလုံး ဒီချောင်းကို ဖြတ်ခွင့်မရှိဘူး'

'ဟာ...'

'ဟင်...

'ဒါ... ငါတို့ကို သက်သက်ချုပ်ချယ်တာ'

'ချစ်ခြင်းကို မခွဲပါနဲ့'

ယောကျ်ားလေးများထံမှ တစ်ယောက်တစ်ပေါက်နှင့် အသံမျိုးစုံထွက်လာသည်။ တချို့ကလည်း အသံသေးအသံကြောင်နှင့် အော်ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေကြသည်။ သင်တန်းဆရာတချို့ပင် ရောယောင်ပြီး လိုက်ရယ်လိုက်ကြသည်။ ဦးသြက မျက်နှာခပ်တင်းတင်းဖြင့်…

'ဒီစခန်းပတ်ဝန်းကျင်မှာ သားရဲတိရစ္ဆာန်တွေ အများကြီးရှိတယ်။ ကျားတွေ၊ ကျားသစ်တွေ ဆင်တွေရှိတယ်။ တောကောင်ကြီးတွေက ဒီတောင်ကျချောင်းမှာလာပြီး ရေသောက်ဆင်းကြတယ်။ လူကိုတွေ့ရင်လည်း အန္တရာယ်ပေးတတ်တယ်။ ဒါကြောင့် ချောင်းနားကို လုံးဝမသွားပါနဲ့'

'ဟော…'

ဒီတစ်ခါတော့ ကျောင်းသားများအားလုံးက တစ်ညီတည္တတ်တည်း ပိုင်းပြီးအော်လိုက်ကြသည်။ အားလုံး၏ စိတ်ထဲတွင်လည်း ဦးသြက တမင်သက်သက် ခြောက်လှန့်ပြောဆိုနေခြင်း ဖြစ်သည်ဟု ထင်နေကြသည်။ ထိုစဉ် ကျောင်းသားတစ်ယောက်က တောဆင်ရိုင်းများအော်သံကဲ့သို့ လက်နှစ်ဖက်ကို ပါးစပ်နားတွင်ကပ်ကာ လှမ်းအော်လိုက်ပြန်သည်။

'ဝူး… ဝူး… ဆင်ရိုင်းကြီး… ဆင်ရိုင်းကြီးဗျ အမလေး…'

ထိုကျောင်းသား အရွဲ့တိုက် ပြောင်လှောင်လိုက်သည်ကို ကျွန်တော်တို့အားလုံးမှာ ဆူညံပွက်လောရိုက်အောင်ပင် ရယ်မောလိုက်ကြသည်။

'အေး… မင်းတို့အားလုံး အခုတော့ ရယ်နှင့်ကြဦးပေါ့၊ တကယ်တွေ့တဲ့အခါကြရင်တော့ အမေကယ်ပါ။ အမေကယ်ပါလုပ်လို့မရဘူး'

ဦးသြပြောမှ ကျွန်တော်လည်း ဆင်ရိုင်းများနှင့် တွေ့စဉ်တုန်းက ဆောက်တည်ရာမရဖြစ်ခဲ့ရပုံကို ပြန်ပြီး သတိရလိုက်မိသည်။ ထိုနောက်





ဦးသြက ကျွန်တော်တို့အားလုံးကို ဖေ့စိုက်အကဲခတ်ကြည့်လိုက်ပြီး…

'မင်းတို့ကို ပဲခူးရိုးမရဲ့ အယူအဆနဲ့ ဓလေ့ထုံးစံတွေကို ဗဟုသုတဖြစ်အောင် ပြောပြရဦးမယ်'

ဦးသြ၏ အမူအရာက ချက်ချင်းမပြောသေးဘဲ ဟိုလှည့်သည် လှည့်နှင့် ချောင်းဟန့်သလို လုပ်လိုက်၏။ ပြီးမှ…

'ဒီရိုးမတစိုက်မှာ ဆင်တွေကို 'ဘိုးတော်' လို့ပဲခေါ်ကြတယ်။ ဆင်လို့မခေါ်ဘူး ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာ ထူးခြားတဲ့ မမြင်နိုင်တဲ့ စွမ်းအင်တစ်မျိုးရှိတယ်လို့ ယုံကြည်ကြလို့ပဲ'

ကျွန်တော်တို့ အားလုံးမှာ ငယ်ငယ်ကတည်းက ဆင်ကို ဆင်ဟုသာ သိခဲ့ရခေါ်ခဲ့ရသော်လည်း ဦးသြ၏ စကားကြောင့် အတွေးအဆန်းတွေ ဖြစ်နေကြသည်။

'ဆင်တွေက သူတို့အကြောင်း ပြောနေတာကို အဝေးကြီးကနေ ကြားနိုင် သိနိုင်တဲ့ အစွမ်းတွေ ရှိကြတယ်။ သူတို့အကြောင်း ပြောနေတဲ့ နေရာကိုလည်း တစ်ခဏအတွင်းမှာ ရောက်လာတတ်ကြတယ်။ ဒါကြောင့် ဆင်တွေအကြောင်းပြောတဲ့အခါ သူတို့မသိနိုင်အောင်'ဘိုးတော်' လို့ ပြောင်းပြီးခေါ်ကြရတယ်။ ဒီနားတစိုက်မှာတော့ သူတို့နဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ အဖြစ်အပျက်တွေ အများကြီးရှိတယ်။ မင်းတို့လဲ နောက်ဆိုရင် တဖြည်းဖြည်းသိလာမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီစခန်းမှာနေရင် ဒီစည်းကမ်းတွေကို လိုက်နာသလို ဒီတော ဒီတောင်ရဲ့ စည်းကမ်းတွေကိုလဲ လိုက်နာရမယ်။ ဒါဆိုရင် မင်းတို့အတွက် အန္တရာယ်ကင်းလိမ့်မယ်'

ဦးသြက သူ့စကားကို အဆုံးသတ်ရင်း အမောဖြေလိုက်၏။ ကျောင်းသားများမှာလဲ ဦးသြ၏ စကားကြောင့် တအံ့တသြဖြင့် အိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်ငြိမ်သက်စွာ နားထောင်နေကြသည်။ ကျွန်တော်လည်း ဦးသြ၏ ဆင်နှင့်ပတ်သက်သော အကြောင်းများကို လွန်စွာစိတ်ဝင်စားနေမိ၏။

'အင်း… ကိုသိုက်လူနဲ့ အေးအေးဆေးဆေး စကားပြောလို့ရတဲ့ တစ်နေ့ကျရင်တော့ ဒီအကြောင်းတွေကို မေးကြည့်ရမယ်'

ထိုစဉ် ဦးသြက သင်တန်းဆရာများထိုင်နေသည့် ဘက်သို့ လှည့်ပြီး…

'သိုက်လူနဲ့ ခင်မောင်ထွန်း မင်းတို့နှစ်ယောက် ဒီကို ခဏလာဦး'

သူတို့နှစ်ယောက်မှာ ဦးသြအနားသို့ ရောက်သည်နှင့် ကိုယ်ကို ကိုင်းညွှတ်ကာ အရိုအသေပေးလိုက်ကြသည်။ ထို့နောက် ဦးသြက…

'မင်းတို့နှစ်ယောက်က သင်တန်းသားသစ်တွေကို တောထဲမှာ အန္တရာယ်တစ်စုံတစ်ရာကြုံတဲ့အခါ ဘယ်လို ကာကွယ်ရမယ်ဆိုတာကို နမူနာလုပ်ပြရမယ်။ ဘယ်လိုအန္တရာယ်မျိုးလဲဆိုတော့… '

ဦးသြက သူ့စကားကို ဆက်မပြောသေးဘဲ ခဏရပ်ထားလိုက်သည်။ ကိုသိုက်လူနှင့် ကိုခင်မောင်ထွန်းတို့က ဦးသိုက်လူ၏ စကားကို သတိအနေအထားနှင့် ရပ်စောင့်နေကြသည်။

'ဘယ်လိုအန္တရာယ်မျိုးလဲဆိုတော့… ဥပမာ 'ဘိုးတော်' တွေနဲ့ တွေ့တဲ့အခါမျိုး'

ဦးသြစကားဆုံးသည်နှင့် သူတို့နှစ်ယောက်စလုံးက တောအစပ်က ဝါးရုံပင်ကြီးဆီသို့ ကွေ့ကာဝိုက်ကာ ပြေးထွက်သွားကြသည်။ ထို ဝါးရုံပင်ကြီးအောက်သို့ ရောက်သည်နှင့် ချက်ချင်းပင် ဝါးပင်များပေါ်သို့ လျင်မြန်စွာ တက်သွားကြလေသည်။





သူတို့နှစ်ယောက် ဝါးပင်များပေါ်သို့ တက်သွားကြသည်မှာ လျင်မြန်ဖျတ်လတ်လွန်းသဖြင့် ဆင်တွေများ တကယ်သူတို့နောက်မှ လိုက်နေသလားဟုပင် ထင်ရသည်။

'ဖြောင်း… ဖြောင်း… ဖြောင်း… ဖြောင်း'

'ကောင်းတယ်… ကောင်းတယ်… ပြန်ဆင်းခဲ့တော့'

ဦးသြက သူ့လူနှစ်ယောက်ကို လက်ခုပ်တီးပြီး ချီးကျူးလိုက်၏။ ထို့နောက် ကျွန်တော်တို့ဘက်သို့ လှည့်ပြီး…

'သူတို့လုပ်ပြနေတာကို မင်းတို့ တွေ့လိုက်ကြတယ် မဟုတ်လား၊ မင်းတို့လဲ ဘိုးတော်တွေနဲ့ ရုတ်တရက် တွေ့တဲ့အခါ ဝါးရုံပင်ကြီးတွေပေါ် ရအောင် ပြေးတက်ပါ။ ဝါးပင်အောက်ခြေတွေက ရှုပ်တော့ ဒီကောင်ကြီးတွေ မတိုးနိုင်တော့ဘူး'

'ဒီမှာရော ဆင်ရိုင်းတွေ၊ အဲ… ဘိုးတော်တွေ ခဏခဏလာဖူးလား'

ကျွန်တော်က ဦးသြကြားအောင် အသံကျယ်ကျယ်ဖြင့် လှမ်းအော်မေးလိုက်၏။ ဦးသြက ကျွန်တော့်ကို ကြည့်ပြီး…

'ပြီးခဲ့တဲ့နှစ်တွန်းက တစ်ခါဖြစ်ဖူးတယ်၊ ဒီက တဲတွေလဲ တော်တော်ပျက်စီးသွားတယ်၊ ဒီစခန်းက ဆရာတစ်ယောက်နဲ့၊ ဝန်ထမ်း တစ်ယောက်… '

သူ့ထံမှ နောက်ထပ် စကားသံများကို မကြားရတော့ပါ။ သူ့ မျက်နှာပေါ်တွင်လည်း ဝမ်းနည်းဆွေးမြည့်သည့် အရိပ်အယောင်များကို မီးရောင်ဖြင့် လှမ်းမြင်နေရသည်။ ဦးသြထံမှ နောက်ထပ် မကြားရတော့သည့် ကြေကွဲစရာအဖြစ်အပျက်များကို တွေးမိရင်း ကျွန်တော်တို့ အား



www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။ ဆင်အနှင်းခံရမည့် အဖြစ်ကိုလည်း တွေးကြည့်ရင်း ကျောရိုးထဲမှ အလိုလို စိမ့်ခနဲ ဖြစ်သွားမိသည်။ ဒီအကြောင်းများကို ထပ်လဲမတွေးချင်၊ ထပ်လဲမကြားချင်တော့။

'ဖေဖေနဲ့ မေမေတို့က ငါ့ကို ဘယ်လိုစခန်းမျိုးကို ပို့လိုက်တာပါလိမ့်၊ ဒီအကြောင်းတွေကို သူတို့သိအောင် ပြောပြချင်လိုက်တာ'

ကျွန်တော့်ရင်ထဲမှ ဖေဖေနှင့် မေမေတို့ကို လှိုက်လှိုက်လှဲလှဲကြီး သတိရနေမိတော့သည်။ ထိုစဉ် ဦးသြက ကျွန်တော်တို့ အားလုံးရှိရာသို့ လှည့်ပြီး ခပ်လှမ်းလှမ်းမှ တဲကြီးကို လက်ညှိုးထိုးပြနေ၏။

'ဟိုး... ရှေ့ကတဲအဖြူကြီးကို တွေ့လား'

ထိုအဖြူရောင်တဲကြီးမှာ တောင်တက်လမ်းကလေး၏ဘေး တောင်စောင်းပေါ်တွင် တစ်လုံးတည်း ထီးထီးကြီးဖြစ်နေ၏။ ထိုတဲကြီးမှာ အခြားတဲများနှင့် မတူဘဲ ကြီးကျယ်ခမ်းနားလွန်းနေသည်။ ကျွန်တော်တို့ ဒီစခန်းသို့အလာတွင် လှမ်းမြင်ထားဖူးသော တဲကြီးဖြစ်ပြီး အားလုံးကလည်း ထိုတဲဖြူကြီးကို စိတ်ဝင်တစားနှင့် သိချင်နေကြသည်။ ထိုတဲဖြူကြီးကို မီးဖိုမှ အလင်းရောင်ဖြင့် ခပ်ရေးရေးမြင်နေရ၏။

'မင်းတို့အားလုံးမှတ်ထားကြ၊ အဲဒီတဲဖြူကြီးက 'သိုက်စောင့်တဲ' လို့ခေါ်တယ်။ ဒီနေရာကို မင်းတို့ရော ငါတို့ရော လုံးဝ သွားခွင့်မရှိဘူး'

ဦးသြ၏ အသံက အမှောင်ထဲတွင် မိုးကြိုးပစ်သလို ဟိန်းထွက်သွား၏။ ကျွန်တော်က ဦးသြညွှန်ပြနေသည့် တဲဖြူကြီးကိုကြည့်ကာ အလိုလို ကြက်သီးမွေးညှင်းတွေ ထသွားသည်။

'မင်းတို့ကို နောက်တစ်ကြိမ်ထပ်ပြောမယ်။ အဲဒီတဲကို သိုက်စောင့်တဲလို့ခေါ်တယ်။ အဲဒီနေရာ ပတ်ပတ်လည်ကို သစ်သားချောင်း





တွေနဲ့ အသေရိုက်ပြီး ကာထားတာ နှစ်ပေါင်းအတော်ကြာပြီ။ မင်းတို့ အားလုံး တစ်ယောက်မှ အဲဒီအနားကို မသွားကြပါနဲ့'

ကျွန်တော်တို့အားလုံးမှာ ဘာမှပြန်မပြောကြဘဲ တိတ်ဆိတ်စွာ နားထောင်နေကြသည်။ တချို့ကျောင်းသားများထံမှ ရယ်သံသဲ့သဲ့ကြားနေရ၏။ တကယ်ဆိုလျှင် သူတို့ရင်ထဲမှ ဖြစ်ပေါ်လာသော ကြောက်စိတ်ကို ဖုံးကွယ်ဖို့ ကြိုးစားနေခြင်းသာ ဖြစ်မည်ထင်သည်။

'ဒီတဲကို ဘာဖြစ်လို့ သိုက်စောင့်တဲလို့ ခေါ်တာလဲဗျ'

ရှေ့ဆုံးမှ ကျောင်းသားတစ်ဦးက ဦးသြကို လှမ်းမေးလိုက်သည်။ ကျွန်တော်အပါအဝင် ကျန်သူများအားလုံးမှာလည်း ဒီအကြောင်းကို အထူးသိချင်နေကြသည်။

'မြေမသန့်လို့'

တစ်လုံးခြင်း ပီပီသသပြောလိုက်သော ဦးသြ၏အဖြေက ကျွန်တော်တို့အားလုံး၏ နားအတွင်းသို့ ခြောက်ခြောက်ကပ်ကပ်ကြီး ဝင်သွားသည်။

ချစ်ထွေးက ကျွန်တော့်အနားသို့ တိုးကပ်လာပြီး လေသံခပ်အုပ်အုပ်ဖြင့်...

'ငါတို့ အဲဒီနေရာကို သွားကြည့်ရအောင် ရဲမြင့်'

'မင်း... တကယ်သွားရဲလို့လား'

ကျွန်တော်က ချစ်ထွေးအကြောင်းကို သိသဖြင့် ခပ်တည်တည်ဖြင့် သူ့ကို ပြန်မေးလိုက်သည်။

'ဟီး... ဟီး'

ချစ်ထွေးက ကျွန်တော့်အမေးကို ဘာမှပြန်မပြောဘဲ စပ်ဖြီးဖြီး



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပြနေသည်။ ခဏအကြာတွင် ဦးသြထံမှ ကျွန်တော်တို့အတွက် ဆုတောင်းစကားများကို ကြားနေရသည်။ ညအမှောင်ထဲတွင် လှမ်းမြင်နေရသော ဦးသြ၏ မျက်နှာမှာ လိမ္မော်ရောင် မီးတောက်များကြောင့် တဖိတ်ဖိတ် တောက်နေ၏။

'မင်းတို့အားလုံး ဒီစခန်းမှာ ကျန်းမာပျော်ရွှင်ပါစေလို့ ဆုတောင်းပါတယ်။ မင်းတို့ကိုယ်တိုင်လည်း ဒီစခန်းရဲ့ စည်းကမ်းတွေကို တိတိကျကျလိုက်နာပြီး အလုပ်ကို ကြိုးစားကြပါ။ ရွှေမိုင်းသတ္တုတူးဖော်ရေးစခန်းက လုံ့လဝီရိယရှိတဲ့လူတော် လူကောင်းတွေဖြစ်ပြီး ဒီနှစ်မှာ ငါတို့အားတိုးရမယ့် လူငယ်တွေဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်'

ထင်းမီးတောက်များ တဖျစ်ဖျစ်မြည်သံကြားမှ ဦးသြ၏အသံက တစ်ချက်ကလေးမှ တိမ်ဝင်သွားခြင်းမရှိဘဲ ကျွန်တော်တို့အဖို့ အားတက်စရာ တစ်ခုပင် ဖြစ်နေသည်။

BURMESE CLASSIC .com

'မင်းတို့ကို အရေးကြီးတဲ့ မှာစရာတစ်ခုရှိသေးတယ်'

'ဟာ... တော်ပါတော့ နားထဲမှာ မီးခိုးတွေထွက်နေပြီဗျို့'

ဦးသြ၏ စကားများက အခုအထိ ဆုံးခန်းတိုင်မရောက်သေးသဖြင့် တချို့ကျောင်းသားများမှာ သိပ်စိတ်မရှည်ကြတော့။ ဦးသြက...

'မင်းတို့အားလုံး နေ့တိုင်း အိမ်ကို စာရေးကြရမယ်၊ နေ့တိုင်းရေးရမှာနော်။ မင်းတို့စာတွေထဲမှာ ဒီစခန်းက ဘယ်လောက်သာယာတဲ့အကြောင်း၊ ဘယ်လောက်ပျော်ဖို့ကောင်းတဲ့အကြောင်း၊ စည်းကမ်းကြီးတဲ့အကြောင်းနဲ့ အဆင်ပြေတဲ့အကြောင်းတွေပဲ ရေးရမယ်'

ဦးသြက စကားကို ဖြတ်ကာ လက်ပြရင်း အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ မင်းလွင်က သူ့လက်မှ ပတ်တီးစည်းထားသည့် ဒဏ်ရာကို မြှောက်ကာ ကျွန်တော်တို့ကို လှမ်းပြောနေ၏။





'ဟေ့ကောင်တွေ ငါ့လက်က ဒဏ်ရာက သွေးတွေ ပိုထွက်လာနေသလိုပဲကွ'

သူ့ပုံစံကလည်း ဒဏ်ရာကိုကြည့်ရင်း တော်တော်ကလေး အထိတ်တလန့်ဖြစ်နေပုံရသည်။ ကျွန်တော်က မင်းလွင်၏ မသာမယာ မျက်နှာကြီးကို လှမ်းကြည့်ရင်း...

'ဒါဆို... ငါတို့ ဦးသိုက်လှကို သွားပြောမှဖြစ်မယ်၊ သူ့ဆီမှာ တခြားဆေးတွေ ဘာတွေ ရှိချင်ရှိနေမှာပေါ့'

ကျွန်တော်တို့မှာ မတ်တတ်ရပ်ရင်း အညောင်းပြေ ခါးများကို ဆန့်လိုက်ကြပြီး ကိုယ့်တဲသို့ ကိုယ်ပြန်ရန် လှုပ်ရှားနေကြသည်။ ကျွန်တော်နှင့် မင်းလွင်မှာ အခြားကျောင်းသားများကဲ့သို့ လှည့်မပြန်သေးဘဲ ယောင်လည်လည်လုပ်နေကာ ကိုသိုက်လှဆီသွားရန် ပြင်လိုက်သည်။ ကိုသိုက်လှမှာ အခြားသင်တန်းဆရာတစ်ယောက်နှင့်အတူ ကျွန်တော်တို့နှင့် မလှမ်းမကမ်းတွင် စကားပြောနေသည်ကို တွေ့လိုက်ရသည်။

'ကိုသိုက်လှ'

မင်းလွင်က ကိုသိုက်လှကို လှမ်းခေါ်လိုက်၏။ ထိုအချိန်မှာပင် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသည့် ကျောင်းသားများက ကျွန်တော်တို့ကို တွန်းတိုက်သွားကြသဖြင့် ရှေ့သို့ တော်ရုံနှင့် မရောက်နိုင်ဘဲ ဖြစ်နေရသည်။ တခဏအတွင်းမှာပင် အားလုံးရှင်းသွားသည့် မြင်ကွင်းထဲ၌ ကိုသိုက်လှတို့ကို ထိုနေရာတွင် မတွေ့ရတော့။

သူကား ထွက်သွားနှင့်ပြီဖြစ်သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် မင်းလွင်မှာ ချင်ချင်းပင် ပတ်ဝန်းကျင်အနီးအနား တစ်ဝိုက်ကို ပြာပြာသလဲ ရှာဖွေ့ယမ်းကြည့်လိုက်၏။ သို့သော် ကိုသိုက်လှကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။

'သူ မီးပိတ်ချိန်အမှီ တဲကို ပြန်သွားတာဖြစ်မယ်ထင်တယ်ကွ'

ကျွန်တော်က စိတ်ထဲမှာရှိသည့်အတိုင်း မင်းလွင်ကို ပြောလိုက်သည်။ မင်းလွင်က သူ့လက်မှ ဒဏ်ရာကို ကျန်လက်တစ်ဖက်ဖြင့် ဖွဖွလေး ဆုပ်ကိုင်ထားပြီး...

'ဒါဆိုလဲ ငါတို့ မြန်မြန်လိုက်သွားကြမယ်ကွာ'

ပြောပြောဆိုဆို မင်းလွင်က ကျွန်တော့်ရှေ့မှ အလောတကြီးဖြင့် ခပ်သုတ်သုတ် လျှောက်သွားလိုက်သည်။

ကျွန်တော်တို့နှစ်ယောက်မှာ မီးတောက်များ ငြိမ်းစပြုနေပြီ ဖြစ်သော မီးပုံကြီးဘေးနားမှ ကွေ့ဝိုက်ကာ တဲဆီသို့ ခပ်သုတ်သုတ် လျှောက်လာကြ၏။ ညဦးပိုင်းက အရှိန်တစ်ဟုန်းဟုန်းတောက်လောင်ခဲ့သော မီးပုံကြီးမှာ မီးကျည်းမီးခဲများ၏ အရောင်ဖြင့် ရဲရဲတောက်နေ၏။

ကျွန်တော်တို့ စခန်းချရာတဲအမှတ် 'လေး' သို့ တောင်ကြောလမ်းကလေးအတိုင်း ကွေ့ကွေ့ကောက်ကောက် လျှောက်လာရာ တဲကို ခပ်ရေးရေးပင် လှမ်းမြင်နေရပြီဖြစ်သည်။





'ငါ့လက်က အရမ်းနာနေပြီ ရဲမြင့်'

မင်းလွင်က သူ့လက်ကို တကိုင်ကိုင်ဖြင့် ကျွန်တော့်ကို လှမ်းပြောပြီး ညည်းတွားနေသည်။ ကျွန်တော်က ဘာမှပြန်မပြီး သူ့ကို မပြောဘဲ ညနေက အိပ်ယာခင်းစနှင့် ပတ်ပြီး လွှင့်ပစ်လိုက်သည့် မြွေနှစ်ကောင်ကို မျက်စိထဲတွင် မြင်ယောင်နေရင်း မြေပြင်သို့ ဂရုစိုက်ကြည့်ကာ သတိထားပြီး လျှောက်လာနေမိ၏။

'ဟောကောင် ရဲမြင့် ငါတကယ်ပြောနေတာကွ၊ ငါ့လက်က သွေးတွေက တဖြည်းဖြည်း ပိုထွက်လာသလိုပဲ၊ နောက်ပြီး ငါ မူးချင်သလိုလို ဖြစ်နေပြီ'

'သိပ်လဲစိတ်ပူမနေပါနဲ့ မင်းလွင်ရာ၊ ငါတို့ ကိုသိုက်လှနဲ့တွေ့ရင် တစ်ခုခုတော့ အဆင်ပြေသွားမှာပါ'

ကျွန်တော်က မင်းလွင်ကို စိတ်သက်သာရသွားအောင် တမင်ပြောလိုက်ရသော်လည်း ကိုသိုက်လှနှင့် တကယ်တွေ့ရင်တောင်မှ ဆေးတစ်ခုခု သူ့ဆီမှာ ရှိမနေလျှင် ဘာလုပ်ရမည်လဲဟု အမျိုးမျိုး စဉ်းစားကြည့်နေမိသည်။

'အူး... ဝူး... ဝူး...'

ထိုစဉ် ရုတ်တရက် အမှောင်ထဲမှ ကြောက်မက်ဖွယ်အော်သံကြီးများကို ကျွန်တော်တို့နှစ်ယောက်လုံး သွေးပျက်ဖွယ်ကြားလိုက်ရသည်။ ထိုအသံများကို ကြားကြားခြင်း ကျွန်တော်တို့နှစ်ယောက်၏ ခြေလှမ်းများမှာ တုံ့ခနဲ ပြိုင်တူရပ်လိုက်ကြသည်။

ထိုသွေးပျက်ဖွယ်အသံကြီးများက ဝေဒနာအပြင်းအထန်ခံစားနေရသည့် လူမမာများ ငိုညည်းနေကြသလို အဆက်မပြတ်ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်က လည်ချောင်းထဲမှ တံတွေးကို အကြိမ်ကြိမ်မျိုချရင်း ကျွန်တော့်ကို စိုက်ပြီးကြည့်နေ၏။ သူ့မျက်နှာပေါ်တွင်လည်း ပြုံးပြုံးဖျာဖျာ ထိတ်လန့်တုန်လှုပ်နေ၏။

'ဒီ... ဒီအော်သံတွေက သိုက်စောင့်တဲ့ကလာတဲ့ အသံတွေပဲကွ'

မင်းလွင်၏ တုန်ရင်နေသော အသံက အမှောင်ထုထဲတွင် တိုးတိတ်ပျောက်ကွယ်သွားသည်။

■





# အခန်း (၇)

ကျွန်တော်နှင့် မင်းလွင်မှာ ချက်ချင်းသတိပြန်ဝင်လာပြီး တဲရှိရာသို့ ခပ်သုတ်သုတ်ဆက်ပြီး လျှောက်လာလိုက်သည်။ ထိုအသံကြီးမှာ ကျွန်တော်တို့နောက်တွင် ကျန်ခဲ့သော်လည်း နားထဲတွင် ဆက်ပြီး ကြားနေရတုန်းပင် ဖြစ်သည်။ ကျွန်တော်တို့နှစ်ဦးမှာ အသက်ကိုလုပြီး ရှူသွင်းနေရပြီး ခြေထောက်နှစ်ချောင်းစလုံးမှာ ဘယ်ညာယိမ်းယိုးနေကြသည်။

ကျွန်တော်တို့ စခန်းချရာတဲဝသို့ ရောက်သောအခါ ကျွန်တော်က နောက်သို့ မဝံ့မရဲနှင့် တစ်ချက်လှည့်ကြည့်လိုက်သည်။ သို့သော် မည်းမှောင်နေသော ပတ်ဝန်းကျင်တစ်ခုလုံး ဘာအရိပ်အယောင်မှ မတွေ့ရချေ။ တဲအတွင်းသို့ နှစ်ယောက်သား အမောဆို့လှမတတ်နှင့် လှမ်းဝင်လိုက်ကြသည်။ အတွင်း၌ ကျော်လင်းနှင့် ချစ်ထွေးမှာ သန့်ရှင်းသပ်ရပ်စွာ ခင်းကျင်းထားသည့် သူတို့၏ အိပ်ယာပေါ်တွင် စိတ်အေးလက်အေးနှင့် ထိုင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



‘ကိုသိုက်လူ… ကိုသိုက်လူ ဘယ်မှာလဲ’

မင်းလွင်က တဲအတွင်းသို့ လှမ်းဝင်ဝင်ခြင်း ကိုသိုက်လူကို လှမ်းအော်မေးနေ၏။

‘သူ ပြန်မရောက်သေးဘူးကွ’

ကျော်လင်းက သူ့ခုတင်ပေါ်မှ ပြန်ပြီး လှမ်းပြောနေသည်။

‘ဒါဆို ဘယ်မှာလဲ ငါ့လက်က အရမ်းနာနေပြီကွ၊ သူ့ကို တွေ့အောင်ရှာမှဖြစ်မယ်’

‘စိတ်အေးအေးထားပါ မင်းလွင်ရာ၊ သူ ခဏနေရောက်လာမှာပေါ့’

ချစ်ထွေးက အထိတ်တလန့်အော်ဟစ်နေသည့် မင်းလွင်အနားသို့သွားကာ အားပေးနှစ်သိမ့်သည့် လေသံနှင့် ပြောနေသည်။

တဲအတွင်း ပြတင်းပေါက်များက ပွင့်နေသဖြင့် ကျွန်တော်တို့ လမ်းတွင် ကြားခဲ့ရသော ထူးဆန်းသည့် အော်သံဟစ်သံကြီးများကို ကျွန်တော့်နားထဲမှ ကြားနေရတုန်းပင် ဖြစ်သည်။

‘ဟေ့ကောင်တွေ ကြားလား’

ကျွန်တော်က သူတို့ကို လက်ဟန်ပြပြီး အပြင်ဘက်မှ အသံဆိုးကြီးများကို နားစိုက်ထောင်ခိုင်းလိုက်၏။ ချစ်ထွေးနှင့် ကျော်လင်းမှာ ကျွန်တော့်စကားကြောင့် ခဏငြိမ်ပြီး နားစွင့်နေကြသည်။ကျော်လင်းက…

‘ဒါ… တောကြောင်တွေအော်တဲ့အသံ ဖြစ်မယ်ကွ’

‘တောကြောင်က ဒီလို အော်မလားကွ၊ ကြောင်ဆိုတာမျိုးက အသံတစ်မျိုးတည်းကိုပဲ ခဏခဏ ထပ်အော်တာ၊ အသံတစ်သံတည်းကို အကြာကြီးဆွဲပြီး မအော်တတ်ဘူးတော့ရဲ့ မှတ်ထား’





မင်းလွင်က ရှင်းပြသလိုနှင့် ကျော်လင်းကို တစ်ချက်ငေါက်လိုက်သည်။

‘မင်းကို ဘယ်သူပြောလဲ’

ကျော်လင်းက ခုတင်ပေါ်မှဆင်းကာ ကိုသိုက်လူခုတင်ရှိရာသို့ လျှောက်လာရင်း ပြန်မေးလိုက်သည်။

‘ငါတို့ကျောင်းမှာ သင်ရတယ်လေ မင်းမသိဘူးလား’

မင်းလွင်က ခပ်တည်တည်နှင့် ထပ်ပြီးပြောလိုက်သည်။ တကယ်တော့ ကျောင်းမှာ သင်ရသလား မသင်ရသလား သူကိုယ်တိုင်လည်း သေချာမသိပါ။

ထိုစဉ် နောက်ထပ်တစ်ကြိမ် ဆွဲဆွဲငင်ငင်ကြီး အော်လိုက်သံကြောင့် ကျွန်တော်တို့အားလုံးမှာ တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း ငြိမ်သက်သွားကြသည်။

‘ဒါ… လူသံနဲ့တူတယ်ကွ’

ချစ်ထွေးက ကျွန်တော်တို့ကိုပြောရင်း ပြတင်းပေါက်ရှိရာသို့ သွားကာ အပြင်ဘက်မှ အမှောင်ထဲသို့ စူးစူးစိုက်စိုက် လှမ်းကြည့်နေသည်။ ထို့နောက် သူက…

‘သိုက်စောင့်တဲ့ဆိုတာ တကယ်တော့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဒီနေရာကို စောင့်ရှောက်ဖို့ လူတစ်ယောက်ကို အလုံပိတ်ပြီး အရှင်လတ်လတ် ‘စတေး’ ထားတဲ့နေရာကွ’

ချစ်ထွေးစကားကြောင့် မင်းလွင်မှာ မျက်လုံးများ ထွက်ကျမတတ် ပြူးကျယ်သွားပြီး…

‘မင်း တကယ်ပြောနေတာလား၊ ဒါ… နောက်စရာမဟုတ်ဘူးနော်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေး’

‘ဟား… ဟား… ဟား… ဟား…’

ဒီတစ်ကြိမ်တော့ အလှည့်ကျသူမှာ မင်းလွင်ဖြစ်သွားသည်။ ချစ်ထွေးက မျက်စိမျက်နှာပျက်နေသော မင်းလွင်ကိုကြည့်ပြီး အားရ ဝါးရ ရယ်နေတော့သည်။

‘မင်းကမှ သူများပြောတိုင်းယုံတဲ့ တကယ့်ငတုံး သိရဲ့လား’

ကျော်လင်းကပါ အခွင့်အရေးရတုံး မင်းလွင်ကို အမိအရ လက်စားပြန်ချေလိုက်သည်။

‘တော်ကြပါတော့ကွာ ဒီမှာ ငါ့လက်ကို ဘာလုပ်ရမှန်းမသိဘူး အရမ်းနာနေပြီ’

မင်းလွင်က သူ့လက်ကိုကြည့်ရင်း ကျွန်တော်တို့ကို ရှုံ့မဲ့ပြောနေ၏။ သူ့လက်ခုံမှာလဲ စောစောကထက်ပင် ပိုပြီး ယောင်ယမ်းနေသည်။ ဒဏ်ရာပေါ် ရစ်ပတ်ထားသော ပတ်တီးအဖြူမှာ သွေးများဖြင့်ရဲရဲနီနေ၏။

‘မင်းရဲ့အနာက သွေးတွေထွက်နေတုန်းပဲထင်တယ် မင်းလွင်၊ ရေသွားဆေးပြီး ပတ်တီးအသစ်တစ်ခု ထပ်ပြီး ပတ်လိုက်ပါလား’

ကျွန်တော်က မင်းလွင်၏လက်မှ ဒဏ်ရာကို အခန်းအတွင်း ထွန်းညှိထားသော မီးရောင်ဖြင့် လှမ်းပြီးမြင်လိုက်ရသည်။ စခန်းအတွင်း ရှိ တဲကလေးများမှ ထွန်းထားသော မီးရောင်များမှာ ခပ်မှိန်မှိန် ခပ်ပြပြ လေးသာဖြစ်ပြီး အပြင်ဘက်ပတ်ဝန်းကျင်တစ်ခုလုံးမှာတော့ ပိန်းပိတ် အောင် မည်းမှောင်နေသည်။

‘ဒီမှာ ဆရာဝန်မရှိဘူးဆိုတာ မဖြစ်နိုင်ဘူးကွာ၊ ကိုသိုက်လူ ငါ့ကို သက်သက်မဲ့ချောက်တွန်းတာပဲ ဖြစ်မယ်’





မင်းလွင်မှာ မကျေမနပ်ဖြင့် ကိုသိုက်လူကို အပြစ်တင်နေပြန်၏။

‘ဦးဩကတော့ မင်းသေသွားလဲ သံနားမယ်မထင်ဘူး။ မင်း အလောင်းကြီးကို ဒီတဲထဲမှာမြှုပ်ပြီး သိုက်စောင့်တဲနှစ် ဆိုပြီး လုပ်မှာ သေချာတယ် မင်းလွင်’

ချစ်ထွေးက ပြတင်းပေါက်ဘောင်ပေါ်သို့ လက်တင်ထားရင်း မင်းလွင်ကို နောက်နေပြန်သည်။ ထို့နောက် သူ့လက်ကို ပြတင်းပေါက် ဘောင်ပေါ်မှ အောက်သို့ ပြန်ချပြီး…

‘မင်းတို့အားလုံး ‘သိုက်စောင့်တဲ’ နဲ့ ဝေးဝေးနေကြပါ။ ဒီစခန်း မှာနေရင် ဒီအကြောင်းကို မပြောရဘူး။ အဲဒီနေရာကိုလည်း လုံးဝမသွား ရဘူး ဒါပဲ’

ချစ်ထွေးက အသံရော အမူအရာပါ ဦးဩအတိုင်း တစ်ထပ် တည်းတူအောင် လုပ်ပြလိုက်သဖြင့် ကျွန်တော်တို့အားလုံးမှာ ဝိုင်းပြီး ရယ်လိုက်ကြသည်။ ကျော်လင်းက စိတ်အားထက်သန်စွာဖြင့် ကျွန်တော် တို့အားလုံးကို ကြည့်ရင်း လှမ်းပြောလိုက်သည်။

‘ငါတို့အားလုံး ဒီည အဲဒီနေရာကို သွားကိုသွားကြမယ်’

●



www.burmeseclassic.com

www.burmeseclassic.com



'အူ... ဝူး...'

သိုက်စောင့်တဲ့ရှိရာ တောင်ကုန်းဆီမှ အော်သံများကို နောက်ထပ်တစ်ကြိမ် ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရပြန်သည်။

'မ... မသွားပါနဲ့ကွာ'

မင်းလွင်က အထစ်ထစ်အငေါ့ငေါ့ဖြင့်ပြောရင်း ပွင့်နေသော တံခါးပေါက်ကြီးကို လှမ်းပြီးကြည့်လိုက်သည်။ ထို့နောက်...

'ငါ... လက်သွားဆေးလိုက်ဦးမယ်'

ပြောပြောဆိုဆို အပြင်ဘက်သို့ ခပ်သုတ်သုတ်ပြေးထွက်သွားသော မင်းလွင်၏ နောက်ကျောကိုကြည့်ကာ ချစ်ထွေးက လှမ်းပြောလိုက်၏။

'ဒီကောင် ကြောက်နေပြီကွ၊ ရယ်ရတယ်... ဟား... ဟား'

'တကယ်ပြောရင် ငါလည်း နည်းနည်းတော့ ကြောက်တယ်ကွ'

လွှတ်ခနဲပြောလိုက်ပြီးမှ ကျွန်တော့်စကားကို ကမန်းကတန်း ပြန်ပြင်လိုက်ရသည်။





'မဟုတ်ဘူး... ဟို... ဟို... ငါပြောတာက အဲဒီအော်သံကြီးတွေကိုပြောတာ'

ချစ်ထွေးနှင့် ကျော်လင်းမှာ ကျွန်တော့်ကို ပြုံးစိစိနှင့်ကြည့်ရင်း ကျော်လင်းက...

'မကြောက်ပါနဲ့ကွာ ဒါတွေက ဇာတ်လမ်းတွေပါ။ ဒီကလူကြီးတွေက ငါတို့ကို ညဘက် အပြင်မထွက်ရဲအောင် သက်သက်မဲ့ ခြောက်လှန့်ပြီး ပြောနေတာ'

ချစ်ထွေးက ကျော်လင်းစကားကို ဝင်ထောက်ခံရင်း ဦးသြ၏ အမူအရာအတိုင်း ရင်ဘတ်ကိုကော့ကာ...

'မီးတွေပိတ်ပြီးရင် အပြင်ကို လုံးဝမထွက်ကြနဲ့ ဘာဖြစ်လို့လဲဆိုတော့ မှောင်လို့ ဟီး... ဟီး'

ချစ်ထွေးမှာ သူ့စကားကို သူပြောရင်းနှင့် အူတက်အောင်ရယ်နေတော့သည်။ ကျော်လင်းကတော့ ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းလိုက်ရင်း...

'သိုက်စောင့်တဲ့ဆိုတာ တကယ်မဟုတ်ဘူး၊ အထဲမှာလဲ ဘာမှမရှိဘူး၊ သူတို့ဘာသာ လုပ်ကြံပြီး ပြောနေတာ၊ မင်းတို့လည်း သရဲပုံပြင်တို့ စာအုပ်တို့ ဖတ်ဖူးပါတယ်။ တကယ်တော့ အခုကိစ္စကြီးက သူတို့ဖန်တီးထားတဲ့ ပုံပြင်တစ်ပုဒ်ပါပဲ'

'မင်းက ဘယ်လိုလုပ်ပြီးသိလဲ'

ကျွန်တော်က ကျော်လင်း၏ စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ပြန်မေးလိုက်ရင်း ကျွန်တော့်ခုတင် အောက်ထပ်မှ မင်းလွင်၏ အိပ်ယာပေါ်သို့ ပက်လက်လှန်ရင်း လှဲချလိုက်သည်။

www.burmeseclassic.com

ကျော်လင်းက သက်ပြင်းတစ်ချက်ကို ဟန်ပါပါချရင်း ဘာမှ ပြန်မပြောဘဲ ခုတင်ပေါ်သို့ တက်သွား၏။ ထို့နောက် ပထမဆုံးအကြိမ်အဖြစ် သူ၏ နေကာမျက်မှန်အမည်းကြီးကို ချွတ်လိုက်သည်။

'ဩ်း…'

ရုတ်တရက် ခရာမှုတ်သံ တစ်ချက်ကို ကြားလိုက်ရသည်။

'ဒါ… မီးမိတ်ဖို့ အချက်ပေးတဲ့အသံပဲကွ'

ကျွန်တော်က မင်းလွင်၏ အိပ်ရာပေါ်မှထကာ အညောင်းဆန့်လိုက်ရင်း ချစ်ထွေးနှင့် ကျော်လင်းတို့ကို လှမ်းပြောလိုက်သည်။ တစ်နေကုန် စိတ်ကော လူကော ပင်ပန်းထား၍ ရေချိုး အဝတ်အစားလဲဖို့ပင် စိတ်မကူးတော့ဘဲ ဒီအတိုင်း အိပ်ပစ်လိုက်ရန် ကျွန်တော့်ခုတင်ပေါ်သို့ လှေကားလေးအတိုင်း တက်သွားလိုက်သည်။ ချစ်ထွေးက လေသံခပ်တိုးတိုးဖြင့် ကျွန်တော်တို့နှစ်ယောက်ကို ကြားအောင် လှမ်းပြောလိုက်၏။

'ဒီည အပြင်ကို ခိုးထွက်ပြီး သိုက်စောင့်တဲကို သွားကြမယ်'

ကျွန်တော်က အိပ်ရာပေါ်တွင် ခြေဆန့်လက်ဆန့်လုပ်လိုက်ပြီး ချစ်ထွေးကို ပြန်ပြောလိုက်သည်။

'ငါတော့… အရမ်းအိပ်ချင်နေပြီကွာ၊ မနက်ဖြန်ညမှ သွားကြတာပေါ့'

'အေးကွ… မနက်ဖြန်မှပဲ သွားတော့မယ်၊ ဒီညတော့ အရမ်းပင်ပန်းနေပြီ'

ချစ်ထွေးစကားကို ကျွန်တော်ကော ကျော်လင်းကပါ ပြိုင်တူကန့်ကွက်လိုက်ကြသဖြင့် နောက်ထပ် ချစ်ထွေးဆီကအသံမှာ ပိုပြီးကျယ်လောင်လာ၏။





'မနက်ဖြန်အထိ စောင့်ရမှာလားကွ၊ ငါက အခုကို သွားချင်နေတာ'

'ငါ… ရှိနေရင်တော့ သွားလို့ရမှာမဟုတ်ဘူး'

ရုတ်တရက် ကြားလိုက်ရသည့်အသံက ချစ်ထွေး၏ အသံထက် ပိုပြီး ကျယ်လောင်သွားသည်။ ကျွန်တော်တို့သုံးယောက်မှာ အသံလာရာ ပြတင်းပေါက်ဆီသို့ အိပ်ရာပေါ်မှ လူးလဲထပြီး လှမ်းကြည့်လိုက်ကြသည်။

ပြတင်းပေါက်အပြင်ဘက် အမှောင်ထဲမှ စိမ်းစိမ်းကြီး စိုက်ကြည့်နေသည့် ကိုသိုက်လူ၏ မျက်နှာကြီးကို ဘွားခနဲ တွေ့လိုက်ရသဖြင့် ကျွန်တော်တို့ သုံးယောက်မှာ ထိတ်ထိတ်ပြာပြာဖြင့် လန့်သွားကြသည်။ ကိုသိုက်လူက ကျွန်တော်တို့ကို စေ့စေ့ကြည့်ရင်း…

'မင်းတို့ဆီက နောက်တစ်ခါ ဒီစကားမျိုးကြားရင် ဦးသြကို သွားပြောရလိမ့်မယ်'

သူက ပြောပြီး အမှောင်ထဲသို့ ပြန်လှည့်ထွက်သွား၏။ ထို့နောက် ကျွန်တော်တို့သုံးယောက်သားလည်း စောစောက ပြောဆိုနေကြသည့် အကြောင်းများကို ပြန်တွေးကြည့်ပြီး…

'ငါတို့ပြောတာတွေ အကုန်ကြားသွားပြီလား မသိဘူး၊ ဒီလူက ဦးသြကို သွားပြောရင် ဒုက္ခပဲ'

စောစောက အိပ်ချင်စိတ်များ ဘယ်ရောက်သွားသည်မသိ ခုတင်ပေါ် ငုတ်တုတ်ထိုင်ရင်း ခေါင်းကိုသာ တဖြင်းဖြင်းကုတ်နေမိသည်။ ခဏအကြာတွင် တံခါးကြီးက ဝုန်းခနဲ ပွင့်ထွက်လာပြီး ကိုသိုက်လူဝင်လာ၏။ သူ့မျက်နှာမှာ အနည်းငယ်တင်းမာနေသည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သုံးဦးကို လေသံခပ်မာမာဖြင့်...

'ဦးသြကာ မင်းတို့ကို နောက်နေတာမဟုတ်ဘူး၊ ခြောက်လဲ ခြောက်နေတာမဟုတ်ဘူး။ တကယ်ပြောနေတာ'

'ဟုတ်ကဲ့... ဟုတ်ကဲ့... ယုံပါတယ်ခင်ဗျာ'

ကျော်လင်းက ငေါ့တော့တော့လေသံမျိုးဖြင့် ကိုသိုက်လူကို ပြန်ပြောလိုက်သည်။ ချစ်ထွေးက...

'ငါထင်တာတော့ အဲဒီ သိုက်စောင့်တဲ့က သရဲတွေက ငါတို့ သူတို့ဆီလာမှာ ကြောက်နေပုံပဲကွ'

'ဟော့... ဟော့... ဒါ သရဲမဟုတ်ဘူး၊ တောင်ပိုင်ဘီလူးကွ၊ ဘီလူး နားလည်လား'

ချစ်ထွေး၏ ပြောင်တိပြောင်ချော်စကားကြောင့် ကိုသိုက်လူမှာ လေသံခပ်နိမ့်နိမ့်နှင့် ချက်ချင်းပင် ပြန်ပြောလိုက်၏။ သူ့ပုံစံမှာလည်း ပြောမှားဆိုမှား ဖြစ်သွားမှာကို ကြောက်လန့်နေသည့် ပုံစံဖြစ်နေသည်။ ထို့နောက် ကိုသိုက်လူက သူ့ခုတင်အောက်မှ အံဆွဲကိုဖွင့်ပြီး ဟိုရှာဒီရှာ လုပ်နေ၏။

'တောင်ပိုင်ဘီလူး' ဆိုသည့်အသံကြောင့် ကျွန်တော့်မျက်လုံးများ ပိုကျယ်သွားသည်။ ကျွန်တော်က ခုတင်ပေါ်မှနေ၍ ဦးသိုက်လူကို လှမ်းပြီး မေးလိုက်၏။

'ဦးသိုက်လူ တောင်ပိုင်ဘီလူးဆိုတာ ဘာလဲဗျ'

'တောင်ပိုင်ဘီလူးဆိုတာ တောင်ပိုင်ဘီလူးပေါ့ကွာ'

ကိုသိုက်လူ ပြန်ဖြေလိုက်သည့်စကားကြောင့် ကျွန်တော့်စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားမိသည်။ တကယ်ဆိုလျှင် ကျွန်တော်တို့ကို





သေသေချာချာတော့ ရှင်းပြဖို့ကောင်းသည်။ အခုတော့ ကျွန်တော်တို့ အားလုံးမှာ သူတို့ပြောသမျှ လိုက်ပြီးကြောက်ရမလို အစစအရာရာ စိတ်ကျဉ်းကျပ်နေရသည်။

'တောင်ပိုင်ဘီလူးဆိုတာ အကောင်ကြီးကြီး၊ မျက်လုံးပြူးပြူး၊ အမွေးရှည်ရှည်၊ အစွယ်ငေါငေါနဲ့ ရုပ်ရှင်ထဲကလို ကြောက်စရာ မကောင်းဆိုးဝါးကြီးပေါ့ကွာ'

ကျော်လင်းက ဦးသိုက်လူကြားအောင် မနိုးမခန့်ပြောရင်း ကျွန်တော်တို့ကို လှမ်းကြည့်လိုက်သည်။ ထို့နောက်...

'တဲထဲမှာ ဘာမှမရှိဘူး၊ တောင်ပိုင်ဘီလူးဆိုတာ ကိုသိုက်လူရဲ့ ဇာတ်လမ်းထဲက မင်းသား'

ကျော်လင်းစကားကြောင့် ကိုသိုက်လူမှာ အံဆွဲထဲတွင် ဟိုရှာ သည်ရှာလုပ်နေရာမှ ရပ်လိုက်ပြီး...

'မင်းတို့ကို ငါ ခြောက်လှန့်နေတာ မဟုတ်ဘူး ဟော့ကောင်တွေ၊ ဒုက္ခရောက်မှာစိုးလို့ ပြောနေတာ'

'ဒါဆိုရင် တောင်ပိုင်ဘီလူးဆိုတာ ဘာလဲ ပြောပြလေ'

ကျွန်တော်က နောက်ထပ်တစ်ခါထပ်ပြီး မေးလိုက်ပြန်သည်။

ကိုသိုက်လူက အံဆွဲထဲမှ ဆွယ်တာအင်္ကျီတစ်ထည်ကို ဆွဲထုတ်လိုက်ပြီး အံဆွဲတံခါးကို ဝုန်းခနဲဆောင့်ပြီး ပိတ်လိုက်၏။

'မသိချင်ကြစမ်းပါနဲ့ကွာ'

'လုပ်ပါဗျာ၊ ကိုသိုက်လူကလဲ သိရင် ပြောပြစမ်းပါ'

ကိုသိုက်လူက မပြောလေ ကျွန်တော်တို့က ပိုပြီး သိချင်လေ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

'အလကားပါကွာ သူလည်း အဲဒီနေရာကို မရောက်ဖူးပါဘူး'

ကိုသိုက်လူမှာ ချစ်ထွေး၏ စကားကြောင့် အသက်မပါသလို တစ်ချက်ပြုံးလိုက်ပြီး...

'မင်းတို့ကို တစ်ခုပြောလိုက်မယ်၊ အဲဒီနေရာကို ရောက်ပြီးရင်တော့ အသက်ရှင်လျက်နဲ့ ပြန်လာရလိမ့်မယ် မထင်နဲ့'

'တကယ်လား...'

ချစ်ထွေးက ကိုသိုက်လူ၏ စကားကို မယုံသလိုဖြင့် လှမ်းမေးလိုက်သည်။ ကိုသိုက်လူက ခွယ်တာအင်္ကျီကို ခေါင်းပေါ်မှ စွပ်ချလိုက်ပြီး...

'မင်းတို့မယုံဘူးဆိုရင်တော့ တစ်ညလောက်သွားကြည့်ပေါ့၊ အေး... ဒါပေမယ့် မင်းတို့မသွားခင် မင်းတို့ရဲ့အိမ်လိပ်စာတွေတော့ ငါ့ကို ပေးသွားခဲ့ကြ။ တော်ကြာ မင်းတို့ကို ဆွမ်းသွတ်ပေးမယ့်သူ မရှိဘဲ ဖြစ်နေမယ်... ဟား... ဟား... ဟား...'

ကိုသိုက်လူက ခွယ်တာအင်္ကျီကို ခါးပေါ်သို့ ဆွဲချရင်း တဟားဟားရယ်နေပြီး တဲအတွင်းမှ ပြန်ထွက်သွားတော့သည်။

■





## အခန်း (၈)

မနက်ခင်း၏ မှုန်ပြပြအလင်းရောင်က တောတောင်တစ်ခုလုံးကို ခပ်ပါးပါးလွှမ်းခြုံထားသကဲ့သို့ ဖြစ်နေသည်။ မြူနှင်းများဝေ့နေသည်။ အဝေးမှ တောင်တန်းကြီးကိုကြည့်ရင်း လတ်ဆတ်သင်းပျံ့နေသည့် လေနုအေးကို တစ်ဝကြီး ရှူလိုက်ရသဖြင့် ရင်ထဲတွင် အေးမြသွားသည်။

တဲ၏ အပြင်ဘက်တွင် ငှက်မျိုးစုံတို့၏ အသံက နံနက်ခင်းအလှနှင့် တော်တော်ကလေး လိုက်ဘက်ညီနေ၏။ ကျွန်တော်တို့အားလုံးမှာ တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသဖြင့် အိပ်ယာမှ စောစောနိုးနေကြသည်။

ညက မင်းလွင်တစ်ယောက် ဘယ်အချိန်မှ အပြင်မှပြန်ရောက်သည်ကိုပင် ကျွန်တော်တို့ မသိလိုက်။ အခုမှ မင်းလွင်၏ အသံကြားမှ သတိရကြသည်။

'မိုက်ဆာလိုက်တာကွာ၊ ဒီနေ့မနက် ဘာတွေကျွေးမလဲ မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



မင်းလွင်မှာ ဗိုက်ကို လက်ဖြင့်ပွတ်ရင်း ခုတင်ပေါ်မှ ဆင်းနေ၏။ သူ့လက်မှ ပတ်တီးကတော့ စည်းထားတုန်းပင် ဖြစ်သည်။ ချစ်ထွေးက မင်းလွင်ကို ဘာမှပြန်မပြောဘဲ အိပ်ယာပေါ်တွင် ဟိုလှိမ့်ဒီလှိမ့် လုပ်ကာ အညောင်းဆန့်နေ၏။ ကျော်လင်းကတော့ ထုံးစံအတိုင်း ပဝါစကို ခေါင်းမှာ ပုံစံအမျိုးမျိုးဖြင့် ဖြုတ်လိုက် တပ်လိုက် လုပ်နေသည်။ ထို့နောက် သူ၏ နေကာမျက်မှန်အမည်းကြီးကို စောင်၏ အနားစွန်း တစ်ဘက်နှင့် ပွတ်သပ်နေ၏။

ကိုသိုက်လူမှာ ကျွန်တော်တို့ အိပ်ယာမှ နိုးကတည်းက မတွေ့ရသဖြင့် ဘယ်အချိန်က အပြင်ထွက်သွားမှန်းပင် မသိလိုက်ရ။ သူ့အိပ်ယာပေါ်တွင် သပ်သပ်ရပ်ရပ်ခေါက်ထားသော စောင်တစ်ထည်ကိုသာ လှမ်းတွေ့လိုက်ရသည်။ ဒီလူက ဝီရိယကောင်းသလောက် အလုပ်ကြိုးစားလုပ်သလောက် သူ့ပုံစံက ခန့်မှန်းရခက်သည့် လူစားမျိုးဖြစ်သည်။ ပြီးတော့ ကျွန်တော်တို့နှင့်လည်း အကျွမ်းတဝင်မရှိ၊ စကားပြောလျှင်လည်း အေးတိအေးစက်နိုင်လှသည်။

ကျွန်တော်က ပြတင်းပေါက်အပြင်ဘက်သို့ ငေးကြည့်နေမိသည်။ အပြင်ဘက်တွင် အိပ်တန်းထငှက်ကလေးများက တကျီကျီအော်မြည်ရင်း ဟိုဟိုဒီဒီ ဝဲပျံစပြုနေပြီဖြစ်သည်။ ကျွန်တော်တို့တဲနှင့် ခပ်လှမ်းလှမ်းမှ တိုးတိုးညင်းညင်း စီးဆင်းနေသည့် စမ်းချောင်းကလေး၏ ရေစီးသံကို ခပ်သဲ့သဲ့ကြားနေရသည်။ ယခုအချိန်တွင် ထိုစမ်းချောင်းလေး၏ တစ်ဘက်စခန်းမှ ဆည်းဆာတို့ ရည်မွန်တို့ မိန်းကလေးတစ်သိုက်မှာလည်း ကျွန်တော်တို့ကဲ့သို့ပင် စောစောနိုးနေလိမ့်မည်ဟု ထင်နေမိသည်။ ကျွန်တော်က ပြတင်းပေါက်မှ တိုးဝင်နေသော လေနုအေးလေးများကို





ခံစားရင်း ပထမဆုံး အလုပ်ဝင်ရမည့်နေ့ကို စိတ်ဝင်စားနေမိသည်။ ထို့အပြင် 'ကြိုးစားနော်သား' ဟု အထပ်ထပ်မှာလိုက်သည့် မေမေ့စကားကြောင့် ကျွန်တော့်စိတ်တွေ အမှန်တကယ်ပင် တက်ကြွနေမိသည်။

အခုနေသာ ဖုန်းဆက်လို့ရလျှင် ဖေဖေနှင့်မေမေတို့ကို ဒီအကြောင်းတွေ တစ်ခုမကျန် ပြောပြချင်နေမိသည်။ သို့သော် ဆက်လို့မဖြစ်။ ဒီစခန်းကိုရောက်သည်မှာ အခုမှ တစ်ရက်ပဲရှိသေးသည်။ တော်ကြာ ကျွန်တော့်ကို ကလေးဆန်လွန်းသည်ဟု ဟိုကောင်တွေက ထင်သွားနိုင်သည်။ အထူးသဖြင့် ချစ်ထွေးက ကျွန်တော့်ကို ဟားလိမ့်မည်။

'ဝုန်း... '

ရုတ်တရက် တဲတံခါးကြီးကို ခပ်ကြမ်းကြမ်းတွန်းဖွင့်ပြီး ကိုသိုက်လူ ဝင်လာသဖြင့် ကျွန်တော့်အတွေးစများ ပြတ်သွား၏။

'အဝတ်အစားလဲပြီးရင် ထွက်ခဲ့ကြ၊ မနက်စာသွားစားကြမယ်'

'ဟေး... ဗိုက်ဆာနေတာနဲ့ အတော်ပဲ'

မင်းလွင်က ဝမ်းသာအားရနှင့် ကလေးတစ်ယောက်လို အော်ဟစ်လိုက်သည်။ ဒီကောင်က အစားအသောက်နှင့် ပတ်သက်လျှင် အမြဲတမ်း အငမ်းမရဖြစ်တတ်၏။ ကျော်လင်းက သူ့နေကာမျက်မှန်ကို ပွတ်တိုက်ပြီး မျက်စေ့ဖြင့်ကပ်ကြည့်လိုက် ခွာကြည့်လိုက် လုပ်နေရင်း...

'ဘယ်မှာစားရမှာလဲဗျ'

'ဟိုတဲဖြူကြီးထဲမှာ'

ကိုသိုက်လူက ပြောပြီးပြီးချင်း အပြင်သို့ လှည့်ထွက်သွား၏။ ချစ်ထွေးက ကိုသိုက်လူ၏ နောက်ကျောကိုလှမ်းကြည့်ရင်း အသံခပ်နှိမ့်နှိမ့်ဖြင့် ကျွန်တော်တို့ကို လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'အဲဒါ… သိုက်စောင့်တဲရှိတဲ့ တောင်ကုန်းပဲကွ'

'တကယ်ဟုတ်မဟုတ် ညကျရင် သိရမှာပေါ့ကွာ'

ကျော်လင်းက သူ့ဘောင်းဘီစစ်ကိုဆွဲတပ်ရင်း ကျွန်တော်တို့ကို လှမ်းပြောပြီး အပြင်သို့ ခပ်သုတ်သုတ်ထွက်သွားသည်။ ကျွန်တော်လည်း အချိန်ဆွဲမနေတော့ဘဲ ကျော်လင်းနောက်မှ လိုက်ထွက်လိုက်သွားသည်။

●





မိုလ်တဲဖြူကြီးရှိရာ တောင်တက်လမ်းအတိုင်း ကျွန်တော်တို့လေးယောက်မှာ ရှေ့ဆင့်နောက်ဆင့် လျှောက်လာကြသည်။ ထိုတောင်တက်လမ်းကလေးအတိုင်း လျှောက်လာရင်း 'သိုက်စောင့်တဲ' နေရာရှေ့သို့ ရောက်သောအခါ ကျွန်တော်တို့အားလုံး မသိမသာ လှမ်းပြီး အကဲခတ်လိုက်ကြသည်။

ထိုသိုက်စောင့်တဲမှာ အထဲကိုမဝင်နိုင်အောင် သစ်သားတိုင်များဖြင့် အလုံပိတ်ကာထားသော်လည်း တဲက ယိုင်နဲ့နဲ့ဖြင့် လဲပြိုတော့မလိုဖြစ်နေ၏။ မြေစည်းရိုးတိုင်များမှာလည်း ကျိုးသည့်တိုင်ကကျိုး လဲသည့်တိုင်ကလဲဖြင့် ကစဉ့်ကလျား ဖြစ်နေသည်။ ဒီအတိုင်းသာဆိုရင်တော့ ဒီနေရာကို ဘယ်သူမှ မလာကြတာတော့ သေချာသလောက်ရှိ၏။ ကျွန်တော်လည်း သိုက်စောင့်တဲကို မသိမသာကြည့်ရင်း ညက အော်သံကြီးများကို သတိရပြီး ခပ်မြန်မြန်လေး ဆက်လျှောက်သွားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းနှင့် ချစ်ထွေးမှာ ကျွန်တော့်နောက်မှနေ၍ သိုက်စောင့်တဲကြီးကို ကွက်ကြည့်ကွက်ကြည့်လုပ်ပြီး ဘာတွေတီးတိုးပြောနေကြမှန်း မသိဘဲ လိုက်ပါလာကြသည်။

ဗိုလ်တဲကြီးအတွင်းမှ ထမင်းစားခန်းမကြီးမှာ ကျယ်ဝန်းပြီး သပ်ရပ်ခန့်ညားလှ၏။ ခန်းမအလယ်တွင် ဘဲဥပုံစားပွဲရှည်ကြီးတစ်လုံးနှင့် ထိုင်ခုံများကို စနစ်တကျ ဝိုင်းပတ်ချထားသည်။ ခန်းမကြီးတစ်ခုလုံးမှာ ပျဉ်းကတိုးသားများဖြင့် ပြုလုပ်ထားပြီး ပြောင်ချောနေအောင် ပေါလစ်တိုက်ထားသဖြင့် မျက်နှာကျက်မှ အလှဆင်မီးများ၏ အလင်းရောင်ဖြင့် တဖိတ်ဖိတ်တောက်ပြောင်နေသည်။ မျက်နှာကျက်တစ်ခုလုံးမှာလည်း ပျဉ်းကတိုးသားများဖြင့် အကွက်ဖော်ထားသဖြင့် အခန်းကြီးတစ်ခုလုံးမှာ ပျဉ်းကတိုးနံ့များ သင်းပျံ့နေသည်။ သို့သော် အခန်းကြီးမှာ ပြတင်းပေါက်များမရှိ၊ အဝင်တံခါးပေါက်တစ်ခုသာ ရှိသဖြင့် လိုဏ်ဂူကြီးထဲသို့ ရောက်နေသလို ဖြစ်နေသည်။

တစ်ခဏအတွင်းမှာပင် ဖွန်းသံ၊ ခွက်သံ၊ စကားပြောသံတွေ ရယ်မောသံတွေဖြင့် အခန်းကြီးအတွင်း ဆူညံသွား၏။ ကျွန်တော်က မင်းလွင်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

'ဟင်းကလဲ ညံ့လိုက်တာကွာ၊ ဒီမှာကြည့်ဦး ပဲဟင်းက ဆီလေးတောင် မပါဘူး'

ကျွန်တော့်ဘေးမှ တစ်ယောက်က သူ့အဖော် တခြားတစ်ယောက်ကို လှမ်းပြောနေ၏။ သူ့အဖော်ကလည်း ကျွန်တော့် မျက်စောင်းထိုးခုံမှနေ၍ စိတ်ပျက်သက်ပျက်လေသံဖြင့် ပြန်ပြောလိုက်သည်။





'အေးကွာ…ဒီမှာလဲ ကြည့်စမ်းပါဦး ငါးခြောက်ကလည်း ရေတ်သီးပဲမြင်ရတယ်'

ပဲနီလေးဟင်းချို၊ ငါးနီတူခြောက်နှင့် ရေတ်သီးကြော်၊ ကြက်သွန်နီနိုင်နိုင်နှင့် သုပ်ထားသော ပုန်းရည်ကြီးသုပ်တို့က အိမ်မှာ မစားခဲ့ရဘူးသော်လည်း ကျွန်တော့်အဖို့ အဆင်ပြေပါသည်။ အခုလို လူမနီးသူမနီး တောထဲတောင်ထဲတွင် ဒီလောက် စားရသည်မှာပင် မဆိုးလှဟု ကျွန်တော်စိတ်ထဲမှ တွေးနေမိသည်။

မနက်စာ စားပြီးသည်နှင့် ကျွန်တော်တို့အားလုံးမှာ ဗိုလ်တဲကြီး၏ အပြင်ဘက်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် လူစုရင်း ကိုသိုက်လှူတို့အလာကို စောင့်နေကြသည်။ နေက အတော်ကလေးမြင့်လာသည်နှင့် တဖြည်းဖြည်း အိုက်စပ်စပ်ဖြစ်လာသည်။ မကြာမီ ရိုးမ၏အပူဒဏ်ကို စပြီးခံစားရတော့မည်မှန်း သိသော်လည်း အားလုံးမှာ အချင်းချင်း စလိုက် နောက်လိုက်၊ ရယ်လိုက်၊ မောလိုက်ဖြင့် ပျော်ရွှင်နေကြသည်။

ထိုစဉ် ကိုသိုက်လှူနှင့်အတူ ဆရာနှစ်ယောက်မှာ ဖိုင်တွဲများကို လက်ကကိုင်ရင်း ကျွန်တော်တို့ရှိရာဆီသို့ ရောက်လာကြသည်။

ကိုသိုက်လှူက…

'ဒီနေ့တော့ မင်းတို့တွေ အဖွဲ့နှစ်ဖွဲ့ခွဲပြီး အလုပ်လုပ်ရမယ်၊ ပထမအဖွဲ့က ဒီဆရာနှစ်ယောက်နဲ့အတူ ချောင်းဘက်ကို သွားရမယ်၊ နောက်တစ်ဖွဲ့က ငါနဲ့အတူ တောင်ပေါ်ကို လိုက်ရမယ်'

ကိုသိုက်လှူ၏ စကားအဆုံးတွင် ကျွန်တော်တို့အဖွဲ့တော်တော်များများက ချောင်းဘက်သို့ လိုက်ချင်ကြသည့်လူချည်းသာ ဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်ပင် တောင်ပေါ်သို့ ပင်ပင်ပန်းပန်းတက်ရသည့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဘက်သို့ပဲ လိုက်ချင်နေသည်။ ကံကောင်းပါက ထိုနေရာတွင် ဆည်းဆာနှင့် ရည်မွန်တို့နှင့်လည်း ပြန်ဆုံချင် ဆုံနိုင်သည်။

ကိုသိုက်လူစကားပြောနေချိန်တွင် သူ့ဘေးမှ ဆရာနှစ်ယောက်မှာ ကျွန်တော်တို့ လူစာရင်းကို ရေတွက်နေပြီး အုပ်စုနှစ်စု ခွဲနေ၏။ ကိုသိုက်လူက...

'မင်းတို့လုပ်ရမှာက ဒီအနီးအနားတစ်ဝိုက်မှာရှိတဲ့ ကျောက်တုံးကျောက်ခဲတွေကို လေ့လာပြီး တချို့ကို ဓာတ်ခွဲခန်းဆီကို ပို့ရမယ်'

ထို့နောက် ကိုသိုက်လူက ဆရာတစ်ယောက်၏ လက်ထဲမှ လူခွဲထားသည့် စာရင်းစာရွက်ကို ဆွဲယူလိုက်ပြီး ကြေညာလိုက်သည်။

ပထမအဖွဲ့လူစာရင်းကို ကြေညာပြီးသွားချိန်အထိ ကျွန်တော်တို့နာမည် တစ်ယောက်မှမပါ။ ဘာပဲပြောပြော ကျွန်တော်တို့ ကျွန်သူများအားလုံးမှာ ကိုသိုက်လူနှင့်အတူ တောင်ပေါ်သို့ လိုက်ပါကြရတော့ပေမည်။

အခြားသင်တန်းဆရာနှစ်ယောက်မှာ သူတို့နှင့်အတူ လိုက်ပါကြမည့် အဖွဲ့ကို ကျွန်တော်တို့အားလုံးထဲမှ ခွဲထုတ်လိုက်၏။ ကျွန်တော့်ဘေးမှ ကျော်လင်းမှာ ထိုချောင်းဘက်သွားမည့် အဖွဲ့တွင် လိုက်ပါခွင့်မရသဖြင့် စုတ်တသတ်သတ်ဖြစ်နေ၏။ အမှန်တော့ ကျော်လင်းလည်း ကျွန်တော့်ကဲ့သို့ပင် တောင်ပေါ်တက်ရန် စိတ်မပါ လက်မပါ ဖြစ်နေပုံရသည်။

●





ကျွန်တော်တို့အားလုံးမှာ ကျောပိုးအိတ်ကိုယ်စီလွယ်ရင်း ကိုသိုက်လူနောက်မှ လိုက်ကြရသည်။ တောလမ်းအတိုင်း တောင်ကုန်းများ၊ ချိုင့်ဝှမ်းများကို တက်လိုက်ဆင်းလိုက်နှင့် လျှောက်လာရင်း ကိုသိုက်လူက သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းပြနေသည်။ ကျွန်တော်တို့အားလုံးမှာလည်း ကိုသိုက်လူပြောနေသော အကြောင်းအရာများကို စိတ်မဝင်စားအားဘဲ ချွေးဒီးဒီးကျလျှက် မောဟိုက်နေကြသည်။

နာရီဝက်ကျော်ကျော်ခန့် လမ်းဆက်တိုက်လျှောက်ပြီးနောက်တွင် ကျောက်တုံးကျောက်ခဲများ ထူထပ်သည့် တောင်ကြောတစ်ခုပေါ်သို့ ရောက်လာကြသည်။ ရှေ့ဆုံးမှ ကိုသိုက်လူက လက်တစ်ဖက်ကိုမြှောက်ပြီး အားလုံးရပ်ဖို့ အချက်ပြလိုက်၏။

'ကဲ... ဒီနေရာက ငါတို့ အလုပ်စလုပ်ရမယ့်နေရာပဲ၊ ဒီနေရာက မြေကြီးကို လေ့လာပြီး ဓာတ်ခွဲခန်းမှာ စမ်းသပ်ဖို့ နမူနာယူသွားကြရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်လှူက သူ့ကျောပိုးအိတ်ကိုချွတ်ကာ ကျောက်တုံးတစ်ခုပေါ်သို့ လှမ်းတင်ရင်း ကျွန်တော်တို့ကို လှမ်းပြောလိုက်၏။ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိသည်။ ကျွန်တော်တို့လည်းအရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်ကို ပြေးဝင်ကာအမောဖြေလိုက်ကြရင်း ကိုသိုက်လှူဆက်ပြောမည့် စကားကို နားထောင်နေကြသည်။ ကိုသိုက်လှူက...

'မင်းတို့ တစ်ယောက်ချင်းစီအလုပ်လုပ်ဖို့ နေရာသတ်မှတ်ပေးမယ်။ ကိုယ်တာဝန်ယူတဲ့နေရာက မြေကြီးခဲတွေ ကျောက်တုံး အစအနတွေကို မင်းတို့မှာပါလာတဲ့ ကျောပိုးအိတ်ထဲသို့ ထည့်ပြီး စခန်းကို ပြန်ကြရမယ်'

'ဟာ... ဒီလောက်အဝေးကြီးကို ကားနဲ့သယ်လို့မရဘူးလားဗျ'

'ကားလမ်းမရှိဘူး'

ကိုသိုက်လှူပြန်ပြောလိုက်သည့် စကားကြောင့် ချစ်ထွေး မျက်နှာမှာ ရှုံ့မဲ့သွားသည်။ ကျော်လင်းက...

'ကျွန်တော်တို့ ဒါပြီးရင် ချောင်းထဲမှာ ရေသွားချိုးလို့ရမလား'

ရုတ်တရက် ကျွန်တော်က မေးမလို့လုပ်တုန်း ဝင်မေးလိုက်သဖြင့် ငြိမ်ပြီးနားထောင်နေလိုက်သည်။

ကိုသိုက်လှူက ကျော်လင်းအမေးကို ချက်ချင်းမဖြေသေးဘဲ ကျော်လင်း၏မျက်နှာကို သေသေချာချာစိုက်ကြည့်နေ၏။ သူ့ပုံစံက ကျော်လင်းကို အနည်းငယ်ကြည့်မရ ဖြစ်နေပုံရသည်။

'အလုပ်စောစောပြီးရင် သွားရမယ်၊ ဒါပေမဲ့ အလုပ်လုပ်နေတုန်းတော့ မင်းမျက်မှန်ကို ချွတ်ထား'





'ချွတ်လို့မရဘူး ကျွန်တော်က နေပူရင် မျက်စေ့နာတတ်တယ်၊ ပြီးတော့ ဒီမှာက ဘာဆရာဝန်မှ ရှိတာမဟုတ်ဘူး'

ကျော်လင်း၏ ဘုဆတ်ဆတ်လေသံကြောင့် ကိုသိုက်လှူ၏ မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

'ကျွန်တော်လည်း လက်နာနေတယ် မလုပ်နိုင်ဘူး'

မင်းလွင်က ပတ်တီးစည်းထားသော သူ့လက်တစ်ဖက်ကို မြှောက်ပြရင်း ဝင်ပြောလိုက်သည်။ ကိုသိုက်လှူ၏ မျက်နှာမှာ ဒေါသကြောင့် တင်းမာနေ၏။

'မလိုချင်ဘူး... ကိုယ်တာဝန်ယူရတဲ့နေရာမှာ ကိုယ့်တာဝန်ကို ပြီးအောင်လုပ်ရမယ်'

သူ့အသံက အနည်းငယ် ခက်ထန်နေသည်။ မျက်မှောင်ကျုံ့ထားသော သူ့မျက်နှာကြီးပေါ်တွင် ကျောက်ပေါက်မာများက သူ့ကို ပိုပြီး အရုပ်ဆိုးစေနေ၏။

'ကျွန်တော့်လက်က ဒဏ်ရာက ယောင်နေတယ်၊ တစ်ယောက်တည်းတော့ မလုပ်နိုင်ဘူး'

မင်းလွင်က သူ့လက်ကို မြှောက်ပြီး ထပ်ပြောလိုက်သည်။

'ဒါဆိုလည်း မင်းကို ကျော်လင်းကူပြီးလုပ်ပေးလိမ့်မယ်'

'ကျွန်တော် လုပ်မပေးနိုင်ဘူး'

ကျော်လင်းကလည်း ကိုသိုက်လှူကို မကျေမနပ်နှင့် ပြန်ပြောလိုက်သည်။ တခြားသူများအားလုံးမှာလည်း ဘာတစ်ခုမှမလုပ်ကြသေးဘဲ ကျော်လင်းနှင့် ကိုသိုက်လှူတို့ တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်ကို နားစိုက်ထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း မကူညီလို့မရဘူးဟေ့ကောင်၊ ဒါ မင်းနဲ့ တစ်ခန်းတည်း အတူနေတဲ့ သူငယ်ချင်း၊ သူ ဒုက္ခရောက်နေတာကို မင်း ကူညီရမယ်'

'ဘာမှမဆိုင်ဘူး၊ ဒါ... ခင်ဗျား ကျွန်တော့်ကို သက်သက်မဲ့ အနိုင်ကျင့်တာ။ တခြားသူတွေ အများကြီးရှိလျက်သားနဲ့ ကျွန်တော့်ကို ရွေးပြီးခိုင်းတာ ခင်ဗျား ညစ်ပတ်တာပဲ၊ ကျွန်တော် မလုပ်နိုင်ဘူး'

ကျော်လင်းက ဒေါသတကြီးနှင့် အော်ပြောရင်း လှည့်ထွက်သွား၏။ ကျွန်တော့်စိတ်ထဲတွင်လည်း ကျော်လင်းပြောတာ မှန်သည်ဟု ထင်နေသည်။

'ဟေ့ကောင်... မင်းပြန်လာခဲ့စမ်း'

ကိုသိုက်လူ၏ လှမ်းအော်ခေါ်သံက အနီးနားတစ်ဝိုက်လုံး ပဲ့တင်ထပ်သွားသည်။ ထို့နောက် ဒေါသတကြီးဖြင့် လေသံကိုမြှင့်ကာ ကုန်းအော်လိုက်ပြန်သည်။

'ဟေ့ကောင်... ခေါ်နေတာ မကြားဘူးလား'

ကိုသိုက်လူမှာ တစ်ရှူးရှူးဖြင့် စိတ်မထိန်းနိုင်တော့ဘဲ သူ့အနားမှ ကျောက်ခဲတစ်လုံးကို ကောက်ကာ ကျော်လင်းကို လှမ်းပြီး ပစ်ပေါက်လိုက်သည်။ ထိုကျောက်ခဲက ကျော်လင်းကို မထိဘဲ ဘေးသို့ လွင့်သွားသည်။ ကျော်လင်းကတော့ တစ်ချက်ကလေးပင်မကြည့်ဘဲ ဆက်လျှောက်သွားနေ၏။

ကိုသိုက်လူမှာ သူ့စကားကို ကလန်ကဆန်လုပ်သော ကျော်လင်းကို ဒေါသအလွန်ထွက်နေပြီး နောက်ထပ် ခဲလုံးတစ်လုံးကို ကောက်ယူကာ ထပ်ပြီး ပစ်ပေါက်လိုက်၏။

ဒီတစ်ခါ ပစ်လိုက်သော ခဲလုံးက ကျော်လင်း၏ နောက်စေ့ဆီ





သို့ တန်းတန်းမတ်မတ် ထိသွား၏။

'ခွပ်... '

'အား... '

'ဟာ... '

ကျွန်တော်တို့အားလုံးမှာ ရှေ့သို့ မှောက်လျက်လဲကျသွားသော ကျော်လင်းကိုကြည့်ရင်း ဝိုင်းအော်လိုက်ကြသည်။

'ကျော်လင်း... ကျော်လင်း... '

ကျွန်တော်တို့အားလုံးမှာ ကျော်လင်း လဲကျသွားရာနေရာသို့ ပြေးသွားကြသည်။ ကျော်လင်းက သူ့နောက်စေ့ကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း မှောက်လျက်အနေအထားနှင့် သတိလစ်နေ၏။ သူ့မျက်နှာမှာလည်း အစိတ်စိတ်အမွှာမွှာကွဲပြီး လွင့်စင်ထွက်သွားသည်။

ကျွန်တော်က ကျော်လင်းကိုခေါ်ကာ ကောက်ယူပွေ့ချီလိုက်သည်။ ကျော်လင်း၏ နောက်စေ့မှ သွေးများက ကျွန်တော့်လက်တွင် မြင်မကောင်းအောင် ပေကျံကုန်၏။

'ခင်ဗျား... ဘယ်လိုလုပ်လိုက်တာလဲ'

ကျွန်တော်က ကိုသိုက်လူကို ဒေါသတကြီးဖြင့် လှမ်းအော်လိုက်သည်။ ချစ်ထွေးကလည်း ကျော်လင်း၏ ရင်ဘတ်ကို ဖိထားရင်း...

'ဟေ့လူ... ဒီမှာ ခေါ်လို့မရတော့ဘူး'

တခြားကျောင်းသားများပါ ကျွန်တော်တို့ရှိရာသို့ ဝိုင်းအုံလာကြသည်။ ထိုအချိန်မှ ကိုသိုက်လူက ကျွန်တော်တို့ရှိရာသို့ လျှောက်လာပြီး...

'တောင်းပန်ပါတယ်ကွာ၊ ငါ... တမင်လုပ်လိုက်တာ မဟုတ်ပါဘူး။ မတော်တဆဖြစ်သွားတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ကိုသိုက်လှူ၏ မျက်နှာမှာ သိသိသာသာကြီး ပျက်နေ၏။ ထို့နောက် ကျွန်တော်တို့တစ်ဖွဲ့လုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြီး...

'ကဲ... ကဲ... ကျော်လင်းကို စခန်းပြန်ပို့မှဖြစ်မယ်။ ငါနဲ့အတူ နှစ်ယောက်လိုက်ခဲ့။ ကျန်တဲ့သူတွေက ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြ။ စခန်းရောက်တာနဲ့ ဆရာတစ်ယောက် ဒီကို ထပ်လွှတ်လိုက်မယ်'

'ခင်ဗျား... ကျော်လင်းကို ဆေးခန်းပို့မှာဆို ကျွန်တော်လည်း တစ်ခါတည်းလိုက်မယ်'

မင်းလွင်က သူ့လက်မှ ဒဏ်ရာကိုပြရင်း ကိုသိုက်လှူကို ဝင်ပြောလိုက်သည်။

'မင်းသဘောပဲ လိုက်ချင်လိုက်ခဲ့'

ကိုသိုက်လှူက ကျော်လင်းကို သူ့ပခုံးပေါ်သို့ ထမ်းတင်ရင်း ရှေ့မှထွက်သွား၏။ သူ့နောက်မှ ကျောင်းသားနှစ်ယောက်နှင့်အတူ မင်းလွင်ကပါ လိုက်ပါသွားသည်။

ကိုသိုက်လှူတို့ ထွက်သွားပြီးနောက်တွင် ကျွန်တော့်စိတ်ထဲ၌ သံသယများဖြင့် မွှန်းကြပ်နေ၏။ ကိုသိုက်လှူဆိုသောလူကိုလည်း မယုံသင်္ကာဖြစ်မိနေသည်။ သူပြောသလို မတော်တဆ ဖြစ်သွားတာပါဟုဆိုသော်လည်း ကျော်လင်းကို ကျောက်ခဲနှင့် ပစ်ပေါက်ခါနီး ဒေါသတကြီးနှင့် ကြည့်နေသည့် သူ့မျက်လုံးများကို မြင်ယောင်နေမိသည်။

'ဒီနေရာဟာ ဘယ်လိုနေရာမျိုးပါလိမ့်၊ မနေ့ကလဲ မင်းလွင်လက်ကို မြွေကိုက်လိုက်တယ်၊ အခုလဲ ကျော်လင်းခေါင်းမှာ ဒဏ်ရာရပြန်ပြီ။ ငါတို့အလာတုန်းကလဲ ဆင်တွေလိုက်လို့ အသက်လုပြီး ပြေးခဲ့ရတယ်။ ဒီကြားထဲ ညကကြားလိုက်ရတဲ့အသံတွေနဲ့ ဒီစခန်းကိုရောက်





ကတည်းက စိတ်ပျက်စရာ ထိတ်လန့်စရာတွေချည်းပဲ ကြုံနေရပါလား'

ကျွန်တော်က နောက်ထပ် ဘယ်လိုအဖြစ်ဆိုးတွေ ကြုံလာရဦးမည်လဲဟုတွေးရင်း စိတ်ပျက်လာပြီး အလုပ်ထဲသို့သာ စိတ်ကို နှစ်ထားလိုက်မိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

အလုပ်က အချိန်မီမပြီးသဖြင့် ချောင်းထဲတွင် ရေချိုးဖို့နေနေ သာသာ ထမင်းစားချိန်ကိုပင် မီအောင် မနည်းပြန်လာခဲ့ကြရသည်။ ကျွန်တော်တို့ စခန်းသို့ ပြန်ရောက်ချိန်တွင် ကိုသိုက်လူတို့မှာ ပြန်မရောက် လာကြသေးဘဲ တဲအတွင်း ကျွန်တော်နှင့် ချစ်ထွေး နှစ်ယောက်သာ ရှိနေကြသည်။

ကျွန်တော်နှင့် ချစ်ထွေးမှာ တစ်ယောက်ကိုတစ်ယောက် ဘာ စကားမှမပြောဖြစ်ဘဲ အိပ်ယာပေါ်တွင် ဝမ်းလျားမှောက်ပြီး အိမ်သို့ စာများရေးနေကြသည်။ ယခုရေးနေသောစာမှာ ကျွန်တော်တို့ ဒီစခန်း ကို ရောက်မှ ပထမဦးဆုံးရေးသည့်စာဖြစ်ပြီး စာထဲတွင်လည်း ဖြစ်သမျှ ပျက်သမျှတို့ကို အမှန်အတိုင်း ထည့်ပြီးရေးပြီးကာမှ ဦးညြပြောသည့် စကားများကို ကြားယောင်ကာ ရေးလက်စစာရွက်ကို ပြန်ပြီး ဖြဲဆုတ်ပစ် လိုက်ရသည်။





'ဟော့ကောင်... ရဲမြင့် မင်း စာကို ဘယ်လိုရေးနေလဲ'

ချစ်ထွေးက သူ့ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း ကျွန်တော့်ကို လှမ်းမေးလိုက်သည်။

'သူတို့မှာထားတဲ့အတိုင်း အားလုံးအဆင်ပြေတဲ့အကြောင်း ပျော် စရာကောင်းတဲ့ အကြောင်းတွေပေါ့ကွာ၊ မင်းကော ဘယ်လိုရေးထားလဲ'

'ငါလည်း ဒီအတိုင်းပဲ ဒါပေမဲ့ နောက်စာတွေကျရင်တော့ အမှန် အတိုင်းရေးသင့်ရင် ရေးရတော့မယ်ကွ'

ချစ်ထွေးက သူရေးထားသည့်စာကို နောက်တစ်ခါ ပြန်ဖတ် ကြည့်နေ၏။ ကျွန်တော်က...

'မင်းလွင်နဲ့ ကျော်လင်းတို့လဲ ဘယ်လိုနေကြလဲ မသိဘူး။ အခု အချိန်အထိ ပြန်မရောက်လာကြသေးဘူး။ အဆင်ကော ပြေကြရဲ့လား မသိဘူးကွနော်'

'ငါတော့ အဆင်ပြေမယ်မထင်ဘူး။ ဒီကလူတွေက ငါတို့ကို တိရစ္ဆာန်တွေလို သဘောထားတာကွ။ အခုလဲ ကျော်လင်းဖြစ်ရတာ ဒင်းတို့ကြောင့်'

'အဲဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးကွာ၊ မတော်တဆ ဖြစ်တာ နေမှာပေါ့'

ကျွန်တော်က ချစ်ထွေးစကားကို ဖာဖာထေးထေးနှင့် ပြောလိုက် သော်လည်း ချစ်ထွေးက...

'မဟုတ်ဘူး... ဒါ မတော်တဆမဟုတ်ဘူး ရဲမြင့်။ တမင်လုပ် တာ သူ ကျော်လင်းကို ဘယ်လောက်ဒေါသထွက်နေသလဲဆိုတာ သူ့မျက်နှာပေါ်မှာ တွေ့နေရတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေး၏ အသံက မနက်က အဖြစ်အပျက်များကြောင့် ဒေါသသံနှင့် တုန်ယင်နေသည်။ အမှန်တော့ ယခုလို ကျော်လင်းကို ကိုသိုက်လူ စိတ်လိုက်မာန်ပါလုပ်လိုက်သည့်ကိစ္စကို ချစ်ထွေးကဲ့သို့ပင် သတိထားမိသည်။ ကျွန်တော်နှင့်ချစ်ထွေး စကားပြောနေစဉ် ကိုသိုက်လူက ကျော်လင်းကိုတွဲကာ အခန်းတံခါးကို ဖြည်းညင်းစွာတွန်းဖွင့်ပြီး ဝင်လာ၏။ ကျွန်တော်နှင့် ချစ်ထွေးမှာ ခုတင်ပေါ်မှ ခုန်ဆင်းပြီး ကျော်လင်းထံသို့ ပြေးသွားလိုက်သည်။

'ဟေ့ကောင် ကျော်လင်း ဘယ်လိုနေလဲ၊ သက်သာရဲ့လား။ ငါတို့ အခုပဲ မင်းအကြောင်းကို ပြောနေကြတာ'

ကျွန်တော်က ကိုသိုက်လူတွဲဝင်လာသော ကျော်လင်းကို ဝမ်းသာအားရဖြင့် လှမ်းမေးလိုက်၏။ သို့သော် ကျော်လင်းက ဘာမှပြန်မပြောဘဲ ပြူးကြောင်ဝိုင်းစက်သော မျက်လုံးများဖြင့် ပြန်ပြီး စိုက်ကြည့်နေသည်။

ချစ်ထွေးက ကျော်လင်း၏ ပခုံးကို လှုပ်ရမ်းရင်း ထပ်ပြီး မေးလိုက်ပြန်သည်။

'ကျော်လင်း… မင်း အဆင်ပြေရဲ့လား'

'အင်း… '

ကျော်လင်းက အေးတိအေးစက်လေသံဖြင့် ပြန်ဖြေရင်း ကျွန်တော်တို့နှစ်ယောက်ကို စိုက်ကြည့်နေပြန်သည်။ ကိုသိုက်လူက…

'သိပ်လည်း စိတ်မပူပါနဲ့ကွာ ခဏနားလိုက်ရင် သက်သာသွားမှာပါ'

ပြောပြောဆိုဆို ကိုသိုက်လူက ကျော်လင်း၏ ချိုင်းတစ်ဘက်မှ မရင်း ခုတင်ပေါ်တင်ပေးလိုက်သည်။ ကျော်လင်းက သူ့ခုတင်ပေါ်တွင်





ထိုင်ချလိုက်ပြီး ခေါင်းတွင် စည်းထားသည့်ပတ်တီးကို လက်ဖြင့် စမ်းကြည့်နေသည်။

ကျွန်တော်လည်း အခြေအနေအကျိုးအကြောင်းကို သိချင်စိတ်ဖြင့် မငြိမ်သိပ်နိုင်တော့ဘဲ ကျော်လင်းကို လှမ်းမေးလိုက်၏။

'မင်း… ဆရာဝန်နဲ့ တွေ့ခဲ့ရလား ကျော်လင်း'

'ဟင့်အင်း… '

ကျော်လင်း၏ အဖြေက အေးစက်စက်နှင့် ခြောက်ကပ်လွန်းနေသည်။ ကျွန်တော်က ကျော်လင်း၏ အဖြေကို အားမလိုအားမရဖြင့် ထပ်ပြီးမေးလိုက်ပြန်သည်။

'ဘယ်သူ မင်းကို ဆေးထည့်ပေးလိုက်တာလဲ'

'ဦးသြ'

ကျွန်တော်နှင့် ချစ်ထွေးမှာ ကျော်လင်း၏ အဖြေကြောင့် တစ်ယောက်မျက်နှာကို တစ်ယောက်လှမ်းကြည့်လိုက်ကြသည်။

ကိုသိုက်လူမှာ ကျော်လင်းကို ခုတင်ပေါ်သို့တင်ပေးပြီး သူ့ခုတင်ရှိရာသို့ လျှောက်သွား၏။ ကျွန်တော်တို့ ပြောနေသည့် စကားများကိုလည်း ဘာတစ်ခုမှ မသိသလိုလုပ်နေသည်။ ကျွန်တော်က… '

'ကိုသိုက်လူ မင်းလွှင် ပြန်မလာသေးဘူးလား။ သူကော သက်သာရဲ့လား'

'အင်း… သက်သာသွားပြီထင်တယ်'

ကိုသိုက်လူက ခုတင်မှ စောင်တစ်ထည်ကို ဖြန့်လိုက် ခေါက်လိုက်လုပ်နေရင်း မရေမရာဖြင့် ပြန်ပြောလိုက်သည်။ သူ့ပုံစံမှာလည်း အေးတိအေးစက်ဖြစ်နေသဖြင့် ချစ်ထွေးက ထပ်ပြီးမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အခုအချိန်အထိ ဘာဖြစ်လို့ ပြန်မလာသေးတာလဲ'

'တစ်နေရာရာ သွားနေလို့ နေမှာပေါ့၊ ငါလည်း ကျော်လင်းကိစ္စနဲ့ အလုပ်ရှုပ်နေလို့ သတိမထားမိလိုက်ဘူး'

ကိုသိုက်လှက အရေးမကြီးသလို ပြောရင်းစကားလမ်းကြောင်းကို ပြောင်းလိုက်သည်။

'မင်းတို့ အိမ်တွေကို စာရေးပြီးရင် ဗိုလ်တဲကြီးကိုသွားကြ အဲဒီမှာ စာတိုက်ပုံးရှိတယ်။ ငါလဲ ဦးသြနဲ့ ချိန်းထားလို့ သွားလိုက်ဦးမယ်'

ကိုသိုက်လှက ပြောပြောဆိုဆို တဲအပြင်သို့ ထွက်သွား၏။ အပြင်သို့ရောက်ပြီးမှ တစ်ခုခုပြောဖို့ သတိရသွားဟန်ဖြင့် ပြန်လှည့်လာပြီး...

'ဪ... မင်းတို့ ဒီနေ့ည ကင်းစောင့်ရမယ်၊ စောင်တွေ အနွေးထည်တွေ လုံလုံလောက်လောက်ယူခဲ့ ညဘက်ဆို တောထဲမှာ အရမ်းအေးတယ်'

ကျွန်တော်တို့ ဘာပြန်ပြောလို့ ပြောရမှန်းမသိခင်မှာပင် ကိုသိုက်လှက ထွက်သွားပြီဖြစ်သည်။

●





ညနေစာစားရန် ကျွန်တော်တို့အားလုံးမှာ ဗိုလ်တဲကြီးဆီသို့ ရောက်လာခဲ့ကြသည်။ တဲအတွင်းတွင် လူက စုံသလောက်ဖြစ်နေပြီဖြစ်၏။ စကားပြောသံ၊ အော်ဟစ် ငြင်းခုံသံများဖြင့် ထုံးစံအတိုင်း ဆူညံပွက်လောရိုက်နေသည်။ တချို့ကလည်း ဒီနေ့ညအတွက် အထူးဟင်းလျာဖြစ်သည့် ကြက်သားနှင့် အာလူးရောပြီးချက်ထားသည်ကို စားရင်းသောက်ရင်းနှင့် ချီးမွမ်းခန်း ဖွင့်နေကြသည်။ ဗိုလ်တဲကြီးအတွင်း ဟင်းနံ့က မွှေးကြိုင်နေသဖြင့် ကျွန်တော့် ဗိုက်ထဲတွင်ပင် တဂွီဂွီ မြည်လာပြီး ဆာလောင်လာ၏။

ကျွန်တော်က ထမင်းစားပွဲမှ နေရာအလွတ်ကိုရှာရင်း ချစ်ထွေးကို လှမ်းတွေ့လိုက်သဖြင့် သူ့အနီးသို့ လျှောက်သွားလိုက်သည်။

ချစ်ထွေးမှာ သူ့ရှေ့မှ ထမင်းကို မစားသေးဘဲ သူ့အကျင့်အတိုင်း လက်မောင်းကြွက်သားများကို ညစ်ပြရင်း အခြားသူများနှင့် တဟားဟားပွဲကျနေသည်။ မျက်နှာကို ရှုံ့တွနေအောင် ညှစ်ထားရသဖြင့် ချစ်ထွေး၏



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာမှာ ပုံပျက်ပန်းပျက်နှင့် အကြည့်ရတော်တော် ဆိုးနေသည်။ ချစ်ထွေး၏ လက်မောင်းမှ ကြွက်သားကြီးများကိုကြည့်ရင်း အမြင်ကပ်လာပြီး သူ့ဘေးမှ တင်အောင်မြင့်က စိန်ခေါ်လိုက်၏။

'ဟေ့ကောင်... မင်းနဲ့ငါ လက်ချင်းလှဲမလား'

'ဟာ... ကြိုက်တယ်ကွာ၊ လှဲမယ်၊ ဒါပေမဲ့ အလကားကြေးတော့ မလှဲဘူး ရှုံးတဲ့လူက ကိုယ်စားရမယ့် ကိုယ်တာထဲက ကြက်သားတစ်တုံးပေးကြေး ဘယ်လိုလဲ'

တင်အောင်မြင့်မှာ ချစ်ထွေး၏ စိန်ခေါ်မှုကို ခေါင်းညိတ် လက်ခံလိုက်ပြီး...

'ရတယ်လေ... စိန်လိုက်'

ချစ်ထွေးက သူ့ဘက်က အနိုင်ရမှာ သေချာသည့် သဘောဖြင့် တင်အောင်မြင့်ကို အပိုင်ချည်လိုက်သည်။ တင်အောင်မြင့်မှာ ချစ်ထွေးလောက် လူကောင်မထွားသော်လည်း အညံ့မခံသည့်စိတ်ကတော့ အပြည့်ရှိပုံရသည်။ သူတို့နှစ်ယောက်ဘေးတွင်လည်း အခြားကျောင်းသားများမှာ လက်ခုပ်လက်ဝါးတီးပြီး အော်ဟစ်ဆူညံနေကြသည်။

ပွဲကစပြီ...

ချစ်ထွေးက သူ့အင်္ကျီကို လက်မောင်းရင်းအထိ ဆွဲလှန်တင်လိုက်ပြီး ဗလကို လူတွေမြင်အောင် တမင်ညှစ်ပြနေပြန်သည်။ တင်အောင်မြင့်မှာလည်း ချစ်ထွေးကဲ့သို့ အင်္ကျီလက်ကို လှန်တင်ပြီး ထမင်းစားစားပွဲပေါ်တွင် အသင့်အနေအထားနှင့် လက်ထောက်လိုက်၏။

'ဝမ်း...'

'တူး...'





'သရီး...'

သံပြိုင်အော်လိုက်သံနှင့်အတူ ထမင်းစားခန်းတစ်ခန်းလုံးရှိ ကျောင်းသားများမှာ လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်ပြီး အားပေးနေကြသဖြင့် အားကစားကွင်းကြီးတစ်ခုလို ဖြစ်နေသည်။

'ချစ်ထွေးကွ... ညှစ်ထား... ညှစ်ထား ဗလကြီးကွ'

'တင်အောင်မြင့်ကွ... တောင့်ထား'

အချိန်က သိပ်ပြီးမကြာလိုက်၊ ချစ်ထွေးက တင်အောင်မြင့်၏ လက်ကို စားပွဲပေါ်သို့ ပြားနေအောင် ဖိချပြီး အနိုင်ယူလိုက်၏။

'ဟေး... ချစ်ထွေးကွ၊ ဗလကြီးကွ'

အားလုံးက ပြိုင်တူအော်ပြီး ဂုဏ်ပြုလိုက်သဖြင့် ချစ်ထွေးမှာ အကျေနပ်ကြီး ကျေနပ်ကာ ကိုယ်ကို ခပ်တောင့်တောင့်ကြီး ရပ်နေသည်။

'ကဲ... မင်းရှုံးပြီ၊ ပေး... ကြက်သားတစ်တုံး'

ချစ်ထွေးက ပါးစပ်ကပြောရင်း သူ့လက်တစ်ဖက်က တင်အောင်မြင့်၏ ဟင်းခွက်ထဲမှ ကြက်သားတုံးကို လှမ်းနှိုက်လိုက်သည်။ တင်အောင်မြင့်ကလည်း အလျှင်အမြန်ပင် သူ၏ ဟင်းခွက်ကို ကောက်ယူလိုက်ပြီး...

'ဟဲ... ဟဲ... ဒီလိုတော့ လွယ်လွယ်ဘယ်ရမလဲ၊ ဒီတစ်ခါ အပြေးပြိုင်ရအောင် စားချင်ရင်တော့ ငါ့ကို မီအောင်ဖမ်းပေတော့'

တင်အောင်မြင့်က ဟင်းခွက်ကိုယူပြီး နောက်သို့လှည့်ကာ ပြေးဖို့ဟန် ပြင်လိုက်စဉ် သူ့အနောက်တွင် ရပ်နေသော ကျွန်တော်နှင့် တိုက်မိပြီး ဟင်းခွက်က မှောက်ကျသွား၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟာ…'

ပန်းကန်ထဲမှ ဟင်းရည်များက ကျွန်တော့်အပေါ် ဖိတ်ကျပြီး အင်္ကျီတစ်ခုလုံး ညစ်ပတ်ပေကျံကုန်သည်။ ဝုန်းဒိုင်းကျဲနေသော ထမင်းစားခန်းတစ်ခန်းလုံးရှိ ကျောင်းသားများမှာ ကျွန်တော့်ကိုကြည့်ရင်း အူတက်မတတ် ရယ်နေကြ၏။ ကျွန်တော်က ပေကျံနေသော အင်္ကျီကို တဖျတ်ဖျတ်ခါရင်း အဝတ်အစားပြန်လဲရန် ထမင်းစားခန်းအတွင်းမှ ပြန်ထွက်လာခဲ့သည်။

●





အခန်းအတွင်းသို့ ရောက်ရောက်ခြင်း ကိုယ်ပေါ်မှ ပေကျံနေသည့် အင်္ကျီကို ချွတ်လိုက်ပြီး ဗီရိုထဲမှ အင်္ကျီတစ်ထည်ကို ဆွဲထုတ်ယူလိုက်သည်။ ထိုစဉ် ကျွန်တော့်ဗီရိုဘေးမှ မင်းလွင်၏ ဗီရိုမှာ ပွင့်လျက်သား ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ကျွန်တော်က မင်းလွင်ပြန်ရောက်နေသည်အထင်ဖြင့် အခန်းထဲတွင် ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်လိုက်၏။

ဘာမှမတွေ့ မင်းလွင်၏ အိပ်ယာပေါ်တွင် တစ်ခုခုလိုနေသည်ကို သတိထားမိလိုက်သည်။ သေသေချာချာကြည့်လိုက်မှ မင်းလွင်၏ ခုတင်ပေါ်တွင် သူ့အိပ်ယာမရှိတော့ကြောင်း တွေ့လိုက်ရသည်။ ကျွန်တော်က ခပ်ဟဟပွင့်နေသော သူ့ဗီရိုကို ကမန်းကတမ်း ဆွဲဖွင့်လိုက်၏။

'ဟင်…'

ဗီရိုထဲတွင်လည်း ဘာပစ္စည်းမှ မရှိတော့ဘဲ ဟာလာဟင်းလင်း ဖြစ်နေသည်။

'မင်းလွင်… မင်းလွင် ဘယ်ရောက်သွားပြီလဲ၊ သူ့ကို အိမ်ပြန်ပို့လိုက်ကြပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ကျွန်တော့်စိတ်တွေ ဆောက်တည်ရာကင်းမဲ့ကုန်သည်။ မင်းလွင်၏ လော်ကာတံခါးကို ကိုင်ထားသော ကျွန်တော့်လက်များမှာ တဆတ်ဆတ်တုန်နေ၏။ ထို့နောက် ကျော်လင်းနှင့် ချစ်ထွေးတို့ရှိရာ ထမင်းစားခန်းသို့ အမြန်ပြန်ပြေးလာလိုက်သည်။

ထမင်းစားခန်းအတွင်းသို့ ရောက်သောအခါ ကျော်လင်းနှင့် ချစ်ထွေးကို အကြောင်းစုံ ပြောပြလိုက်၏။ ချစ်ထွေးက...

'စိတ်မပူပါနဲ့ကွာ၊ ဒီကောင့်ကို ငါတို့ စလွန်းနောက်လွန်းလို့ အခန်းပြောင်းသွားတာ နေမှာပေါ့'

ချစ်ထွေးက ထမင်းလုပ်ကို ပလုပ်ပလောင်းစားရင်း ကျွန်တော့်ကို ပြန်ပြောနေသည်။ ကျွန်တော်က ထမင်းစားခန်းတစ်ခုလုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြီး...

'မဖြစ်နိုင်ဘူး၊ ဒီကောင် အခန်းပြောင်းသွားတာဆိုရင်လဲ ဒီမှာ ထမင်းတော့ လာစားမှာပေါ့'

'အေး... ရဲမြင့်ပြောတာ ဟုတ်တယ်၊ ဒီကောင့်လို အစားငမ်းတဲ့အကောင် ထမင်းလာမစားတာ တစ်ခုခုကြောင့်ပဲ သေချာအောင် ကိုသိက်လူကို သွားမေးရင် ကောင်းမယ်'

ကျော်လင်းက လက်မှ ဇွန်းနှင့်ခရင်းကို ပန်းကန်ပြားပေါ် မှောက်တင်လိုက်ရင်း ကျွန်တော့်ကို လှမ်းပြီးအကြံပေးလိုက်သည်။ ထို့နောက် ချစ်ထွေးကလည်း စားလက်စထမင်းပန်းကန်ကို ဆက်ပြီး မစားတော့ဘဲ ကျွန်တော်တို့သုံးယောက်သား ကိုသိက်လူကိုရှာရန် ထမင်းစား ခန်းထဲမှ ထွက်လာခဲ့သည်။

●





ထမင်းစားခန်း၏ အပြင်ဘက် ခပ်လှမ်းလှမ်းမှ မြေကွက်လပ်တွင် ကိုသိက်လူမှာ အခြားသင်တန်းဆရာတစ်ယောက်နှင့်အတူ ရပ်ပြီး စကားပြောနေသည်ကို အဆင်သင့် တွေ့လိုက်ရသည်။

'ကိုသိက်လူ... မင်းလွင် ဘယ်ရောက်သွားလဲ'

ချစ်ထွေးက ကိုသိက်လူကို တွေ့တွေ့ချင်း ရုတ်တရက်မေးလိုက်သဖြင့် ကိုသိက်လူမှာ ဇဝေဇဝါဖြစ်သွားသည်။ ကျွန်တော်က ဆက်ပြီး...

'အခန်းထဲမှာ မင်းလွင်ပစ္စည်းတွေ ဘာတစ်ခုမှ မရှိတော့ဘူး၊ သူ့အိပ်ယာလဲ မရှိတော့ဘူး'

ကိုသိက်လူမှာ ကျွန်တော်တို့ကိုကြည့်ရင်း ခေါင်းကို ကုတ်ကာ ဟိုလိုလို ဒီလိုလိုနှင့် ပြန်ဖြေ၏။

'အဲဒါတော့ ငါလည်းမသိဘူး၊ အဲဒီကိစ္စတွေက ဦးညြစီစဉ်တာ'

ကိုသိက်လူနှင့် စကားရပ်ပြောနေသော သင်တန်းဆရာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာလည်း ကျွန်တော်တို့ ကိစ္စကို ဝင်မပါသလိုမျိုးနှင့် ခပ်လှမ်းလှမ်းမှ တောင်ကုန်းပေါ်သို့ မျက်နှာလွှဲနေသည်။

'ဒါဆိုရင် သူ့ကို အိမ်ပြန်ပို့လိုက်တာလား'

ကျော်လင်းက သိချင်ဇောဖြင့် အလောတကြီး ထပ်ပြီးမေးလိုက်ပြန်သည်။ ကိုသိုက်လူက စိတ်သိပ်ပြီးမရှည်တော့သည့် လေသံဖြင့်...

'ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ၊ မင်းတို့က တစ်ချိန်လုံး ဘာဖြစ်လို့ အမေးအမြန်းတွေ ထူနေရတာလဲ၊ ဒီကိစ္စ မင်းတို့နဲ့ မဆိုင်ဘူး။ မင်းတို့အလုပ်လဲ မဟုတ်ဘူး သွားကြတော့'

ကိုသိုက်လူ၏ စကားကြောင့် ကျွန်တော်တို့မှာ မင်းလွင်အတွက် ပိုပြီး စိတ်ပူလာသည်။ ပြဿနာတစ်ခုခုဖြစ်တိုင်း ရှင်းရှင်းလင်းလင်း မပြောသည့် ကိုသိုက်လူကိုလည်း မယုံသင်္ကာဖြစ်လာသည်။

'မင်းတို့အဖွဲ့ ဒီည ကင်းစောင့်ရမှာနော်၊ မင်းလွင်မလာရင် မင်းလွင်အစား တင်အောင်မြင့်လိုက်လိမ့်မယ်'

စိတ်ပျက်လက်ပျက်နှင့် ကျွန်တော်တို့ ပြန်လှည့်ထွက်လာစဉ် ကိုသိုက်လူက လှမ်းအော်ပြောလိုက်သည်။ ကိုသိုက်လူ၏ စကားကြောင့် ကျွန်တော့်အားမှ ချစ်ထွေးမှာ ကွက်ခနဲ မျက်နှာပျက်ပြီး သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ ကျွန်တော်က ချစ်ထွေး၏ အမူအရာကို သိချင်စိတ်ဖြင့် လှမ်းမေးလိုက်၏။

'ဟေ့ကောင်... ချစ်ထွေး၊ ကင်းစောင့်ရမယ်ပြောတာနဲ့ မင်းက ဘာဖြစ်တာလဲ၊ ကြောက်လို့လား'

ချစ်ထွေးက ကျွန်တော့်အမေးကို ချက်ချင်းပြန်မဖြေသေးဘဲ လမ်းမပေါ်မှ ခဲလုံးတစ်လုံးကို ခြေဦးဖြင့် လှဲကန်လိုက်ပြီး...





'မဟုတ်ပါဘူးကွာ... ဒီည သိုက်စောင့်တဲ့ကို သွားဖို့ တင်အောင်မြင့်နဲ့ ငါနဲ့ ချိန်းထားခဲ့ပြီးပြီ'

'ဟင်... '

ချစ်ထွေး၏ စကားကြောင့် ကျွန်တော့်စိတ်ထဲတွင် ဘာရယ်မဟုတ်ဘဲ ကျွန်တော်နှင့် ကျော်လင်းနှစ်ယောက်သာ ကင်းစောင့်ရတော့မည့်အဖြစ်ကို တွေးရင်း ဟာတာတာကြီးလိုပင် ဖြစ်နေသည်။ အမှန်တော့ ကျွန်တော်ကိုယ်တိုင်ကပင် ထိတ်လန့်နေမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ချစ်ထွေးနှင့် ကျော်လင်းမှာ သူတို့ ခုတင်ပေါ်မှ စောင်များကို ခေါက်သိမ်းပြီး ကျောပိုးအိတ်အတွင်းသို့ ထည့်နေကြသည်။ အပြင်ဘက်တွင် နေရောင်က တဖြည်းဖြည်း ပျောက်ကွယ်လုနီးပါး ဖြစ်လာ၏။ မကြာခင် ကျွန်တော်တို့အဖွဲ့ ကင်းစောင့်ရမည့် အဖြစ်ကိုတွေးရင်း စိတ်က လေးလံနေမိသည်။ နောက်ပြီး ဟိုကောင်ချစ်ထွေးနှင့် တင်အောင်မြင့်တို့ကလည်း သိုက်စောင့်တဲကြီးဆီသို့ သွားကြဦးမည်ဆိုသဖြင့် စိတ်ထဲတွင် ဝိုပြီး လှုပ်ရှားနေမိသည်။ အထူးသဖြင့် သိုက်စောင့်တဲရှိရာသို့ ကျွန်တော့်ကိုပါ လိုက်ပါဖို့ ချစ်ထွေးပြောလာလိမ့်မည်ကို ကျွန်တော် အမျိုးမျိုး လှည့်ပတ်ပြီး စဉ်းစားနေမိသည်။





'ဟေ့ကောင်… ရဲမြင့်၊ ဘာလုပ်နေတာလဲ။ မင်းပစ္စည်းတွေထည့်တော့လေ အချိန်သိပ်မရှိတော့ဘူး။ တော်ကြာ ကိုသိုက်လူက အသံကြီးနဲ့ လာခေါ်နေဦးမယ်'

'အေး… အေး… '

ချစ်ထွေး၏ အသံကြောင့် ကျွန်တော့်ခုတင်ပေါ်မှ စောင်ကို ကျောပိုးအိတ်အတွင်းသို့ ခေါက်ပြီး ထည့်လိုက်သည်။ ထို့နောက် မီးခြစ်ဓာတ်မီးနှင့် ရေနွေးကြိုရန် စတီးခွက်တစ်လုံးကို အိတ်အတွင်းသို့ ထိုးကြိတ်ထည့်လိုက်သည်။ ကျော်လင်းက သူ့စောင်ကို ကျောပိုးအိတ်အတွင်းသို့ ထိုးထည့်လိုက်ပြီး ခုတင်ပေါ်တွင် ငေးတီငေးကြောင် မျက်လုံးများဖြင့် ကျွန်တော်တို့ကို ကြည့်နေသည်။ သူ့ပုံစံမှာ ညဘက်ကင်းစောင့်ဖို့အတွက် အခြားလိုအပ်သည့် ပစ္စည်းများကို အိတ်အတွင်းထည့်သို့ဖို့မစဉ်းစားဘဲ စောင်တစ်ထည်ထည့်ပြီးသည်နှင့် ပြည့်စုံပြီ ထင်နေပုံရသည်။ ချစ်ထွေးက သူ့ကျောပိုးအိတ်အတွင်းမှ အားကစားဂျာနယ်အဟောင်းတစ်စောင်ကို ထုတ်ယူလိုက်ပြီး အတွင်းမှ စာရွက်နှစ်ရွက်သုံးရွက်ကို ဆွဲဖြုတ်ကာ ကျွန်တော့်ကို လှမ်းပေးလိုက်၏။

'ရော့… ရဲမြင့် ငါတို့ တောထဲမှာ ရေတို့ ဘာတို့မလွယ်ရင် သုံးရတာပေါ့ကွာ'

ချစ်ထွေး လှမ်းပေးသော ဂျာနယ်စာရွက်များကို ကျွန်တော်က နှစ်ခေါက်သုံးခေါက်ခေါက်ပြီး ဘောင်းဘီအိတ်ထဲသို့ ထိုးထည့်လိုက်သည်။ ချစ်ထွေးက ဆက်ပြီး…

'မင်း… ဘယ်လိုလဲ၊ ငါတို့နဲ့အတူ သိုက်စောင့်တဲကို လိုက်မှာမဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



ချစ်ထွေးမေးခွန်းကြောင့် ချက်ချင်း ကျွန်တော်က ဘာပြန်ဖြေရမှန်း မသိဘဲ ဖြစ်သွားသည်။ သူတို့နှင့်အတူ ကျွန်တော်မလိုက်သွားပါက ဒီကောင်တွေ ကျွန်တော့်ကို ကြောက်ဟု တစ်သက်လုံး ပြောတော့မည်။

ကျွန်တော်က ခဏစဉ်းစားသလိုလုပ်လိုက်ပြီး...

'ငါ... မင်းတို့နဲ့အတူလိုက်ရင် ကင်းကို ကျော်လင်းတစ်ယောက်တည်း စောင့်နေရမှာပေါ့ကွ၊ နောက်ပြီး ကျော်လင်းခေါင်းက ဒဏ်ရာက သိပ်ပြီး သက်သာသေးတာမဟုတ်ဘူး။ မင်းလဲ ဒီကောင့်အခြေအနေကို သိတဲ့အတိုင်းပဲ၊ အခုတောင် သူ့ကိုကြည့်ရတာ တစ်မျိုးကြီးဖြစ်နေတာ။ သူတစ်ယောက်တည်းတော့ စောင့်လို့မရလောက်ဘူး။ ငါနေခဲ့မှဖြစ်မယ်'

ကျွန်တော့်စကားက သိုက်စောင့်တဲ့ဆီသို့ မလိုက်ချင်၍ပြောသော စကားနှင့် မတူတော့ဘဲ ကျော်လင်းကို စိတ်မချ၍ပြောသော လေသံနှင့် တူနေသည်။ သို့သော် ချစ်ထွေးက ကျွန်တော်နှင့် ပေါင်းသင်းလာခဲ့သည်မှာ ကြာပြီဖြစ်ပြီး ကျွန်တော့်အကြောင်းကို သိထားသဖြင့် ပြုံးဖြီးဖြီးလုပ်ကာ...

'အေးပါကွာ... မင်းမလိုက်ရဲလည်း ပြီးတာပဲ၊ ငါနဲ့ တင်အောင်မြင့် နှစ်ယောက်ပဲ သွားကြတာပေါ့'

ကျွန်တော်က ချစ်ထွေးစကားကို အထွန့်တက်ပြီး နောက်ထပ်ဆက်မပြောချင်တော့၊ ဆက်ပြောလျှင် ဒီကောင်က သိုက်စောင့်တဲ့ဆီသို့ အတင်းအကျပ် ဆွဲခေါ်နေတော့မည်။ ချစ်ထွေးက ပြောပြောဆိုဆိုနှင့် ကျောပိုးအိတ်ကို ပခုံးတွင် သိုင်းလွယ်လိုက်ပြီး...

'ကဲ... ရဲမြင့် ငါတော့ တင်အောင်မြင့်ဆီ သွားနှင့်တော့မယ်၊





အခုလောက်ဆို ဒီကောင်လဲ အဆင်သင့်ဖြစ်နေလောက်ပြီ။ မင်းတို့နှစ်ယောက်လည်း ပြီးရင် နောက်ကလိုက်ခဲ့၊ ငါတို့ စောင့်နေမယ်'

ချစ်ထွေးထွက်သွားပြီး ခဏအကြာတွင် ကျွန်တော်နှင့် ကျော်လင်းမှာ ကျောပိုးအိတ်များကိုလွယ်ရင်း တဲအပြင်သို့ ထွက်လာခဲ့ကြသည်။ အပြင်ဘက်တွင် လရောင်ကင်းမဲ့လျက် ညက မှောင်စပြုနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

တောင်ကုန်းပေါ်မှ အေးစိမ့်နေသောလေက ကျွန်တော်တို့လေးယောက်ကို လှည့်ပတ်ပြီး တမင်တိုက်နေသည်ဟုပင် ထင်ရသည်။ ကျွန်တော်က ဆွယ်တာအင်္ကျီအပေါ်တွင် အသင့်ယူလာသော စောင်ကို ထပ်ပြီးပတ်ခြုံထား၏။ ချစ်ထွေးက တဟူးဟူးတိုက်နေသော လေကို သူ့ကိုယ်လုံးနှင့်ကာပြီး မီးဖိုလုပ်နေသည်။ တဖြည်းဖြည်း အရှိန်ရလာသော မီးတောက်ကြောင့် ကျွန်တော်တို့ ကင်းကျရာနေရာတွင် အလင်းရောင် ခပ်အုပ်အုပ်လေး ရလာ၏။

ဟိုမှ ဒီမှ ဝဲပျံနေကြသော ညငှက်များ၏ အသံတဂီးဂီးကြောင့် ညသည် ပိုပြီး ချောက်ချားစရာကောင်းနေသည်။ ကျွန်တော်တို့လေးယောက် မီးပုံကို ဝိုင်းပတ်ထိုင်နေရာ နေရာမှာ မြေကွက်လပ်တစ်ခု ဖြစ်ပြီး ထိုမြေကွက်လပ်၏ ဘေးတွင် ဖက်ယားပင်များ ဝါးပင်မြင့်မြင့်ကြီးများက ကျွန်တော်တို့အပေါ်သို့ လှမ်းပြီး အုပ်မိုးနေသလို ထင်ရသည်။





ကျော်လင်းက တဖျစ်ဖျစ်တောက်လောင်နေသော မီးပုံကြီး၏ ရှေ့တွင် သူ့ဒူးနှစ်ဖက်ကို လက်ဖြင့်ပိုက်ထားရင်း ငေးငေးငူငူကြီး ဖြစ်နေ၏။ ထိုစဉ် ကျွန်တော်တို့ခေါင်းပေါ်မှ ကပ်ပြီးပျံသွားသော ဇီးကွက်တစ်ကောင်၏ အော်သံကို စူးစူးဝါးဝါး ကြားလိုက်ရသည်။

ချစ်ထွေးက ကျွန်တော့်ဘေးတွင် ထိုင်နေရာမှ ထသွားပြီး သိုက်စောင့်တဲဆီသို့သွားရန် တင်အောင်မြင့်နှင့် တိုးတိုးပြောဆိုနေသည်။ ကျော်လင်းကတော့ သူ့ရှေ့မှ မီးပုံဆီသို့သာ မမိုတ်မသုန် ငေးကြည့်နေ၏။ ကျွန်တော်က ကျော်လင်းကိုကြည့်ရင်း တွေးနေမိသည်။

'ဒီကောင့်ခေါင်းက ဒဏ်ရာက သိပ်ပြီး သက်သာသေးပုံတော့ မရသေးဘူး။ သူ့ကို ကြည့်ရတာ တစ်မျိုးကြီးပဲ၊ နောက်ပြီး ကိုသိုက်လှ သူ့ကို ခဲနဲ့ပစ်ပေါက်တာကို သိသိကြီးနဲ့ အခုအချိန်အထိ ကိုသိုက်လှကို ဘာတစ်ခွန်းမှ ပြန်ပြီးမပြောဘူး။ အခုလည်း ဟိုကောင် ချစ်ထွေးနဲ့ တင်အောင်မြင့်တို့သွားရင် သူနဲ့ငါ နှစ်ယောက်တည်း ဒီမှာ ကျန်ခဲ့တော့မှာ အရေးအကြောင်းဆိုရင် ဒီကောင့်အခြေအနေက ဘာမှအားကိုးလို့ရမယ့် အခြေအနေမဟုတ်ဘူး'

ကျွန်တော်က ကျော်လင်းအကြောင်းကို စိတ်ပူကလက်ပူက်တွေး ကြည့်နေရင်း နောက်သို့ လှည့်ကာ ချစ်ထွေးတို့ကို ကြည့်လိုက်၏။ ချစ်ထွေးနှင့် တင်အောင်မြင့်မှာ စောစောက ရပ်ပြီးစကားပြောနေသည့် နေရာတွင် မရှိကြတော့။

'ရဲမြင့်ရာ မင်းလွှင်မရှိလည်း ငါတို့ချည်းပဲ ကျယ်ကျယ်ဝန်းဝန်း တောင်နေရသေးတယ်။ ဒီကောင်မရှိတာ နားငြီးတောင် သက်သာသေးတယ်'



www.burmeseclassic.com

www.burmeseclassic.com



မနေ့က ချစ်ထွေးက မင်းလွင်ပြန်မလာသဖြင့် ပြောလိုက်သော စကားကို ကျွန်တော် ပြန်ပြီးကြားယောင်နေမိသည်။ ချစ်ထွေးဆိုသည့် ကောင်က တစ်ခါတရံတော့ တစ်ကိုယ်ကောင်းဆန်ချင်သည့် စိတ်ရှိသည်။ သူ့စကားကြောင့် ထိုစဉ်က ကျွန်တော်နှင့် ကျော်လင်းပင် မကျေမနပ်ဖြစ်သွားခဲ့ရသည်။ အခုလည်း ဘာပဲပြောပြော ချစ်ထွေးက သိုက်စောင့်တဲဆီသို့ သွားမည်ဟုဆိုသောအခါ ကျွန်တော် စိတ်ပူနေရပြန်သည်။ ဦးညြတို့ ဦးသိုက်လှတို့ ပြောသည်မှာ အမှန်တကယ်မဟုတ်သည့်တိုင်အောင် ထိုသိုက်စောင့်တဲကြီးဆီသို့ ချစ်ထွေးတို့ကို မသွားစေချင်ပါ။ ဒီလို တောကြီးတောင်ကြီးထဲတွင် မမြင်နိုင် မသိနိုင်သော အကြောင်းများက ကျွန်တော်တို့အဖို့ အချိန်မရွေး ကြုံလာနိုင်သည်။

ကျွန်တော်က သစ်ကိုင်းခြောက်တစ်ခုကို ကောက်ရင်း မီးဖိုထဲသို့ ထိုးထည့်လိုက်၏။ ထိုစဉ် ကျွန်တော့် နောက်ကြောဘက်ဆီမှ လေအေးတစ်ချက်က ကျွန်တော်တစ်ယောက်တည်းကို ကွက်ပြီး ယပ်ခပ်လိုက်သလို ဟုတ်ခနဲ ဖြစ်သွား၏။

'ဟင်...'

ချက်ချင်းပင် ကျွန်တော် နောက်သို့ လှည့်ကြည့်လိုက်သည်။ ချစ်ထွေးက သူ့စောင်ကြီးကို ပခုံးတစ်ဘက်ပေါ်သို့ လှမ်းပတ်တင်လိုက်ပြီး...

'ကဲ... ရဲမြင့် ငါတို့နှစ်ယောက်တော့ ဟိုနေရာကို သွားတော့မယ်။ မင်းတို့လည်း ဒီမှာ မျက်စိရှင်ရှင်ထားပြီး စောင့်နေရစ်ပေတော့'

ချစ်ထွေးကိုတွေ့လိုက်ရမှ ကျွန်တော် ကယောက်ကယက်ဖြစ်သွားသောစိတ်မှာ အနည်းငယ် သက်သာသွားရသည်။ သူ့စောင်ကြီး





ကို ပခုံးပေါ် လှမ်းတင်လိုက်သဖြင့် လေက ကျွန်တော့်ကျောကို လာဟပ်လိုက်ခြင်းသာဖြစ်၏။

'အေး...မင်းတို့နှစ်ယောက်လဲ သတိထားပြီး သွားကြ။ တစ်ခုခုဖြစ်ရင်လည်း ငါတို့ကို အချက်ပြပြီး လှမ်းအော်ခေါ်လိုက်'

ချစ်ထွေးနှင့် တင်အောင်မြင့်မှာ ကျောပိုးအိတ်များကို လွယ်ရင်း အမှောင်ထဲသို့ တဖြည်းဖြည်း တိုးဝင်သွားကြသည်။ ကျွန်တော်က သူတို့နှစ်ယောက် နောက်ကျောကို ကြည့်ရင်း ချစ်ထွေးနဲ့ တင်အောင်မြင့်တို့ ဘာအန္တရာယ်မှ မတွေ့ကြုံပါစေနဲ့ဟုသာ ဆုတောင်းနေမိသည်။

အရှိန်ကောင်းကောင်းနှင့် တောက်လောင်နေသည့် မီးပုံကြီးက ကျွန်တော်တို့ တစ်ရပ်စာလောက် မြင့်နေပြီး မီးစများမှာ တဖေါက်ဖေါက်ဖြင့် ကောင်းကင်သို့ တလူလူ လွင့်နေ၏။ ကျွန်တော်က မီးပုံရှိရာသို့ ပြန်လျှောက်လာပြီး မြေကြီးပေါ်တွင် ထိုင်ချလိုက်သည်။ ကျော်လင်းက ချစ်ထွေးနှင့် တင်အောင်မြင့်တို့ ထွက်သွားသောနောက်သို့ ရပ်ပြီး ငေးကြည့်နေကာ သူ့ဘေးမှ ဝါးပင်မှ ဝါးရွက်အနုလေးများကို လှမ်းခူးဆိတ်နေပြီး သူ့ပါးစပ်ထဲသို့ထည့်ကာ ဝါးနေ၏။

'ဟေ့ကောင် ကျော်လင်း ဒီမှာ လာထိုင်လေကွာ မင်းမချမ်းဘူးလား'

ကျွန်တော်က ကျော်လင်းကို လှမ်းခေါ်ပြီး ရေနွေးအိုးကြို့ဖို့လုပ်နေသည်။ ကျော်လင်းက ကျွန်တော့်ကို ဘာမှပြန်မပြောဘဲ ကျွန်တော့်အနီးသို့ တစ်လှမ်းချင်း လျှောက်လာသည်။ သူ့မျက်နှာပေါ်တွင်လည်း တစ်စုံတစ်ခုကို တွေးနေသလိုနှင့် ခေါင်းမှ ပတ်တီးစကို လက်ဖြင့် တကိုင်ကိုင်လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းခေါင်းက ဒဏ်ရာ ဘယ်လိုနေသေးလဲ ကျော်လင်း'

ကျွန်တော်က ကျော်လင်းခေါင်းမှ ပတ်တီးစကိုကြည့်ရင်း လှမ်းမေးလိုက်သည်။ ကျော်လင်းက ကျွန်တော့်အမေးကို ချက်ချင်း ပြန်မဖြေသေးဘဲ ခေါင်းငုံ့နေရာမှ မျက်လုံးကို အပေါ်သို့လှန်ပြီး စိုက်ကြည့်နေသည်။ သူ့မျက်လုံးမှာ အပြင်သို့ ပြူးထွက်နေကြပြီး ကျွန်တော့်ကို ပြန်စိုက်ကြည့်နေသည့် မျက်စံနက်ကြီးနှစ်လုံးမှာ အပေါ်မျက်ခွံအောက်တွင် ကပ်နေသည်။

ကျွန်တော် သူ့ကိုကြည့်ရင်း ကျောထဲမှာ စိမ့်သလိုလို ဖြစ်လာ၏။

'ငါ နည်းနည်းတော့ သက်သာသွားပါပြီ'

တစ်ခွန်းချင်း လေးလေးကန်ကန် ပြောလိုက်သော ကျော်လင်း၏ လေသံက သူ့လျှာထဲတွင်ပြန်ပြီး လိပ်နေသလို ထင်ရသည်။

'အင်း ဒီကောင် ကျော်လင်း အရင်လို မဟုတ်တော့တာတော့ သေချာတယ်။ သူ့ကိုကြည့်ရတာ ကြောင်တောင်တောင် ဖြစ်နေပုံရတယ်။ ဒီအတိုင်းသာဆိုရင် သူနဲ့ငါ တစ်ညလုံး ကင်းထိုင်စောင့်လို့ ဖြစ်ပါ့မလား။ သူ့ကို တဲကို ပြန်ပို့ပြီး ငါ့ဖာသာငါ တစ်ယောက်တည်းစောင့်...။ ဒါလဲ မဟုတ်သေးပါဘူး။ ငါတစ်ယောက်ထဲ စောင့်လို့ကလဲ ဘယ်လိုမှ ဖြစ်မှာမဟုတ်ဘူး တော်ကြာ ...'

ကျော်လင်းက ကျွန်တော့်ကို ကြည့်နေရာမှ သူ့ပါးစပ်ထဲတွင် တပျပ်ပျပ်ဝါးနေသော ဝါးရွက်နများကို ထွေးထုတ်လိုက်သည်။ ကျွန်တော်က တပွက်ပွက်ဆူနေသော စတီးမတ်ခွက်ကို မီးဖိုပေါ်မှ ချလိုက်ပြီး ကျောပိုးအိတ်အတွင်း ထည့်ယူလာသော လွှက်ခြောက်ဘူးကို လက်တစ်ဖက်ဖြင့် ရှာနေ၏။ ထိုစဉ်...





'အား...'

သိုက်စောင့်တဲရှိရာ တောင်ကုန်းပေါ်မှ သွေးပျက်လုခမန်း အော်လိုက်သည့် အသံကြီးကို ကြားလိုက်ရသည်။ ထိုအသံကြီးမှာ တစ်တောလုံး ဟိန်းထွက်သွားပြီး အနီးရှိ သစ်ပင်ကြီးများပေါ်မှ အိပ်တန်းတက်နေသည့် ငှက်များပင် တဝုန်းဝုန်းနှင့် ဆူဆူညံညံ ထပျံကုန်ကြသည်။

●



www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး... ကယ်ကြပါဦးဗျ'

မပိမသနှင့် ကျယ်ကျယ်လောင်လောင်ကြီး ကြားနေရသော အသံက ကျွန်တော်တို့ရှိရာသို့ ပြေးလာနေသည်ဟု ထင်ရသည်။ သစ်ပင်သစ်ကိုင်းများ ကျိုးသံ၊ သစ်ရွက်ကြို သစ်ရွက်ကြားသို့ တိုးဝင်သံတို့ကို ခပ်ဝေးဝေးမှပင် ကြားနေရ၏။

'ဟင်... ဒါ... ဒါမဟုတ်မှလွဲရော... ဟိုကောင် ချစ်ထွေးတို့ တင်အောင်မြင့်တို့ရဲ့ အသံပဲ ဖြစ်ရမယ်။ ဘာတွေလဲ ဘာတွေများ ဖြစ်ကုန်ပြီလဲ'

ကျွန်တော်က မီးပုံဘေးမှနေ၍ ထိုင်ရမလို ထရမလိုနှင့် ထိတ်ထိတ်ပြာပြာ ဖြစ်နေသည်။ ကျွန်တော်ကဲ့သို့ ကျော်လင်းမှာလဲ မီးပုံကြီးကို လှည့်ပတ်ပြီး ဟိုဟိုဒီဒီ ကြည့်ကာ ပျူးကြောင်ကြောင်ဖြစ်ပြီး ကြောက်နေသည်။





'ငါ... ဒီကောင်တွေဆီကို ပြေးပြီး တွေ့လိုက်ရင်ကောင်းမလား၊ မဖြစ်သေးပါဘူး။ ကျော်လင်းက တော်တော်ကြောက်နေတယ်။ သူ့အနားမှာပဲ နေမှ'

ကျွန်တော်က ရှေ့သို့ နှစ်လှမ်းသုံးလှမ်းပြေးသွားပြီး ဖက်ယားပင်တောအစပ်မှနေ၍ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့ရှိရာသို့ ကမျောသောပါးပြေးလာသည့် ခြေသံကို ကြားနေရသည်။ အချိန်က သိပ်မကြာလိုက်။ သစ်ပင်များကြားမှ သေလုမျောပါးပြေးလာသော ချစ်ထွေးကို တွေ့လိုက်ရသည်။ ချစ်ထွေးမှာ ကျွန်တော်တို့အနီးသို့ ရောက်လာသည့်တိုင်အောင် သူ့ပါးစပ်က အသံနက်ကြီးဖြင့် အော်နေတုန်းပင် ဖြစ်သည်။ သူ့မျက်နှာတစ်ခုလုံးမှာလည်း သွေးပျက်နေပြီး တစ်ကိုယ်လုံး ချွေးတွေသန်တွေဖြင့် ပြေးလာနေသည်။

'ပြေး... ပြေး... ငါ့ကို လိုက်ဖမ်းနေပြီ... နောက်မှာ... နောက်မှာ'

ချစ်ထွေးမှာ အော်ရင်းဟာစ်ရင်းနှင့် ကျွန်တော်ရပ်နေရာ နေရာကို ကျော်ပြီး ဆက်ပြေးသွားသည်။ ကျော်လင်းက ကျွန်တော့်မျက်နှာကို ကြည့်ရင်း ချစ်ထွေးနောက်မှ လိုက်ပြေးဖို့ ဟန်ပြင်နေသည်။

'လာ... လာလေ ရဲမြင့် ဘာလုပ်နေတာလဲ ပြေးမယ်... ပြေးမယ်'

ပြောပြောဆိုဆို ကျော်လင်းက ကျွန်တော့်လက်ကို ဆောင့်ဆွဲလိုက်၏။ ထို့နောက် ကျွန်တော်လည်း နောက်သို့ တစ်ချက်မှ လှည့်မကြည့်ဘဲ ကျော်လင်းနှင့်အတူ ချစ်ထွေးပြေးရာနောက်မှ ခြေကုန်သုတ်ပြီး လိုက်ပြေးတော့သည်။ တဟောဟောနှင့် မောနေသောအသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို မနည်းရှူနေရသည်။ ကျွန်တော်တို့ရှေ့မှ ပြေးနေသော ချစ်ထွေးမှာ နောက်သို့ လှည့်ကြည့်လှည့်ကြည့်ဖြင့် အော်ဟစ်ပြီး သေလု မျောပါးပြေးနေဆဲပင် ဖြစ်သည်။

ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့ အမှတ် 'လေး' တဲကို လှမ်းတွေ့နေရပြီ ဖြစ်သည်။ ယခုအချိန်အထိ ကျွန်တော်တို့ ခြေထောက်များမှာ တစ်ချက်ကလေးမှ တုန့်ဆိုင်းသွားခြင်းမရှိဘဲ အသက်ကိုလုပြီး ပြေးနေရသည်။

ချစ်ထွေးက ကျွန်တော်တို့ ရှေ့မှနေ၍ အော်ရင်းဟစ်ရင်း တဲတံခါးကိုဆောင့်တွန်းပြီး ဖွင့်ဝင်လိုက်သည်။ တဲအတွင်းသို့ ရောက်သောအခါ နောက်မှ ပြေးလိုက်လာသော ကျွန်တော်တို့နှစ်ယောက်ကို တံခါးရွက်ကြီးနှစ်ခုကို ကိုင်ရင်း ရပ်စောင့်နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ချက်ချင်း အမောဆို့ပြီး ပစ်လဲသွားတော့မလို ယိမ်းထိုးနေ သည်။ ချစ်ထွေးက အလွန်အမင်း မောဟိုက်နေသော လေသံဖြင့်

'လာ... ဟေ့ကောင်တွေ... မြန်မြန်လာ... မြန်မြန်'

ကျွန်တော်တို့ တဲအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် ချစ်ထွေးမှာ တဲတံခါးကြီးကို ဂုန်းကနဲ တွန်းပိတ်လိုက်ပြီး အတွင်းမှ တံခါးဂျက်ကို တုန်တုန်ရင်ရင်ဖြင့် ချလိုက်သည်။

ခြေပစ်လက်ပစ်ဖြင့် တဲကြမ်းပြင်ပေါ်သို့ ကိုယ်ကို ပစ်လှဲချလိုက်သည်။ ကျော်လင်းနှင့် ချစ်ထွေးမှာလည်း အသက်ကို မနည်းရှူနေရပြီး စိုးရိမ်ထိတ်လန့်နေသည့် မျက်လုံးများဖြင့် ပိတ်ထားသော တဲတံခါးကြီးဆီသို့ ကြည့်နေကြ၏။ ကျွန်တော်က

'မင်း... မင်းဘယ်လိုဖြစ်လာတာလဲ ပြောစမ်းပါဦး...'





ချစ်ထွေးက ကျွန်တော့်အမေးကို ချက်ချင်းမဖြေသေးဘဲ ပိတ်ထားသော တဲတံခါးကြီးကို ကြည့်ကာ

'ငါ့နောက်ကို မဲမဲအကောင်ကြီးတစ်ကောင် လိုက်လာလို့'

ချစ်ထွေး၏ အသံက မောဟိုက်နေသည့်ကြားတွင် လေသံပြတ်တိပြတ်တောင်း ဖြစ်နေသည်။ ကျွန်တော်က ချစ်ထွေးအနားသို့ သွားကာ သီချင်စိတ်ဖြင့် ထပ်ပြီး မေးလိုက်၏။

'ဘယ်လို မဲမဲအကောင်ကြီးဟုတ်လား... ဘာကြီးလဲ'

'ဒီလိုကွာ ငါနဲ့ တင်အောင်မြင့် အဲ ဒီသိုက်စောင့်တဲကြီးနားကို ရောက်သွားတော့ အထဲကနေ သီချင်းသံလိုလို ဘာလိုလို ကြားနေရတယ်။ ငါတို့ တဲနားကို တဖြည်းဖြည်း တိုးကပ်သွားတော့ အဲဒီသီချင်းသံ အလိုလို ရပ်သွားတယ်'

ချစ်ထွေးက ပြောရင်းနှင့် ခဏရပ်ကာ အမောဖြေသလို လုပ်လိုက်သည်။ ကျွန်တော်နှင့် ကျော်လင်းမှာ ချစ်ထွေးပြန်ပြောနေသော သိုက်စောင့်တဲကြီးမှ အဖြစ်အပျက်များကို မျက်တောင်မခတ်ဘဲ နားစိုက်ထောင်နေ၏။ ထို့နောက် ချစ်ထွေးက

'အဲဒီမှာ တင်အောင်မြင့်က ငါ့ရှေ့ကနေပြီး တဲရဲ့ ပြတင်းပေါက်နားကို ကပ်ပြီး နားထောင်ကြည့်နေတုန်း ပြတင်းပေါက်က ဂုန်းကနဲ ပွင့်ထွက်လာပြီး မဲမဲအကောင်ကြီးတစ်ကောင်က တင်အောင်မြင့်ရဲ့ လည်ပင်းကနေ ဆွဲကိုင်ပြီး တဲထဲကို ဆွဲသွင်းသွားတယ်။ အဲဒီအချိန်မှာ တင်အောင်မြင့်ရဲ့အသံက ငယ်သံပါအောင် တစ်ချက်အော်လိုက်ပြီး ပျောက်သွားတယ်။ ငါလဲ မျက်လုံးတွေ ပြာကနဲဖြစ်သွားတဲ့အချိန် တဲထဲက မဲမဲအကောင်ကြီးက ပြတင်းပေါက်ကနေ ခုန်ချပြီး ငါ့နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တောက်လျှောက်လိုက်တာ တာ...'

'ဟင်... ဒါဆို အဲဒီမှာ တင်အောင်မြင့် ကျန်ခဲ့တာပေါ့'

ကျွန်တော်က ချစ်ထွေးကို ပြာပြာသလဲ လှမ်းမေးလိုက်၏။

'ဟုတ်တယ်... ဒီကောင် အဲဒီတဲကြီးမှာ ကျန်ခဲ့တယ်'

ကျော်လင်းက ကျွန်တော်တို့ ပြောဆိုနေသော အကြောင်းများကို နားစိုက်ထောင်နေပြီး သူ့မျက်နှာမှာ သိသိသာသာ ပျက်နေ၏။ ချစ်ထွေး ပြောပုံအရဆိုလျှင် ကျော်လင်းတင်မဟုတ် ကျွန်တော်ပါ ကြက်သီး မွေးညင်းထပြီး ကြောက်နေသည်။ တစ်ခဏအတွင်းမှာပင် ကျွန်တော်တို့ ဘာလုပ်ရမှန်းပင် မသိတော့။

'ချစ်ထွေး... တင်အောင်မြင့်ကိုတော့ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး။ ငါတို့ သွားရှာမှ ဖြစ်မယ်'

'ဟာ... မသွားနဲ့ရဲမြင့် မသွားနဲ့ ငါလဲ မလိုက်ရဲတော့ဘူး'

ချစ်ထွေးက ကျွန်တော့်အမေးကို ခေါင်းတခါခါ လက်တခါခါ နှင့် အကြောက်အကန်ငြင်းနေတော့သည်။ တကယ်တော့ ပြောသာ ပြောနေရသည်။ အဲဒီသိုက်စောင့်တဲဆီသို့ ကျွန်တော်သွားရန် ဘယ်လိုမှ သတ္တိမွေးလို့ ရမှာ မဟုတ်ချေ။ ကျွန်တော်က သက်ပြင်းတစ်ချက်ကို လေးလေးကန်ကန်ချရင်း အမှောင်ထုထဲသို့ ငေးကြည့်နေမိသည်။

ခဏအကြာ ကျော်လင်းနှင့် ချစ်ထွေးမှာ သူတို့ ခုတင်ပေါ်တွင် မောမောနှင့် အိပ်ပျော်သွားကြ၏။ ကျွန်တော်က ခုတင်ရှိရာသို့ တစ်လှမ်း ချင်း လျှောက်လာရင်း

'ငါတို့ ဘာတွေ ဆက်ပြီး ဖြစ်ကြအုံးမှာလဲ... ငါတို့ အဖြစ် အပျက်တွေကို ဘယ်သူ့ကို ပြောပြရမှာလဲ။ ဒီနေရာကြီးက တကယ့်





ဖုန်းဆိုးမြေကြီးပါလား... တော်တော် ကြောက်စရာပဲ'

ကျွန်တော်က ခုတင်ပေါ် လှဲချလိုက်ပြီးမှ ချစ်ထွေးပြောသည့် မဲမဲအကောင်ကြီးက ဘယ်အချိန် ဒီကို ရောက်လာလိမ့်မလဲဟူသည့် အတွေးများဖြင့် ဘယ်လိုမှ အိပ်မပျော်နိုင်ဘဲ ဖြစ်နေရသည်။ ရိုးကန် ချွတ်ကနဲ ကြားလိုက်ရသည့် အသံကိုပင် ကျွန်တော့်ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကျွန်တော် မေးကနဲ အိပ်ပျော်သွားသည်မှာ ဘာမှ ကြာလိုက်ပုံမရ။ ကျွန်တော့်ပခုံးကို တစ်ယောက်ယောက်က ဆွဲလှုပ်နေသည်ကို ခံစားလိုက်ရသည်။

ချက်ချင်း လူးလဲပြီးထကာ ကြည့်လိုက်၏။

ကျွန်တော့်ကုတင်ဘေးတွင် ရပ်နေသော ကျော်လင်း၏ မျက်နှာကြီးကို တွေ့လိုက်ရသည်။ ကျော်လင်းက

'ထတော့ ဟေ့ကောင် မိုးလင်းနေပြီ။ မနက်စာ ထမင်းစားဖို့ အချိန်တောင် ရောက်နေပြီ'

ကျွန်တော်က ညက ချွေးသံတရွှဲရွှဲဖြင့် သည်အတိုင်း ခုတင်ပေါ်တွင် လှဲချလိုက်မိသည်ကို ပြန်တွေးကြည့်နေ၏။ ထို့နောက် ညစ်ပေနေသော ခြေထောက်များကို ငုံ့ကြည့်ရင်း ချစ်ထွေးကုတင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ ချစ်ထွေးမှာ ဘယ်အချိန်က နိုးနေသည်မသိ။ ထမင်းစားခန်းသို့ သွားရန်ပင် အဆင့်သင့် ဖြစ်နေသည်။

ကျွန်တော်က ကပျာကယာ မျက်နှာသစ်လိုက်ပြီး ထမင်းစားခန်းထဲသို့သွားရန် ပြင်ဆင်လိုက်သည်။





ကျွန်တော်တို့ မနက်စာသွားစားကြရမည့် တဲဖြူကြီးမှာ သိုက်စောင့်တဲရှိရာ တောင်ကုန်းပေါ်တွင် ဖြစ်နေသဖြင့် ကျွန်တော်တို့ သုံးယောက်သားမှာ ဒိုက်အလွန်ဆာနေကြသော်လည်း ခြေလှမ်းများက လေးလံတုန့်ဆိုင်းနေမိသည်။ တဖြည်းဖြည်း လျှောက်လာရင်း သိုက်စောင့်တဲကြီးကို လှမ်းမြင်နေရသည်။ ကျွန်တော်တို့ သုံးယောက်မှာ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ရင်း သတိအနေအထားနှင့် လျှောက်နေကြသည်။ ထိုတဲကြီးရှေ့သို့ ရောက်သောအခါ ချစ်ထွေးက ကျွန်တော့်ဘေးသို့ အလိုလိုပြေးပြီး ကပ်လိုက်၏။ ထို့နောက် ကျွန်တော့် ပခုံးစွန်းမှနေ၍ တဲကြီးကို မဝံ့မရဲဖြင့် လှမ်းကြည့်ကာ လေသံတိုးတိုးဖြင့်

'ဟိုမှာ... ဟိုမှာ တွေ့လားရဲမြင့် အဲဒီပွင့်နေတဲ့ ပြတင်းပေါက်ကြီးကနေ ခုန်ချပြီး ငါ့ကို လိုက်တာ'

ကျွန်တော့်မှာလဲ ချစ်ထွေး လှမ်းပြီးပြသည့် နေရာကို မသိမသာ တစ်ချက် လှမ်းကြည့်လိုက်သည်။ တဲကြီးမှ ပြတင်းပေါက်မှာ ပွင့်လျက်ဖြစ်နေပြီး ပတ်တာတစ်ခုက ပြုတ်နေသဖြင့် တံခါးရွက်တစ်ခုမှာ အောက်သို့ တွဲလောင်းကြီး ကျနေ၏။ တဲတစ်ခုလုံးကို ထုံးများ ဖွေးဖွေးလှုပ်အောင် သုတ်ထားသဖြင့် နေရောင်ထဲတွင် တောက်ပလွန်းနေသည်။

ကျွန်တော်တို့ သုံးယောက်မှာ ထို သိုက်စောင့်တဲရှိသည့်နေရာမှ ကျော်လွန်သောအခါ မပြေးယုံတစ်မယ် ခြေလှမ်းများဖြင့် နောက်သို့ လှည့်ကြည့်လှည့်ကြည့်နှင့် ခပ်သုတ်သုတ် လျှောက်လာမိကြသည်။

ကျွန်တော်တို့ ထမင်းစားခန်းကြီးသို့ ရောက်သောအခါ အခြားကျောင်းသားတော်တော်များများမှာ စားသောက်နေကြပြီ ဖြစ်သည်။ ဖွန်းသံ၊ ခွက်သံနှင့် အော်ကြ၊ ဟစ်ကြ၊ ပြောင်ကြ၊ နောက်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com



အသံများက ခါတိုင်းလိုပင် ဆူညံပွက်လောရိုက်နေသည်။ ကျွန်တော်၊ ချစ်ထွေးနှင့် ကျော်လင်းတို့ သုံးဦးသားမှာ အခြားသူများနှင့်မတူဘဲ မျက်စိမျက်နှာများ ပျက်နေကြသည်။

ကျွန်တော်က ထမင်းစားပွဲပေါ်မှ ဇွန်းနှင့် ခက်ရင်းကို လှမ်းကိုင်ပြီး တစ်ရှူးစက္ကူစဖြင့် သုတ်ရင်း ထမင်းစားခန်းတစ်ခန်းလုံးကို ဝေ့ဝိုက်ကြည့်လိုက်သည်။

သေချာပါသည်။ တင်အောင်မြင့်တစ်ယောက်ကိုတော့ လုံးဝမတွေ့ရ။ ကျွန်တော်ကဲ့သို့ပင် ချစ်ထွေးနှင့် ကျော်လင်းမှာလည်း သူတို့ရှေ့မှ ထမင်းပန်းကန်ကို မနှိုက်သေးဘဲ တင်အောင်မြင့်ကို လှည့်ပတ်ရှာဖွေနေကြသည်။ ထိုစဉ် အခန်းပေါက်ဝမှ ကိုသိုက်လူ ဝင်လာသည်ကို တွေ့လိုက်ရသည်။

ကျွန်တော်က ထမင်းစားပွဲတွင် ထိုင်နေရာမှ ကိုသိုက်လူဆီသို့ ထသွားပြီး

'ကိုသိုက်လူ၊ တင်အောင်မြင့်တစ်ယောက် ပျောက်နေတယ်။ ခင်ဗျား မတွေ့မိဘူးလား'

ကျွန်တော့်အောသို့ ချစ်ထွေးကပါ ရောက်လာပြီး ဝင်ပြောလိုက်ပြန်သည်။

'ဟုတ်တယ် ကိုသိုက်လူ၊ ညက တင်အောင်မြင့် ပျောက်သွားတယ်'

ကျွန်တော်နှင့် ချစ်ထွေးမှာ ညက အဖြစ်အပျက်များကို မသိမသာနေလိုက်ရင်း ကိုသိုက်လူဆီမှ အဖြေကို စောင့်နေမိ၏။ ကိုသိုက်လူက ကျွန်တော်တို့ နှစ်ယောက်ကို မျက်မှောင်ကြုတ်ကြည့်ရင်း





'ဘယ်က တင်အောင်မြင့်လဲကွ…'

'ဗျာ… တင်အောင်မြင့်လေ… ကျွန်တော်တို့အတူ ကင်းကျတဲ့ တင်အောင်မြင့်'

ကိုသိုက်လူ ဇဝေဇဝါ ဖြစ်နေသည့်အလား အထင်ဖြင့် ကျွန်တော်နှင့် ချစ်ထွေးမှာ တင်အောင်မြင့်အမည်ကို ထပ်ပြီး ပြောပြလိုက်သည်။

ကိုသိုက်လူ၏ မျက်နှာပေါ်တွင် မျက်မှောင်အကျုံ့မပျက်ဘဲ

'မင်းတို့ပြောတဲ့ နာမည်ကို ငါ မသိဘူး'

'ဗျာ…'

ကျွန်တော်နှင့် ချစ်ထွေးမှာ ကိုသိုက်လူကို ကြည့်ရင်း အံ့ဩနေမိသည်။ ထို့နောက် ကျွန်တော်တို့ ညက ဖြစ်ပျက်သမျှနှင့် ချစ်ထွေးနှင့် တင်အောင်မြင့် သိုက်စောင့်တဲကြီးသို့ သွားကြသည့် အကြောင်းများကို ကိုသိုက်လူအား အမှန်အတိုင်း ပြောပြလိုက်တော့သည်။ ကိုသိုက်လူမှာ ကျွန်တော်တို့ စကားဆုံးလျှင်ဆုံးခြင်း သူ့ချိုင်းကြားတွင် ညှပ်ထားသော လက်ကိုင်အိတ်တစ်ခုကို တစ်ဖက်ချိုင်းကြားသို့ ပြောင်းပြီး ညှပ်လိုက်ရင်း ရှေ့သို့ တစ်လှမ်းနှစ်လှမ်း ဆက်လျှောက်သွား၏။

ကျွန်တော်နှင့် ချစ်ထွေးမှာ ကိုသိုက်လူနောက်မှ လိုက်ကာ

'ခင်ဗျား သိကို သိရမယ်… ဘာမှ မသိစရာ အကြောင်းမရှိဘူး'

ကျွန်တော်က ဒေါသနှင့် လေသံကို အနည်းငယ် မြှင့်ကာ ပြောလိုက်သည်။ ကိုသိုက်လူက သူ့ခြေလှမ်းများကို ခဏရပ်လိုက်ပြီး

'မင်းတို့တွေ ကင်းစောင့်ရင်းနဲ့ ကယောင်ချောက်ချားတွေ ဖြစ်နေတာနေမှာပါကွာ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ဘူး... ဒါလုံးဝ မဟုတ်ဘူး'

ချစ်ထွေးက ကိုသိုက်လူ၏ ရှေ့မှ ပိတ်ရပ်လိုက်ပြီး အတင်းပြန်ပြီး ငြင်းနေသည်။ အမှန်တော့ ကျွန်တော်နှင့် ချစ်ထွေး သိချင်နေသည့် အကြောင်းမှာ သိုက်စောင့်တဲကြီးနှင့် ပတ်သက်သမျှနှင့် တင်အောင်မြင့်တစ်ယောက် သေသည်လား ရှင်သည်လားဆိုသည့် ကိစ္စပင် ဖြစ်သည်။ ဟိုတစ်ရက်ကလည်း မင်းလွင် ပျောက်ခြင်းမလှ ပျောက်သွားရသည်။ အခုလည်း တင်အောင်မြင့်။ ကျွန်တော်တို့စိတ်ထဲတွင် ဒီစခန်းထဲမှ လူတွေကို မယုံကြည်တော့။

ကိုသိုက်လူမှာ ဘာတစ်ခွန်းမှ ကျွန်တော်တို့ကို ဆက်မပြောတော့ဘဲ ခပ်လှမ်းလှမ်းမှ ရုပ်အင်္ကျီအစိမ်းနှင့် ဘောင်းဘီအဖြူအဝတ်တို့ကို ဝတ်ဆင်ထားသော သင်တန်းဆရာတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။ ထိုသင်တန်းဆရာက ကိုသိုက်လူရှေ့သို့ ရောက်လာသောအခါ ကိုသိုက်လူက

'ဒီမှာ အခုရှိတဲ့ ဝန်ထမ်းသစ်ဦးရေ စာရင်းစာအုပ် ယူလာခဲ့စမ်း'

ထိုသူမှာ ခေါင်းတစ်ချက်ညိတ်ပြီး ချက်ချင်းပင် လှည့်ထွက်သွား၏။

ကျွန်တော်နှင့် ချစ်ထွေးမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြရင်း ထိုနေရာတွင် ကိုသိုက်လူနှင့် အတူရပ်စောင့်နေကြသည်။ ခဏအကြာတွင် ကိုသိုက်လူခိုင်းလိုက်သည့် သင်တန်းဆရာမှာ လယ်ဂျာစာအုပ်တစ်အုပ်ကို ချိုင်းကြားတွင် ညှပ်ရင်း ပြန်ရောက်လာ၏။

ကိုသိုက်လူက ထိုသူ၏ လက်ထဲမှ လယ်ဂျာစာရင်းစာအုပ်ကို





တစ်ရှပ်ရှပ်နှင့် လှန်ပြီး တစ်ယောက်စီ၏ အမည်စာရင်းများကို သူ့လက်ညှိုးဖြင့် ထောက်ကာ စစ်ဆေးနေသည်။

'မင်းတို့ပြောတဲ့ တင်အောင်မြင့်ဆိုတာ ဝန်ထမ်းသစ်စာရင်းထဲမှာ မပါဘူး'

'ဟာ အဓိပ္ပါယ်မရှိတာ... ဘာဖြစ်လို့ မပါရမှာလဲ'

ကျွန်တော်နှင့် ချစ်ထွေးမှာ ကိုသိုက်လူ၏ လက်ထဲမှ လယ်ဂျာစာအုပ်ကို ဘေးမှ ကြည့်နေရာမှ မကျေမနပ်နှင့် ပြန်ပြောလိုက်သည်။

'ကဲ... ရော့ ဒါဆိုလည်း မင်းတို့ဘာသာ မင်းတို့ ရှာကြည့်'

ပြောပြောဆိုဆို ကိုသိုက်လူက ကျွန်တော်တို့လက်ထဲသို့ လယ်ဂျာစာအုပ်ကြီးကို ထိုးထည့်ပေးလိုက်သည်။ ကျွန်တော်နှင့် ချစ်ထွေးမှာ လယ်ဂျာစာအုပ်ကြီးထဲမှ လူစာရင်းများကို တစ်ယောက်ချင်းစီ၏ နာမည်ကို ရေရွတ်ရင်း တစ်ရွက်ပြီးတစ်ရွက် လှန်နေကြသည်။ ထိုစာအုပ်ထဲတွင် ကျွန်တော်တို့ နာမည်များအားလုံးကို အစဉ်တကျ တွေ့ရပြီး တင်အောင်မြင့် အမည်ကိုတော့ စာအုပ်ကုန်သွားသည်အထိ မတွေ့ရပါ။

'ဟင်... ဒါ ဘာလဲ... ဒီစာရင်းထဲမှာ တင်အောင်မြင့် မပါတာ ဘာသဘောလဲ။ သူတို့ တမင် စာရင်းဖျောက်ပစ်လိုက်ကြတာလား။ ဒါမှမဟုတ် တင်အောင်မြင့်ကို အပြီးအပိုင် လက်စဖျောက်လိုက်ကြပြီလား...'

ကျွန်တော်နှင့် ချစ်ထွေးမှာ လယ်ဂျာစာအုပ်ကြီးကို ကိုင်ရင်း ကြက်သေသေကာ ငေးကြောင်နေမိကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ကျွန်တော်တို့ တဲအမှတ်(လေး)သို့ ပြန်ရောက်ချိန်တွင် စိတ်ထဲ၌ အတော်လေးပင် ခံပြင်းနေမိကြသည်။ ချစ်ထွေးက လက်နှစ်ဖက်ကို နောက်သို့ပစ်ပြီး အခန်းအတွင်း ခေါက်တုန့်ခေါက်ပြန် လျှောက်နေကာ မကျေမနပ်နှင့် ကျွန်တော့်ကို လှမ်းပြောလိုက်၏။

'ငါတော့ ဒီလူတွေ အခုလို ဖြောင်လိမ်နေတာ အခံရအခက်ဆုံးပဲ ရဲမြင့်'

'အေး… လူတစ်ယောက်လုံးကို စာရင်းပါ ပျောက်ပစ်လိုက်ကြတယ်ဆိုတာ တော်တော် အံ့သြစရာတော့ ကောင်းနေပြီ'

ကျွန်တော်က ဒီစခန်းကြီးနှင့် ပတ်သက်ပြီး ဘယ်လိုမှ နားမလည်နိုင်လောက်အောင် ဖြစ်နေသည်။ ချစ်ထွေးက အခန်းအတွင်း ခေါက်တုန့်ခေါက်ပြန် လျှောက်နေရာမှ ခုတင်အနားသို့ ရောက်လာသောအခါ တုန့်ခနဲ ရပ်လိုက်ပြီး

'ငါတို့ အခု သိုက်စောင့်တဲကို သွားပြန်ရှာရင် မကောင်းဘူးလား။ တင်အောင်မြင့် တကယ် သေပြီဆိုရင် သွေးစသွေးနတော့ တွေ့ရမှာပဲ'

'ဟာ ချစ်ထွေးကလည်း အခုနေတော့ မသွားနဲ့အုံးကွ။ ဒီလူတွေ





ငါတို့ရဲ့ အရိပ်အခြေကို စောင့်ပြီး ကြည့်နေကြအုံးမှာ'

ချစ်ထွေးမှာ ကျွန်တော့်စကားကြောင့် စိတ်ပျက်လက်ပျက်နှင့် သူ့ခုတင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ နောက်ထပ် သူ့ထံမှ ဘာစကားမှ မကြားရတော့ဘဲ တိတ်ဆိတ်နေသည်။ ကျော်လင်းကျတော့ မိုက်တင်းတင်းနှင့် သူ့ခုတင်ပေါ်တွင် ပြန်ပြီး အိပ်နေသည်။

ရာသီဥတုမှာ နေ့ခင်းဖက်တွင် ပူစပ်ပူလောင်ကြီးနှင့် နေရထိုင်ရ ခက်နေ၏။ ဒီနေရာ၊ ဒီဒေသ၏ ရာသီဥတုမှာလည်း ကျွန်တော့်အဖို့ စိတ်ပျက်ငြီးငွေ့စရာများ ဖြစ်နေသည်။ ထို့နောက် ရေချိုးရန် စိတ်ကူးမိပြီး ရေကန်ရှိရာ တဲတန်းများ၏ အဆုံးသို့ တစ်ယောက်တည်း ထွက်လာမိခဲ့သည်။

'အင်း… အခုအချိန်ဆို ဆည်းဆာတို့ ရည်မွန်တို့တွေလည်း နံနက်စာထမင်းစားပြီးကြလို့ ခဏတဖြုတ် နားနေကြရောပေါ့။ သူတို့တွေကော အဆင်ပြေကြရဲ့လား မသိဘူး။ ဦးသြကြ သူတို့ရှိတဲ့ ချောင်းတစ်ဖက်ကမ်းကို ငါတို့ကို ဘာဖြစ်လို့ ပေးမသွားတာလဲ။ နောက်ပြီး အခု ဦးသြတို့ လုပ်နေတဲ့ အလုပ်တွေက သိပ်ပြီး မှုမမှန်တော့သလိုပဲ။ ဘာပဲဖြစ်ဖြစ် ဆည်းဆာတို့ရဲ့ အခြေအနေသိရအောင် ငါ သွားကြည့်ရင် ကောင်းမယ်…'

ကျွန်တော်က တဲတန်းများ၏ အဆုံးသို့ ရောက်သောအခါ ချက်ချင်း စိတ်ကူးမိပြီး ဆင်သေချောင်းရှိရာသို့ တောင်ကုန်းလမ်းအတိုင်း ခပ်သုတ်သုတ် ဆက်ပြီး လျှောက်သွားလိုက်၏။ ချောင်းကလေးမှ ရေစီးသံများက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ဂီတသံတစ်ခုလိုပင် ဖြစ်နေသည်။ တောင်ကုန်းလမ်းကလေး၏ အဆုံးတွင် လှပစွာ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေသော ဝါးရုံပင်များက လေတိုက်တိုင်း တရှဲရှဲ အော်မြည်နေလျက် စိမ်းစိမ်းညိုညို့ ဖြစ်နေကာ တသွင်သွင်စီးဆင်းနေသော ချောင်းကလေးပေါ်သို့ အုပ်မိုးပြီး ကျနေ၏။ ချောင်းကလေး၏ ရေပြင်မှာ ဝါးရုံပင်ကြီးများပေါ်မှ ဟိုတစ်ပြောက် ဒီတစ်ပြောက် ကျနေသော နေရောင်ကြောင့် တလက်လက် တောက်ပနေ၏။ ကျွန်တော်က ပတ်ဝန်းကျင်တစ်ခုလုံးကို လှည့်ပတ် အကဲခတ်လိုက်ပြီး ရေအစပ်သို့ တဖြည်းဖြည်း ဆင်းပြီးလျှောက်သွားလိုက်သည်။ ချောင်းအစပ်မှ ရေပြင်သည် ကြည်လင်အေးစိမ့်ပြီး ရေအောက်ကြမ်းပြင်မှ သဲပွင့်နုနုလေးများမှာ နေရောင်ဖြင့် တဖျတ်ဖျတ်လင်းလက်နေသည်။

ချောင်းအစပ်မှနေ၍ ဆည်းဆာတို့စခန်းရှိရာဆီ လှမ်းမျှော်ကြည့်လိုက်သည်။ ဆင်သေချောင်းမှာ ပေတစ်ရာသာသာခန့်သာ ကျယ်ဝန်းသဖြင့် တစ်ဖက်မှ ဝါးပင်များ စခန်းချရာ တဲခေါင်မိုးစွန်းများကို အတိုင်းသား လှမ်းမြင်နေရသည်။

လေးလံထိုင်းမှိုင်းနေသော ကျွန်တော့်စိတ်တွေက ကြည်လင်အေးမြသော စမ်းချောင်းလေးအတွင်းတွင် ပေါ့ပါးလန်းဆန်းသွားသလို ထင်မိသည်။ ဆင်သေချောင်းမှာ ကျွန်တော့်ခါးသာသာလောက်သာနက်သဖြင့် ချောင်း၏အလယ်တွင် စိမ်ပြေနပြေပင် ကိုယ်လက်သန့်စင်နေမိသည်။ တသွင်သွင်စီးဆင်းနေသော ရေက ကျွန်တော့် ကိုယ်ခန္ဓာကြီးကို ဆွဲလှုပ်နေသလို ထင်ရသည်။

ကျွန်တော်က ကိုယ်လက်သန့်စင်ပြီး တစ်ဖက်မှ ဆည်းဆာတို့ရှိရာ စခန်းဖက်ဆီသို့ ကူးသွားလိုက်၏။ ကမ်းတစ်ဖက်သို့ မရောက်မီ ပတ်ဝန်းကျင်တစ်ခုလုံးကို အကဲခတ်သလို လှမ်းကြည့်လိုက်၏။





'ဟင်'

ကမ်းစပ်မှ ဝါးရုံပင်ကြားတွင် ကျွန်တော်ကို ချောင်းမြောင်းကြည့်နေသည့် မျက်လုံးတစ်စုံကို လှမ်းတွေ့လိုက်ရသည်။ ကျွန်တော့်မျက်နှာပေါ်မှ ရေစက်ရေပေါက်တို့ကို လက်ဖြင့် ကပျာကယာ သုတ်ရင်း ထိုနေရာကို နောက်တစ်ကြိမ် သေချာပြန်ပြီး ကြည့်လိုက်၏။

'ဟင်... ဆည်းဆာ'

ဆည်းဆာက ဝါးရုံပင်အောသို့ ထွက်လာကာ ကျွန်တော့်ကို လာဖို့ လက်ယပ်ပြပြီးလျှင် လှမ်းခေါ်နေသည်။ ကျွန်တော်လည်း ဟိုဒီကြည့်ကာ ခပ်သုတ်သုတ်ကလေး ကူးသွားလိုက်၏။ ကမ်းပေါ်သို့ တက်လိုက်သောအခါ ဆည်းဆာတင်မဟုတ်ဘဲ သူ့နောက်မှ ရည်မွန်ကိုပါ တွေ့လိုက်ရသည်။ သူတို့၏ မျက်နှာများမှာလည်း ကျွန်တော့်ကို မြင်ရသဖြင့်၊ အတော်ကလေး ဝမ်းသာနေပုံရသည်။ သို့သော် သူတို့၏ အမူအရာတွေက တစ်စုံတစ်ခုကို အလွန်အမင်း ကြောက်လန့်နေသည့် ပုံစံတွေဖြစ်နေသည်။ ကျွန်တော်က ဆည်းဆာတို့နှစ်ယောက်ကို ကြည့်ရင်း

'ဟဲ့... ဆည်းဆာ နင်တို့ကိုကြည့်ရတာ တစ်မျိုးကြီးပဲ... ဘာဖြစ်နေကြတာလဲ...'

ဆည်းဆာနှင့် ရည်မွန်မှာ ကျွန်တော့်စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြရင်း

'ငါ... ငါတို့ ဒီမှာ ထူးထူးဆန်းဆန်းတွေ ဖြစ်နေတယ်ဟ။ ငါတို့ကို ကယ်ပါအုံး ငါတို့ ဒီမှာနေရတာ အရမ်းကြောက်နေပြီ'

ဆည်းဆာနှင့် ရည်မွန်မှာ ကျွန်တော့်ကိုပြောရင်းလည်း သူတို့မျက်စိတွေက ပတ်ဝန်းကျင်တစ်ခုလုံးကို ကျီးကန်းတောင်းမှောက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေကြ၏။ ဆည်းဆာက တုန်ရင်နေသော အသံဖြင့် ကျွန်တော့် လက်မောင်းတစ်ဖက်ကို ဖမ်းဆုပ်ကိုင်ရင်း လေသံခပ်အုပ်အုပ်ဖြင့်

'ဒီမှာ ငါတို့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ပျောက်ချင်းမလှ ပျောက်နေတယ်။ အစအနတောင် ပြန်မတွေ့ရဘူး။ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး ရဲမြင့်ရာ...'

'အေး... ငါလည်း နင်တို့ကို အဲဒီအကြောင်းတွေကို ပြောပြဖို့ ဒီကို တမင် ပုန်းလျှိုးကွယ်လျှိုးနဲ့ လာခဲ့တာ...'

ကျွန်တော်က ဆည်းဆာနှင့် ရည်မွန်ကို ကျွန်တော်တို့ စခန်းတွင် ဖြစ်ပျက်နေသော ကိစ္စများနှင့် မင်းလွင်ပျောက်သွားပုံ၊ တင်အောင်မြင့် ပျောက်သွားပုံတို့ကို ပြောပြလိုက်၏။ စကားအဆုံးတွင် ဆည်းဆာနှင့် ရည်မွန်မှာ ခြေမကိုင်မိ လက်မကိုင်မိနှင့် ပြာပြာသလဲ ကျွန်တော့်ကို ပြန်မေးလိုက်ကြသည်။

'ငါတို့ ဒါဆို ဘာလုပ်ကြမလဲဟင်...'

'နောက်ဆုံး တစ်နည်းကတော့ ငါတို့ ဒီစခန်းကနေ ထွက်ပြေးဖို့ပဲ ရှိတယ်...'

ဆည်းဆာရော ရည်မွန်ကပါ တကယ်တမ်း ဒီစခန်းမှ ထွက်ပြေးဖို့ ကြောက်လန့်နေပုံရသည်။ ထို့နောက် ဆည်းဆာက

'ဖြစ်ပါ့မလား ရဲမြင့်ရယ်။ တို့အိမ်က မိဘတွေ သိသွားရင် ငါတို့ ပြဿနာတက်လိမ့်မယ်'

'မပူပါနဲ့ဟာ ဒီစခန်းက အကြောင်းတွေကို အမှန်အတိုင်း အိမ်ကို စာရေးပြီး ပြောပြကြမယ်။ ပြီးမှ ဆုံးဖြတ်ကြတာပေါ့...'

ကျွန်တော့်အကြံအစည်ကြောင့် ဆည်းဆာနှင့် ရည်မွန်တို့၏





မျက်နှာများမှာ ဝင်းလက်သွားပြီး

'နင်ပြေးရင် ငါတို့ကိုပါ ခေါ်ဖို့မမေ့နဲ့နော် ရဲမြင့်'

ကျွန်တော်က သူတို့နှစ်ယောက်ကို ခေါင်းညိတ်ပြပြီး

'ကဲ ဒါဆိုလဲ ငါ ပြန်တော့မယ်။ ငါ ဒီကိုလာတာကို ဦးဩတို့တွေ တွေ့သွားရင် ဒုက္ခရောက်မှာ'

ပြောပြောဆိုဆိုနှင့် ကျွန်တော်က ချောင်းအစပ်မှ သဲသောင်ပြင် ဆင်ခြေလျှောအတိုင်း ပြေးဆင်းလာခဲ့သည်။ ဆည်းဆာနှင့် ရည်မွန်တို့မှာ ကျွန်တော် ချောင်းအလယ်လောက်အထိ ရောက်သည်အထိ ဝါးရုံပင်များ၏ ဘေးတွင်ရပ်ပြီး လက်ပြ နှုတ်ဆက်နေ၏။

ကျွန်တော်တို့ စခန်းရှိရာ ကမ်းဖက်ဆီသို့ရောက်သောအခါ ကိုယ်ပေါ်မှ ရေများကို သပ်ချရင်း ပုန်းလျှိုးကွယ်လျှိုးနှင့် ခပ်သုတ်သုတ် ပြန်လျှောက်လာသည်။ ကျွန်တော့်မျက်စိများမှာလည်း တစ်လမ်းလုံး ကိုင်းကန်းတောင်းမှောက်နှင့် ဘေးဘီကို ကြည့်နေရသည်။ အခုလို အခြေအနေမျိုးတွင် ဦးဩတို့ ကိုသိုက်လူတို့ တွေ့သွားပါက ကျွန်တော်တို့ ထွက်ပြေးကြဖို့ အစီအစဉ်ကြီးပါ ပျက်သွားပေလိမ့်မည်။

စခန်းချရာ တဲအတွင်းသို့ ပြန်ရောက်မှသာ ကျွန်တော့်မှာ စိတ်ခိုးခိုးချရတော့သည်။

'အမှန်တရားဆိုတာ ငါတို့အတွက် အမြဲရှိနေမှာပဲ... ဒါပေမဲ့ အဲဒီအချိန်ကိုတော့ ငါတို့ ဝီရိယနဲ့ အမြဲတမ်း တပ်လှန့်ထားမှ ဖြစ်မယ်'

တဲအမှတ်(လေး)အတွင်းသို့ လှမ်းဝင်လိုက်သော ကျွန်တော့် ခြေလှမ်းများမှာ သွက်လက်မြန်ဆန်လွန်းနေသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ကျွန်တော်က အိပ်ရာပေါ်တွင် ဝမ်းလျားမှောက်ရင်း အိမ်သို့ စာရေးဖို့ ပြင်ဆင်လိုက်သည်။ စာထဲတွင် ဖေဖေနှင့် မေမေတို့ကို သတိရကြောင်း အစချီရေးလိုက်ပြီး ကျွန်တော်တို့ ရွှေမိုင်းသတ္တုတွင်းစခန်းမှ စားရေးသောက်ရေးနှင့် နေထိုင်ရပုံတို့ကို လေးငါးဆယ်ကြောင်းခန့် ရေးလိုက်၏။ ထို့နောက် ကျွန်တော်တို့ ဖြစ်ပျက်နေသော အဖြစ်အပျက်များ အားလုံးကိုပါ တစ်ခုမကျန် အမှန်အတိုင်း ရေးချလိုက်သည်။ စာထဲတွင် မင်းလွင်နှင့် တင်အောင်မြင့်တို့၏ အစအနကို ယခုအချိန်အထိ မတွေ့ရတော့ကြောင်း၊ မိန်းကလေးအုပ်စုများမှာလည်း ကျွန်တော်တို့ကဲ့သို့ စိုးရိမ်တကြီး ကြောက်လန့်နေကြရပုံများကို အစုံအလင် ရေးသားလိုက်သည်။ စာ၏ အောက်ဆုံးအပိုဒ်တွင် ဖြစ်နိုင်လျှင် ကျွန်တော်တို့အားလုံးမှာ ပြန်လာချင်နေကြကြောင်းဖြင့် အဆုံးသတ်ပြီး ရေးလိုက်သည်။





ကျွန်တော်က စာကို အဆုံးသတ်ပြီး စာအိတ်ထဲသို့ အလျှင်အမြန် ထည့်ကာ ပိတ်လိုက်၏။ ကျွန်တော်က စာအိတ်ပေါ်တွင် ဖေဖေနှင့်မေမေတို့၏အမည်နှင့် အိမ်လိပ်စာကို ရေးနေချိန်တွင် အခန်းပေါက်ဝမှ ချစ်ထွေးနှင့် ကျော်လင်းတို့ ဝင်လာကြပြီး

'ဘယ်လိုလဲ ဟောကောင် မင်းစာသွားထည့်မလို့လား... မင်းစာသွားထည့်ရင် ငါတို့ရဲ့ စာပါ တစ်ခါတည်း ယူသွားကွာ'

ချစ်ထွေးက ပြောပြောဆိုဆိုနှင့် သူ့ခေါင်းအုံးအောက်မှ စာကို ဆွဲထုတ်ပြီး ကျွန်တော့်ကို လှမ်းပေးနေ၏။

'ဟာ... မင်းတို့စာကို မင်းတို့ဘာသာ သွားထည့်ကြကွာ။ တော်တော်ကြာ ငါ့လက်ထဲမှာ ပျောက်ရှသွားရင် မကောင်းဘူး'

ချစ်ထွေးခုတင်၏ အောက်ထပ်မှ ကျော်လင်းကလည်း သူ့စာကို ယူလာပြီး

'လုပ်ပါကွာ ယူသွားပေးစမ်းပါ။ ငါနဲ့ ချစ်ထွေးက အခု ခြေလျှင်စစ်ဆေးရေးအဖွဲ့နဲ့ ပေါင်းလင်းဆည်အထိ လမ်းလျှောက်လိုက်သွားရတော့မှာ။ ညနေလောက်မှ ပြန်ရောက်မယ် ထင်တယ်'

ကျွန်တော့်ကို ကျော်လင်းကပါ သူ့စာကို လှမ်းပေးရင်း ဝင်ပြောလိုက်ပြန်သည်။ ကျွန်တော့်လက်ထဲကို အတင်းထိုးပြီးပေးနေသော ချစ်ထွေးနှင့် ကျော်လင်းတို့မှာ သုတ်သီးသုတ်ပြာနိုင်နေ၏။

'မင်းတို့က အခုချက်ချင်းကြီး သွားရတော့မှာလား...'

'အေးလေကွာ ကိုသိုက်လှပေါ့... ။ ငါတို့ကို ကြိုမပြောဘာမပြောနဲ့။ အရေးပေါ်အစီအစဉ်လို့ ပြောတာပဲ'

ချစ်ထွေးက သူ့ပစ္စည်းပစ္စယာများကို သိမ်းရင်း ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြောနေ၏။ ကျော်လင်းကတော့ ဗျစ်တောက်ဗျစ်တောက်နှင့် ပြောဆိုနေ၏။

'အဲဒီပေါင်းလင်းဆည်ဆိုတာ အဝေးကြီးပဲတဲ့ကွ။ ဒီကြားထဲ ကျောပိုးအိတ်ကိုလည်း သယ်ရဦးမှာ၊ ငါလခွီးထဲမှ သေချင်စော်တောင်နံနေပြီ'

ထိုစဉ်တဲတံခါးဝမှ ကိုသိုက်လှဝင်လာပြီး ချစ်ထွေးနှင့် ကျော်လင်းကို လှမ်းအော်ခေါ်လိုက်သည်။ သူ့အသံမှာလည်း အမိန့်ပေးနေသည့်လေသံမျိုးဖြစ်နေ၏။

'ဟေ့ကောင်တွေ ချစ်ထွေးနဲ့ ကျော်လင်း မင်းတို့ မသွားကြသေးဘူးလား။ မြန်မြန်ထွက်ကြ။ ဒီပစ္စည်းလေး သိမ်းနေတာ မပြီးတော့ဘူး'

'ဒီမှာ ကိုသိုက်လှ ကျွန်တော်တို့ ချစ်ထွေးတို့ ကျော်လင်းတို့က တစ်ဖွဲ့တည်းဖြစ်ပြီး ကျွန်တော့်ကျတော့ ဘာဖြစ်လို့ ဒီမှာ ချန်ခဲ့ရတာလဲ'

ကျွန်တော်က ကိုသိုက်လှကို မကျေမနပ်ဖြင့် လှမ်းပြီး မေးလိုက်သည်။ ကိုသိုက်လှက လက်နှစ်ဖက်ကို ခါးပေါ်သို့ ဟန်ပါပါ လှမ်းထောက်ပြီး ခေါင်းတစ်ညိတ်ညိတ်လုပ်ကာ

'ဖြည်းဖြည်းပေါ့ကွာ... မင်းအလှည့်ရောက်လာတော့မှာပါ'

ကိုသိုက်လှမှာ ကျွန်တော့်ကိုပြောပြီး အခန်းထဲမှ လှည့်ထွက်သွား၏။ သူ့နောက်မှ ကျော်လင်းနှင့် ချစ်ထွေးတို့မှာ ကျောပိုးအိတ်ကိုယ်စီလွယ်ရင်း ကျွန်တော့်ကို လှည့်ကြည့် လှည့်ကြည့်နှင့် လိုက်ပါသွားကြသည်။

ကျွန်တော့်မှာ ချစ်ထွေးနှင့် ကျော်လင်းတို့၏ ကျောပြင်များကိုကြည့်ရင်း အလိုလိုဝမ်းနည်းလာသလို ဖြစ်လာသည်။ ဒီစခန်းသို့





ရောက်စက ကျွန်တော်၊ မင်းလွင်၊ ချစ်ထွေးနှင့် ကျော်လင်းတို့မှာ တစ်ခန်းထဲ အတူနေခဲ့ရပြီး ပြောင်ကြ၊ နောက်ကြနှင့် တပူးတွဲတွဲ နေလာခဲ့ရာမှ မင်းလွင်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရသည်။ အခုလည်း ချစ်ထွေးနှင့် ကျော်လင်းမှာ ကျွန်တော်နှင့် လူစုကွဲပြီး ကိုသိုက်လှတို့နှင့် လိုက်ပါသွားရပြီ ဖြစ်သည်။ ကျွန်တော်က လပ်ဟာသွားသော သူတို့၏ ခုတင်များကိုကြည့်ရင်း ပူပူလောင်လောင်ကြီးခံစားမိနေ၏။ ထို့နောက် မြင်ကွင်းထဲမှ တဖြည်းဖြည်း ပျောက်ကွယ်သွားသော ချစ်ထွေးနှင့် ကျော်လင်းကိုမှန်းပြီး ကံကောင်းကြပါစေ သူငယ်ချင်းတို့ဟု စိတ်ထဲမှ ဆုတောင်းနေမိသည်။

•



www.burmeseclassic.com

www.burmeseclassic.com

စာတိုက်ပုံးရှိရာ ခန်းမမှာ ကျွန်တော်တို့ တဲအမှတ်(လေး)နှင့် မနီးမဝေးတွင်ရှိပြီး ငါးမိနစ်သာသာလောက် လမ်းလျှောက်သွားရ၏။ ခန်းမဟု ဆိုသော်လည်း ပျဉ်ထောင်များကာရံထားသည့် အလုံပိတ်တဲကြီး တစ်ခုလို ဖြစ်နေသည်။

အထဲတွင် စာလက်ခံသည့် စားပွဲတစ်လုံးရှိ၏။ ထိုစားပွဲတွင် အရင်က စာများကို လက်ခံသည့်လူတစ်ယောက် အမြဲရှိနေပြီး အခု ကျွန်တော်ရောက်သွားသောအခါ ထိုစားပွဲတွင် တစ်ယောက်တစ်လေမျှ ပင် ရှိမနေဘဲ တိတ်ဆိတ်ခြောက်ကပ်နေ၏။ ကျွန်တော်က ချောင်းသံတစ် ချက်နှစ်ချက်ပေးရင်း လှမ်းခေါ်လိုက်သည်။

'အဟမ်း… အဟမ်း… စာထည့်ချင်လို့ ဘယ်သူမှ မရှိကြဘူး လား ခင်ဗျား'

သို့သော် ဘာတစ်ခုမှ ပြန်ပြီး တုန့်ပြန်သံ မကြားရ။ တစ်ခန်းလုံး မဲမှောင်ပြီး တိတ်ဆိတ်နေ၏။ နောက်တစ်ကြိမ် ကျွန်တော်က လှမ်းခေါ် လိုက်ပြန်သည်။





'ဘယ်သူမှ မရှိကြဘူးလား စာထည့်ချင်လို့ဗျို့'

အသံကတော့ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေပြန်သည်။ ကျွန်တော် က လက်ထဲမှ စာများကို စားပွဲပေါ် တင်ထားခဲ့မည်ဟု စိတ်ကူးပြီးမှ ချစ်ဒွေးတို့ ကျော်လင်းတို့စာတွေပါ ကျွန်တော့်စာနှင့်အတူ ပျောက်ပျက် သွားမည် စိုးသဖြင့် မထားခဲ့ဘဲ အပြင်သို့ ပြန်ထွက်လာခဲ့သည်။

စာတိုက်တဲ၏ အပြင်သို့ ရောက်သောအခါ တဲ၏ ဘေးပတ်ပတ် လည်တွင် တစ်ယောက်တစ်လေတွေ့ရနိုးဖြင့် လှည့်ပတ်ကြည့်လိုက်သည်။ ထိုစာတိုက်တဲ၏ အနောက်ဖက်သို့ ရောက်သည်အထိ အမှိုက်ပုံကြီးတစ် ပုံမှလွဲ၍ ဘာလူရိပ်လူယောင်ကိုမှ မတွေ့ရချေ။

ထိုအမှိုက်ပုံကြီးတွင် ခွေးတစ်ကောင်က ပလတ်စတစ်အိတ်မဲကြီး တစ်လုံးကို လှန်လှောရင်း နှတ်သီးနှင့် ထိုးဖွနေ၏။ ကျွန်တော်က မနေနိုင် မထိုင်နိုင်ဖြစ်ပြီး အနီးမှ ခဲလုံးတစ်လုံးကို ကောက်ပြီး ခွေးကို လှမ်းပေါက် လိုက်သည်။ ကျွန်တော့်ပစ်လိုက်သောခဲမှာ ခွေးကို မထိဘဲ ပလတ်စတစ် အိတ်မဲကြီးကို သွားထိကာ အထဲမှ စာရွက်အတိုအစများက ဖွာလန်ကြဲ ပြီး လွင့်ထွက်ကုန်ကြသည်။

ထိုလွင့်ထွက်ကုန်သော စာရွက်အတိုအစလေးများမှာ လေထဲတွင် တလွင့်လွင့်ဖြင့် မြေပြင်ပေါ် ကျဲပြန့်လျက်ရှိနေသည်။ ရုတ်တရက် ကျွန်တော့်ခြေထောက်နားသို့ ဝဲလွင့်လာသော စာရွက်အပိုင်းအစတစ်ခုကို ကျွန်တော် ကောက်ယူပြီး ကြည့်လိုက်သည်။

'ဟင်…'

ထိုစာရွက်မှာ လေယာဉ်တံဆိပ်နှင့် စာအိတ်တစ်ခု၏ အပိုင်းအစ ဖြစ်နေပြီး စာအိတ်ပေါ်တွင်လည်း တစ်ဝက်တစ်ပျက် ဆုတ်ပြဲနေသော


www.burmeseclassic.com

www.burmeseclassic.com



လိပ်စာများကိုပါ တွေ့လိုက်ရသည်။ ကျွန်တော်က ချက်ချင်းပင် ဖွင့်ထွက်နေသော ပလတ်စတစ်အိတ်မဲကြီးရှိရာသို့ သွားပြီး အတွင်းမှ စာရွက်အပိုင်းအစများကို ထုတ်ယူကြည့်လိုက်မိသည်။

'ဟင်… ဒါ ဒါ ငါတို့ အိမ်ကို ပို့ဖို့ ရေးထားတဲ့ စာတွေပါလား ငါတို့ရဲ့ စာတွေကို ဘာကြောင့် ဒီလို ဖြဲဆုတ်ပြီး လွှင့်ပစ်ထားရတာလဲ။ ငါတို့ကို အပြင်နဲ့ အဆက်အသွယ်ဖြတ်တာပဲ ဖြစ်မယ်…'

တွေးရင်းနှင့် ကျွန်တော်အလိုလို ကြောက်လာသည်။ ချက်ချင်းပင် ဘေးဘီကို လှည့်ပတ်ပြီး ကြည့်လိုက်၏။ တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ လေတိုးသံတဟူးဟူးမှလွဲ၍ ဘာသံကိုမှ မကြားရ။

'တောက်! တော်တော် ယုတ်မာတဲ့လူတွေ…'

ချစ်ထွေး၊ ကျော်လင်းနှင့် ကျွန်တော်တို့အိမ်သို့ ပို့မည့်စာအိတ်သုံးအိတ်ကို လက်ထဲတွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အမှိုက်ပုံရှိရာမှ မကျေမနပ်နှင့် ပြန်လှည့်ထွက်လာခဲ့သည်။

■





## အခန်း (၁၄)

မိုးချုပ်လာသည်နှင့်အမျှ ကျွန်တော့်စိတ်တွေက တစ်စတစ်စ မှုန်းကြုပ်လာနေသည်။ ချစ်ထွေးနှင့် ကျော်လင်းမှာလည်း ယခုအချိန်အထိ ပြန်မရောက်လာကြသေးဘဲ တဖြည်းဖြည်းနှင့် ညစာစားရန် အချိန်သို့ပင် ရောက်လာနေပြီ ဖြစ်၏။ အခန်းအတွင်း၌ ချစ်ထွေးတို့ ကျော်လင်းတို့မရှိသဖြင့် ကျွန်တော့်စိတ်က ပိုပြီး ချောက်ချားနေ၏။ ထို့နောက် ညစာစားရန် တဲအပြင်သို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

'အင်း ဒီကောင်တွေ ပြန်လာရင်တော့ ငါတို့ အိမ်တွေကို ပို့ထားတဲ့ စာတွေကို ဦးသြအဖွဲ့ကလူတွေက ဖျက်ဆီးပစ်တဲ့အကြောင်းကို ပြောပြရမယ်'

တဖြည်းဖြည်းနှင့် သိုက်စောင့်တဲကြီးရှိရာ တောင်ကုန်းပေါ်သို့ ရောက်လာသည်။ ကျွန်တော်က ရှေ့မှ လျှောက်သွားနေသော အခြားကျောင်းသားနှစ်ယောက်ကိုမီအောင် ခပ်သွက်သွက် လျှောက်လိုက်ပြီး ထိုတဲဖြူကြီး အနီးသို့ ရောက်သောအခါ မသိမသာ မျက်လုံးများဖြင့် မှုတ်ခနဲ လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထုံးများ ဖွေးဖွေးလှုပ်အောင် သုတ်ထားသည့် 'သိုက်စောင့်တဲကြီး'မှာ ဘာတစ်ခုမှ ခြေရာလက်ရာမပျက်ပဲ ပွင့်နေသည့် ပြတင်းပေါက်မှ တံခါးရွက်ကြီးတစ်ခုမှာလည်း ပတ်တာဖြုတ်ပြီး တွဲလောင်းကြီး ကျလျက်ပင်ရှိနေ၏။ ကျွန်တော်နှင့် ဘေးချင်းယှဉ်လျက် လျှောက်လာသော အခြားကျောင်းသားနှစ်ဦးမှာ သူတို့အချင်းချင်း တွန်းထိုးနောက်ပြောင်နေကြသည်ကိုကြည့်ရင်း ကျော်လင်း၊ ချစ်ထွေးနှင့် မင်းလွင်တို့ကို အလိုလို သတိရလာမိသည်။

ထမင်းစားခန်းမကြီးအတွင်းသို့ လှမ်းဝင်လိုက်သည်နှင့် အထဲမှ ဖွန်းသံ၊ ခွက်သံများက ခါတိုင်းကဲ့သို့ပင် ဆူဆူညံညံဖြစ်နေသည်။ ကျော်လင်းနှင့် ချစ်ထွေးတို့ မပါဘဲ ကျွန်တော်တစ်ယောက်ထဲ ဖြစ်နေရသဖြင့် နီးရာ ထိုင်ခုံတစ်လုံးကို ဆွဲယူထိုင်လိုက်ပြီး တစ်ခန်းလုံးကို ဝေ့ဝိုက်ကြည့်လိုက်၏။ ထမင်းစားခန်းအတွင်း ရယ်မောပျော်ရွှင်စွာ စားသောက်နေကြသော ကျောင်းသားများမှာ မကြာခင် အန္တရာယ်တစ်ခုခုနှင့် ကြုံရတော့မည်ဆိုသည်ကို မသိကြသေး၍သာ ယခုကဲ့သို့ အပူအပင်ကင်းနေကြသည်။ သူတို့ အားလုံးကိုလည်း ဒီစခန်းကြီး၏ အခြေအနေအကုန်လုံးကို သိအောင် ကျွန်တော် ပြောပြချင်နေမိသည်။ သို့သော် ဦးညြသိသွားပါက ကျွန်တော့်အဖို့ ဒီစခန်းကြီးမှ ထွက်ပြေးရန် အစီအစဉ်ကြီး ပျက်စီးသွားပြီး ဒုက္ခအကြီးအကျယ်ရောက်သွားနိုင်သည်။ ထို့ကြောင့် ဘာတစ်ခွန်းမှမပြောဘဲ ထမင်းကိုသာ ငုံ့ပြီး စားနေလိုက်ရသည်။

ထမင်းစားခန်းမမှအပြန် အပြင်ဘက်တွင် တော်တော်ကလေးပင်မှောင်နေပြီဖြစ်သည်။ ထို့နောက် ကျွန်တော်တစ်ယောက်တည်း တောင်





ကုန်း လမ်းကလေးအတိုင်း ဆင်းလျှောက်လာခဲ့သည်။ ကျွန်တော့်စိတ်က သိုက်စောင့်တဲကြီးရှိရာနေရာသို့ မရောက်မီကပင် ကျောပြင်ထဲတွင် အေးစိမ့်သလို ဖြစ်နေ၏။

'အင်း ငါ့ရှေ့က ပြန်သွားတဲ့ ကျောင်းသားတွေကို မီအောင် လိုက်မှပဲ ဒီအချိန်ကြီးမှာ သိုက်စောင့်တဲနားကို ငါတစ်ယောက်တည်း မဖြတ်ရဲဘူး…'

ကျွန်တော်က တွေးရင်းနှင့် ခြေလှမ်းကို သွက်နိုင်သမျှ ခပ်သွက်သွက်လျှောက်ရင်း ကျွန်တော့်ရှေ့က ကျောင်းသားတစ်ချို့၏ စကားပြောသံ၊ တစ်ယောက်နှင့်တစ်ယောက် ပြောင်နောက်နေကြသံတွေကို မီအောင် လျှောက်လိုက်၏။ သို့သော် ထိုစကားသံများကိုသာ ကြားနေရပြီး သူတို့ကို အမှောင်ထဲတွင် တစ်ယောက်မျှ မတွေ့ရ၊ လမ်းကလည်း ချိုးလိုက် ကွေ့လိုက်ဖြစ်နေသဖြင့် ရှေ့တစ်ကွေ့လောက်တွင် သူတို့ကို မီနိုင်လောက်သည်ဟု စိတ်က ထင်နေမိသည်။

တဖြည်းဖြည်း သိုက်စောင့်တဲရှိရာသို့ ရောက်မှန်းမသိ ရောက်လာပြီဖြစ်သည်။ အခုအချိန်အထိ ကျွန်တော့်ရှေ့မှ သွားနှင့်ကြသော ကျောင်းသားတစ်သိုက်ကို မမီသေးဘဲ သူတို့၏ အသံတွေကိုသာ ကြားနေရသည်။ ကျွန်တော်က ခြေလှမ်းကို သွက်နိုင်သမျှ ခပ်သွက်သွက်လျှောက်ပြီး အတတ်နိုင်ဆုံး သိုက်စောင့်တဲကြီးရှေ့သို့ ရောက်လျှင် မျက်စိက အလိုလို မကြည့်မိအောင်လည်း စိတ်ကို ချုပ်တီးထားမိသည်။

ထိုသိုက်စောင့်တဲကြီး၏ ရှေ့သို့ ရောက်သောအခါ ရုတ်တရက် ကျွန်တော့်ရှေ့မှ သွားနေကြသော ကျောင်းသားများ၏အသံများမှာ လုံးဝ ပျောက်ကွယ်သွား၏။ ထိုအသံများ ပျောက်ကွယ်သွားရသည့်နေရာမှာ

www.burmeseclassic.com



ကျွန်တော်နှင့် မနီးမဝေးမှ ဝါးရုံပင်များ အုပ်ဆိုင်းနေသည့် လမ်းအကွေ့လေးနားတွင် ဖြစ်သည်။ အမှောင်ထဲတွင် ကျွန်တော်က သူတို့ကို လှမ်းပြီး အသံပြုလိုက်သည်။

'ဟေး... ငါ့ကို ခဏစောင့်ကြအုံးကွ'

သူတို့ထံမှ ဘာမှ တုန့်ပြန်သံ မကြားရ၊ ကျွန်တော်က ခပ်သုတ်သုတ်လျှောက်နေရာမှ ဝါးရုံပင်များ အုပ်ဆိုင်းနေသည့် လမ်းချိုး အကွေ့လေးသို့ ရောက်အောင်ပြေးပြီး သွားလိုက်သည်။ ထိုဝါးရုံပင်များရှိသည့်နေရာကို ချိုးကွေ့လိုက်သောအခါ ချက်ချင်းပင် ခေါင်းနပန်းကြီးသွားကာ ကြက်သီးမွေးညင်းများ တဖျန်းဖျန်းထသွား၏။

'ဟင်... ငါ့ရှေ့က စကားပြောပြီး သွားနေကြတဲ့ ကျောင်းသားတွေလည်း တစ်ယောက်မှ မရှိပါလား။ ငါ... ငါ ဘယ်လို နေရာကြီးကို ရောက်နေပြီလဲ။ သူတို့ကရော ဘာတွေလဲ။ ဘယ်သူတွေလဲ'

ကျွန်တော့်စိတ်တွေက တစ်ခဏအတွင်းမှာပင် ဆောက်တည်ရာမရတော့။ ကျွန်တော့် ကိုယ်ခန္ဓာကြီးတစ်ခုလုံးမှာ မြေကြီးပေါ်သို့ ပျော့ခွေညွတ်ကျမသွားအောင် ထိန်းထားလိုက်ရသည်။ ထို့နောက် တစ်ခဏအတွင်းမှာပင် ကျွန်တော့် စိတ်အာရုံများကို ချုပ်တီးလိုက်ပြီး တဲအမှတ်(လေး)ရှိရာဆီသို့ ခြေကုန်သုတ်ပြီး ပြေးတော့သည်။ တိတ်ဆိတ်နေသောပတ်ဝန်းကျင်တစ်ခုလုံးမှာ တဟုန်ထိုးပြေးနေသော ကျွန်တော့်ခြေသံများမှလွဲ၍ ဘာအသံမှ မကြားရ။ မကြာမီ ကျွန်တော်တို့ အမှတ်(လေး)တဲကိုလှမ်းမြင်နေရပြီ ဖြစ်သည်။

တဲအတွင်း မှိန်ပြပြ အလင်းရောင်လေးကို လှမ်းမြင်လိုက်ရသဖြင့် ကျွန်တော် ဝမ်းသာသွား၏။ ကျော်လင်းနှင့် ချစ်ထွေးတို့ ပြန်ရောက်နေကြ





ပြီ ဖြစ်သည်။

တဟောဟောဖြင့် အသက်ကို မနည်းရှူနေရသော ကျွန်တော်က ဇွေထားသော တဲတံခါးကြီးကို မောကြီးပန်းကြီးဖြင့် ဆောင့်တွန်းဖွင့်ပြီး ကျော်လင်းနှင့် ချစ်ထွေးတို့ကို လှမ်းပြီး မေးလိုက်သည်။

'ဟေ့ကောင်တွေ ဘယ်လိုလဲ... မင်းတို့ တော်တော်လေးမှ လမ်းလျှောက်လိုက်ရသလား။ ငါလည်း မင်းတို့ မရှိ... '

ကျွန်တော့်စကားက ပြောရင်းတန်းလန်းနှင့်ပင် ရပ်တန့်သွား၏။ တဲအတွင်းမှ ကျွန်တော့်ကို ပြန်ပြီး ကြည့်နေသည့် မျက်လုံးနှစ်စုံမှာ ကျွန်တော်တစ်ခါမှ မမြင်ဖူးသည့် လူစိမ်းနှစ်ယောက်ပင် ဖြစ်နေ၏။ ထိုသူနှစ်ဦးမှာ ခုတင်များပေါ်မှ ခြေထောက်ကို အောက်သို့ တွဲလောင်းချပြီး ထိုင်နေကြသည်။

'ဟင်... ငါ... ငါ တဲများ မှားပြီး ဝင်လာမိသလား'

ကျွန်တော့်ကိုယ်ကျွန်တော် အနည်းငယ် ရှက်သလိုလို ဖြစ်သွား၏။ ထို့နောက် ထိုသူနှစ်ဦးကို လှမ်းပြီး

'ဆောရီးဗျာ... ၊ ကျွန်တော်တို့ တဲနံပါတ်(လေး)အောက်မေ့ပြီး မှားဝင်လာမိတာ... '

ထိုလူနှစ်ဦးမှာ ကျွန်တော့်မျက်နှာကို ပြန်ကြည့်ရင်း

'ဒါ တဲနံပါတ်(လေး)ပဲလေ... '

'ဗျာ...'

ကျွန်တော့်မျက်စိများက ချက်ချင်းပင် ပြာဝေမှုန်နောက်သွားကာ မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်နေမိသည်။ ထို့နောက် ထိုသူနှစ်ဦးကို နားမလည်စွာ ငေးကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို... ခင်ဗျားတို့... ခင်ဗျားတို့က ဒီကို... ဘာလာလုပ်ကြတာလဲ... ဒါ ကျွန်တော်တို့ လေးယောက်ရဲ့ အခန်းပဲ။ ဒါနဲ့ ကျွန်တော့် သူငယ်ချင်း ချစ်ထွေးတို့ ကျော်လင်းတို့ကော ပြန်ရောက်တာ မတွေ့မိဘူးလား'

ကျွန်တော့်မေးခွန်းတွေက တစ်ခဏအတွင်းမှာ ရှုပ်ထွေးများပြားသွားသည်။ ထိုသူနှစ်ဦးမှာလည်း ကျွန်တော့်ကို သေသေချာချာကြီး စိုက်ကြည့်နေပြီး

'ချစ်ထွေးတို့၊ ကျော်လင်းတို့ဆိုတာ ဘယ်သူတွေလဲ။ ငါတို့ ဒီအခန်းမှာ နေလာတာ ကြာလှပြီ။ မင်းပြောတဲ့ နာမည်တွေကို ငါတို့ တစ်ခါမှ မကြားဖူးဘူး'

ကျွန်တော်က သူတို့နှစ်ယောက်၏ စကားကြောင့် အနည်းငယ် ဒေါသပွချင်သလို ဖြစ်သွားပြီး

'ခင်ဗျားတို့ သက်သက်မဲ့ လူကို အကြောင်းလာရိုက်နေတာ။ ခင်ဗျားတို့ဘေးက ဘီရိုက ကျွန်တော့်သူငယ်ချင်း ချစ်ထွေးရဲ့ ဗီရိုပဲ'

ကျွန်တော်က ပြောပြောဆိုဆို ထိုသူနှစ်ဦးအနီးမှ ချစ်ထွေး၏ ဘီရိုကို ဆွဲဖွင့်ပြီး ကြည့်လိုက်သည်။

'ဟင်... '

ချစ်ထွေး၏ ဘီရိုထဲတွင် ဘာပစ္စည်းမှ မရှိတော့။ တစ်ခဏအတွင်းမှာပင် ကျွန်တော့်ဦးနှောက်တွေ ချာချာလည်ပြီး ရူးချင်သလိုလို ပင် ဖြစ်သွား၏။ ထို့နောက် ချစ်ထွေး၏ ဘီရိုဘေးမှ ကျော်လင်း၏ ဘီရိုကိုပါထပ်ပြီး ဖွင့်ကြည့်လိုက်ပြန်သည်။

ကျော်လင်း၏ ဘီရိုထဲတွင်လည်း ကျော်လင်း၏ ပစ္စည်းများမှာ





ဘာတစ်ခုမှ ရှိမနေတော့။

'ဟင် ဒါ... ဒါ ဘယ်လိုဖြစ်တာလဲ။ ချစ်ထွေးနဲ့ ကျော်လင်း ဘယ်ကို ရောက်သွားကြပြီလဲ'

ထိုလူနှစ်ဦးမှာ ကျွန်တော့်ကို တွေတွေကြီး စိုက်ကြည့်နေပြီး ဘာတစ်ခွန်းမှ မပြောဘဲ သူတို့၏ တွဲလောင်းချထားသော ခြေထောက်များကိုသာ လှုပ်ရမ်းနေသည်။

ကျွန်တော့်ကျောပြင်တစ်ခုလုံး စိမ့်ကနဲ ခံစားလိုက်ရသည်။

'ကျော်လင်းရော ချစ်ထွေးရောပါ မင်းလွင်နဲ့ တင်အောင်မြင့်တို့လို ပျောက်သွားကြပြီလား... ငါ... ငါ ဘာလုပ်ရမှာလဲ... နောက်ပြီး ညနေက ကိုသိုက်လူပြောတဲ့ မင်းအလှည့်က ဖြည်းဖြည်းတော့ ရောက်လာမှာပေါ့ဆိုတဲ့ စကားကြီးက ဘာလဲ။ မဖြစ်ဘူး... မဖြစ်ဘူး။ ဒီကနေ မြန်မြန်ထွက်ပြေးမှ ဖြစ်တော့မယ်'

ကျွန်တော်က တွေးရင်း အလိုလို ကြောက်လာသည်။ ထို့နောက် လူစိမ်းနှစ်ဦး၏ရှေ့တွင် ဟန်မပျက်နေလိုက်ပြီး ကျွန်တော့်ခုတင်ရှိရာဆီသို့ ပြန်လျှောက်လာ၏။ ထိုသူနှစ်ဦးမှာ ဦးသြ၏လူများ ဖြစ်ကောင်း ဖြစ်နိုင်သည်။ ဦးသြက ကျွန်တော့်ကို ထွက်မပြေးနိုင်အောင် ဒီလူနှစ်ယောက်ကို စောင့်ခိုင်းထားပုံရသည်။

ကျွန်တော်က ခုတင်ပေါ် လှမ်းတက်လိုက်ပြီး ထိုသူနှစ်ဦးကို မသိမသာ အကဲခတ်ကြည့်လိုက်၏။ ထိုသူနှစ်ဦးမှာ ခုတင်များပေါ်တွင် ခြေညှောင်းလက်ဆန့်လုပ်ပြီး လဲလျောင်းနေကြသည်။ ခဏအကြာတွင် ထိုလူစိမ်းနှစ်ယောက်ထံမှ ဟောက်သံ သဲ့သဲ့ကို ကြားနေရတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ခုတင်ပေါ်တွင် လှဲရင်း ကျွန်တော့်စိတ်တွေက ယောက်ယက်ခတ်နေသည်။ ကျွန်တော့်ခုတင်၏ ဟိုဖက်ခြမ်းမှ လူစိမ်းနှစ်ဦးမှာလည်း တကယ်ပဲ နှစ်နှစ်ခြိုက်ခြိုက်ကြီးပင် အိပ်မောကျနေကြသည်လား၊ အိပ်ချင်ဟန်ဆောင်နေကြသည်လားမသိ။ တုတ်တုတ်မျှပင် မလှုပ်ကြ။

တဖြည်းဖြည်း ညည့်နက်လာသည်နှင့်အမျှ ကျွန်တော့်အတွေးတွေက ဗျောင်းဆန်နေသည်။ ကိုယ့်နောက်ကျောကိုလည်း ကိုယ်မလုံချင်တော့၊ မကြာမီ ရောက်လာတော့မည့် အန္တရာယ်ကြီးကိုလည်း ထိတ်လန့်တုန်လှုပ်လျက်ရှိနေသည်။

‘မင်းလွင်တို့ ချစ်တွေးတို့ ကျော်လင်းတို့ ပျောက်ခြင်းမလှ ပျောက်သွားကြတာဟာ သွေးရိုးသားရိုးတော့ မဟုတ်ဘူး။ တစ်ခုခုတော့ မှားယွင်းနေပြီ။ ငါ... ငါအခု ဘာလုပ်ရမလဲ’

တွေးရင်းနှင့် ကျွန်တော်က ခုတင်ပေါ်တွင် ကိုယ်ကို လူစိမ်းနှစ်ယောက်၏ ခုတင်ရှိရာဘက်သို့ လှည့်ပြီး စောင်းလိုက်သဖြင့် တကျိုကျို မြည်သွားသော အသံနှင့်အတူ အိပ်ပျော်နေကြသော လူစိမ်းနှစ်ဦးကို





အကဲခတ်ရင်း လှမ်းကြည့်လိုက်သည်။ ထိုသူနှစ်ဦးမှာတော့ တုတ်တုတ်မျှပင် မလှုပ်ကြချေ။

‘အင်း ဆည်းဆာတို့ ရည်မွန်တို့ရော ရှိမှရှိသေးရဲ့လား။ ဘာပဲဖြစ်ဖြစ်တော့ ငါ ဒီည ထွက်ပြေးကို ပြေးရမယ်။ ဟုတ်တယ်...အခုပဲ ပြေးမယ်’

ကျွန်တော်က ခုတင်ပေါ်တွင် တဲတောင်ဆစ်ကို ထောက်ရင်း ဖြည်းညှင်းစွာ ထထိုင်လိုက်၏။ ထို့နောက် ခေါင်းအုံးအောက်မှ လက်နှိပ်ဓာတ်မီးကို အသာအယာစမ်းနေမိသည်။ ကျွန်တော့်လက်နှိပ်ဓာတ်မီးမှာ ခေါင်းအုံးအောက်တွင် ဘယ်အချိန်တည်းက ပွင့်နေသည်မသိ။ အားကုန်ပြီး မှိန်ဖျော့ဖျော့ အလင်းရောင်လေးသာ ရှိတော့၏။

ထို့နောက် ကိုယ်ကို အသာအောက်သို့လျှောကာ ခုတင်ဘေးမှ လှေကားကို ခြေထောက်ဖြင့် စမ်းရင်း ဆင်းလိုက်သည် ကျွန်တော့်ကိုယ်ကြီးက ခုတင်ပေါ်မှ ကြွသွားသဖြင့် ခုတင်အောက်မှ စပရိန်များမှာ ကျိုကနဲ မြည်သွားသည်။

အမှောင်ထဲတွင် တဒီးဒီးကျနေသော နဖူးမှ ချွေးများက မျက်နှာတစ်ပြင်လုံး ရွှဲရွှဲစိုနေ၏။ ကျွန်တော်က အိပ်ပျော်နေသော လူစိမ်းနှစ်ယောက်ကို အကဲခတ်သလို လှမ်းကြည့်လိုက်သည်။ ထိုသူထဲမှ တစ်ယောက်မှာ စောစောကလို ပက်လက်အနေအထားနှင့် မဟုတ်တော့ဘဲ ကိုယ်ကို တစ်ဖက်သို့ စောင်းလှည့်သွား၏။ ကျွန်တော်က နင်းလက်စလှေကားပေါ် မှ ခြေထောက်ကို ပြန်မရုတ်သေးဘဲ ခဏလေးငြိမ်ပြီးနေလိုက်ရသည်။

တဆတ်ဆတ်တုန်ရင်နေသော နောက်ထပ် ခြေတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



လှေကားတစ်ထစ်ကျော်ပြီး လှမ်းလိုက်သည်။ ထိုသူနှစ်ဦးကို လှမ်းကြည့်လိုက်ပြန်၏။ ဘာမှ ထူးထူးခြားခြား မဖြစ်သဖြင့် နောက်ဆုံးခြေလှမ်းတစ်ဖက်ကို ခုတင်အောက်မှ ကြမ်းပြင်ပေါ်သို့ နင်းချလိုက်မိသည်။

လှေကားကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသော ကျွန်တော့်လက်များမှာ ချွေးများဖြင့် စေးကပ်နေသည်။ မှောင်နေသော အခန်းအတွင်း ကျွန်တော့်လက်နှိပ်ဓာတ်မီး၏ အရောင်မှာ မဆိုသလောက်ကလေး အလင်းရောင်ရနေသည်။ ထို့နောက် ကျွန်တော်က ခြေသံဖွဖွနင်းရင်း ကျွန်တော့်ဗီရိုရှိရာသို့ လျှောက်သွားလိုက်သည်။ ဗီရိုအနီးသို့ရောက်သောအခါ ဗီရိုကို အသံမမြည်အောင်ဖွင့်ဖို့ကိစ္စကို အတော်ကလေး စဉ်းစားနေရသည်။

ထိုစဉ် တစ်ဖက်သို့ စောင်းကာ အိပ်ပျော်နေသော လူစိမ်းတစ်ဦးထံမှ ချောင်းသံတစ်ချက်နှစ်ချက်ကို ကြားလိုက်ရသည်။ ချက်ချင်းပင် ကျွန်တော့်ရင်ခုန်သံများမှာ တဒုံးဒုံးမြည်လျက် သွေးများဆောင့် တိုးသွားသည်။ လက်ထဲက ဓာတ်မီးအလင်းရောင်ကိုလည်း ပိတ်ထားလိုက်ရ၏။ အမှောင်ထဲတွင် ထိုသူ၏ နောက်ထပ် လှုပ်ရှားမှုကို အသံစွင့်ကာ နားစိုက်လိုက်ရင်း လက်တစ်ဖက်ကို ဗီရိုတံခါးလက်ကိုင်ဘုပေါ်သို့ အဆင်သင့်တင်ထားလိုက်၏။

'ဒီလူ ဒီတစ်ခါ ချောင်းဆိုးရင် သူ့အသံနဲ့ရောပြီး ဘီရိုတံခါးကို ဖွင့်ရမယ်...'

အတော်ကလေး အချိန်ကြာသည်အထိ ထိုသူမှာ နောက်ထပ်ချောင်းမဆိုးတော့ဘဲ သူထံမှ ဟောက်သံကြီး ထွက်ပေါ်လာသည်။





ကျွန်တော်က သူ့ဟောက်သံနှင့်ရောပြီး ဘီရိုတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ ဘီရိုတံခါးမှာ ဘာသံမှ မမြည်ဘဲ အလိုက်သင့် ပွင့်သွား၏။ ချက်ချင်းပင် အထဲမှ ကျွန်တော့်ပစ္စည်းပစ္စယတို့ကို လုံးထွေး ရောပြွတ်ကာ ကျောပိုးအိတ်အတွင်းသို့ ထိုးထည့်လိုက်သည်။ ထို့နောက် ခြေသံဖွဖွနင်းရင်း တံခါးမကြီးရှိရာသို့ တရွေ့ရွေ့နှင့် လျှောက်သွားလိုက်သည်။ တံတံခါးကြီးမှာ ညဦးပိုင်းထဲက အတွင်းမှ သေချာဂျက်ချပြီး မပိတ်ထားသဖြင့် ခပ်ဟဟလေး ပွင့်နေသည်။

အင်းခနဲ ညည်းတွားလိုက်သံနှင့်အတူ လူစိမ်းတစ်ယောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။ ချက်ချင်းပင် ကျွန်တော်လည်း တံခါးကြီး၏ဘေးတွင် ကိုယ်ကို ပြားနေအောင် ဝပ်လိုက်ရသည်။ ထိုသူက နောက်ထပ်လှုပ်ရှားခြင်း မပြုတော့ဘဲ ဆက်အိပ်နေပြန်သည်။ ခပ်ဟဟပွင့်နေသော တံခါးကို နောက်ပြန်လက်နှင့် စမ်းရင်း အသာအယာ ဖွင့်လိုက်သည်။ ကျွီခနဲ မြည်သံခပ်တိုးတိုးက ထိုသူနှစ်ဦး ကြားနိုင်လောက်သည်ဟု စိတ်ကမထင်။ ထို့နောက် လုံးလုံးလျားလျား ပွင့်သွားသော တံခါးပေါက်ကြီးကို နောက်ဆုတ်နောက်ဆုတ်ဖြင့် တစ်လှမ်းချင်း အပြင်သို့ ထွက်လိုက်သည်။ အပြင်ဖက်တွင် အေးမြနေသောလေကြောင့် ကျွန်တော့်တစ်ကိုယ်လုံးမှာ ပေါ့ပါးလန်းဆန်းသွားသလို ဖြစ်သွားသည်။

တိတ်ဆိတ်မဲမှောင်နေသော ပတ်ဝန်းကျင်တစ်ခုလုံးမှာ ချောက်ချားစရာ ကောင်းနေ၏။ ကျွန်တော်က ကျောပိုးအိတ်ကို ပခုံးနှစ်ဖက်တွင် လွှိုပြီး လွယ်လိုက်ကာ ဆည်းဆာတို့ စခန်းရှိရာသို့ ခြေကုန်သုတ်ကာ ပြေးတော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး မရပ်မနားနှင့် ပြေးလာခဲ့ရသဖြင့် ခဏအတွင်းမှာပင် ဆင်သေချောင်းရှိရာသို့ ရောက်လာသည်။ ဆင်သေချောင်း၏ တစ်ဖက်မှ ဆည်းဆာတို့ စခန်းမှာလည်း တိတ်ဆိတ်ပြီး အိပ်မောကျနေဟန် ရှိသည်။ ကျွန်တော်က ပခုံးမှသိုင်းပြီး လွယ်လာသော ကျောပိုးအိတ်ကို ခေါင်းပေါ်သို့ ရွက်လိုက်ပြီး သဲချောင်းထဲသို့ တဖြည်းဖြည်း ဆင်းသွားလိုက်သည်။

တသွင်သွင်စီးနေသော ချောင်းကလေးအတွင်း ကျွန်တော့်ကိုယ်ခန္ဓာကြီးမှာ ရေစီးအတိုင်း လှုပ်ယမ်းနေ၏။ တဖြည်းဖြည်း ကမ်းနှင့်နီးကပ်လာသည်နှင့်အမျှ ကျွန်တော့်မျက်လုံးတွေကလည်း ကျိုးကန်းတောင်းမှောက်ဖြင့် အမှောင်ထဲသို့ ကြည့်နေရသည်။ ဘာပဲပြောပြော ကျွန်တော်အခုလို ဒီစခန်းကြီးမှ ထွက်ပြေးဖို့အစီအစဉ်တွင် ဆည်းဆာနှင့်





ရည်မွန်တို့လို မိန်းကလေးတွေကိုတော့ ပါအောင်ခေါ်မှ ဖြစ်မည်။ သူတို့မှာလည်း တစ်နေ့ထက်တစ်နေ့ ဘာမှန်းမသိသည့် အန္တရာယ်ကြီးကို စောင့်ရင်း ကြောက်လန့်နေကြရသည်။

တဖြည်းဖြည်း တစ်ဖက်မှကမ်းနားသို့ ရောက်သောအခါ ချောင်းရေက ကျွန်တော့် ဒူးခေါင်းသာသာလောက်သာ ရှိတော့သည်။ ကမ်းပေါ်မှ ဝါးရုံပင်များမှာ လေတိုးသံ တရှဲရှဲမြည်နေလျက် ယိမ်းထိုးနေ၏။ ဟိုမှ ဒီမှ တဂီးဂီးအော်မြည်နေသော ဖီးကွက်များ၏ အသံကိုလည်း တစ်ချက်တစ်ချက် အမှောင်ထဲတွင် ကြားနေရသည်။

ကျွန်တော်က ခေါင်းပေါ်မှ ကျောပိုးအိတ်ကို ပခုံးနှစ်ဖက်တွင် ပြောင်းပြီး ချိတ်လိုက်ရင်း ဆည်းဆာတို့ စခန်းရှိရာသို့ ချဉ်းကပ်လာ၏။

'ဟင် သူတို့ စခန်းကြီးကလည်း မဲမှောင်တိတ်ဆိတ်လိုက်တာ... ငါတို့ စခန်းလို တဲမျိုးတွေလည်း မဟုတ်ဘဲ ခနော်နီခနော်နဲ့ ဝါးတဲလေးလေးငါးလုံးပဲရှိတာပါလား...။ ဒီလိုနေရာမျိုးမှာ သူတို့မိန်းကလေးတွေ ဘယ်လိုနေကြလဲ မသိဘူး။'

တွေးရင်းနှင့် ဝါးတဲတစ်လုံးနားသို့ ပြေးဝင်ကပ်လိုက်သည်။ ထို ဝါးတဲမှာ ယိုင်နဲ့နဲ့နှင့် လက်ဖြင့် တွန်းလိုက်လျှင်ပင် လဲပြိုသွားနိုင်သည်။

'ဟင်... ဒီတဲထဲမှာ လူလည်းတစ်ယောက်မှ မရှိပါလား။ ဘယ်လိုဖြစ်တာလဲ'

ချက်ချင်းပင် ကျွန်တော် ခေါင်းနပန်းတွေ ကြီးသွားသည်။ ထို့နောက် အခြားတဲများကို ဆိုင်ကိုင်ကြည့်လိုက်ပြန်သည်။ စခန်းတစ်ခုနှင့် မတူဘဲ သုသာန်တစ်ခုပြင်လို တိတ်ဆိတ်ပြီး လူသူ ကင်းမဲ့လျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ငါရောက်လာတာ လူတွေနေတဲ့ နေရာမှ ဟုတ်ရဲ့လား... ဒါမှမဟုတ် သင်္ချိုင်းကုန်းကြီးတစ်ခုလား။ မဖြစ်နိုင်ပါဘူး... ဟိုတစ်ခါ ဆည်းဆာနဲ့ ရည်မွန်တို့ကို ဒီနေရာမှာပဲ တွေ့ခဲ့တာ'

ထိုစဉ် ကျွန်တော့်ပခုံးစွန်းကို အေးစက်မာကြောနေသည့် လက်တစ်ဖက်က လာပြီးဆုပ်ကိုင်လိုက်သည်။

'အား... '

■





## အခန်း (၁၆)

ကြောက်လန့်တကြားဖြင့် နောက်သို့ ချာခနဲ လှည့်ကြည့်ကာ ကုန်းပြီး အော်လိုက်မိသည်။ မဲမှောင်နေသော ကျွန်တော့်နောက်ကျော ဘက်တွင် တစ်ခါမှ မမြင်ဘူးသော လူစိမ်းတစ်ယောက်ကို တွေ့လိုက် ရသည်။ သူ့ကိုယ်မှာ အင်္ကျီဖလာနှင့်ဖြစ်ပြီး ပုဆိုးတိုတိုဝတ်ဆင်ထား သည်။ ခါးနောက်မှ ပုဆိုးကြားတွင်လည်း ဝါးခုတ်သည့် ဓါးမတစ်လက် ကို ထိုးထားသဖြင့် သူ့နောက်ကျောမှ ဓါးမ၏အဖျားက ဘေးသို့ထွက် နေ၏။

သူ့ပုံစံမှာ မဲမဲသဲသဲဖြင့် နာနာဘာဝတစ်ကောင်နှင့် ပိုပြီး တူနေသည်။

'သိပ်ပြီး လန့်သွားသလား လူလေး...'

ထိုသူက ကျွန်တော့်ကို သေသေချာချာစိုက်ကြည့်ပြီး လူလေးဟု ခေါ်လိုက်သည်။ ကျွန်တော်လည်း ချက်ချင်းဆိုသလို ထိုလူကြီးကို အားကိုးချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။ တိတ်ဆိတ်ပြီး သွေးပျက်စရာ ကောင်းသည့် ယခုလိုနေရာမျိုးတွင် မထင်မှတ်ပဲ တွေ့လိုက်ရသဖြင့် အတိုင်းအဆမရှိ ဝမ်းသာသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟို… ဒီ… ဒီနေရာက ရွှေမိုင်းသတ္တုတွင်း တူးဖော်ရေးကုမ္ပဏီရဲ့ မိန်းကလေးတွေ စခန်းလား ဦးလေး…'

'ဘာ… ဘာစခန်း…'

ထိုလူကြီးမှ ကျွန်တော့်စကားကို အထူးအဆန်းသဖွယ် နားမလည်ဘဲ ဖြစ်နေသဖြင့် ကျွန်တော်က နောက်ထပ်တစ်ကြိမ် ထပ်ပြီး မေးလိုက်ပြန်သည်။ ထိုအခါမှ ထိုသူက ခေါင်းကို ခါယမ်းပြီး

'ဒီဆင်သေချောင်းရဲ့ ဟိုဘက်ခြမ်းကော ဒီဘက်ခြမ်းကောက မသုံးတော့ဘဲ ပစ်ထားတဲ့ ရွှေမိုင်းစခန်းပျက်ကြီးပဲကွဲ…'

'ဗျာ…'

ကျွန်တော်က ထိုလူကြီး၏ စကားကို နားစွန်နားဖျားကြားလိုက်ရသလို ကိုယ့်နားကိုကိုယ် မယုံကြည်နိုင်အောင် ဖြစ်သွားပြီး နောက်ထပ်ထပ်ပြီး မေးလိုက်ပြန်သည်။

'ဟုတ်တယ် လူလေး… ဒီနေရာက အရင်တုန်းကတော့ ရွှေမိုင်းသတ္တုတွင်းစခန်းရဲ့ နေရာပဲ။ ဦးလေးလည်း အခုပဲ ဟိုဘက်ကမ်းကနေလာခဲ့တာ။ ဟိုဘက်ကမ်းရော ဒီဘက်ကမ်းရောက ပြီးခဲ့တဲ့နှစ်မှာ စခန်းဖွင့်ခဲ့တာတော့ ဟုတ်တယ်။ ဒါပေမယ့် မနှစ်က တောဆင်ရိုင်းတွေဝင်နင်းလို့ ဒီက လူတော်တော်များများ သေကြေပြီး လူတွေက ဒီစခန်းကို စွန့်ခွာသွားကြတာ'

'ဟုတ်ရဲ့လား ဦးလေးရာ… မဖြစ်နိုင်ပါဘူး… ကျွန်တော်ကိုယ်တိုင် ဟိုဘက်ကမ်းက စခန်းကနေ အခုလေးပဲ ထွက်လာခဲ့တာ…'

ကျွန်တော်က ထိုလူကြီး၏ စကားကို အကြောက်အကန် ပြန်ပြီး ငြင်းနေသည်။ ထိုလူကြီးက ဆက်ပြီး





'တစ်နှစ်လုံး ဒီနေရာ ဒီဒေသတစ်ဝိုက် လူရယ်လို့ ဘယ်သူမှ မရှိဘူး… တစ်ခါတစ်ရံ ဝါးခုတ်တဲ့လူတွေတောင်မှ ဒီနေရာရောက်ရင် မမှောင်ခင် တက်သုတ်ရိုက်ပြီး ပြန်ကြရတယ်။ ဒီနေရာက မှန်းဆိုးတောကြီးလို ဖြစ်နေပြီကိုးကွ…'

ထိုလူကြီး ပြောနေသော စကားများက ကျွန်တော့်နားထဲတွင် တစီစီ ပဲ့တင်ထပ်နေ၏။ ကျွန်တော့်ခြေဖျားလက်ဖျားတွေမှာ တစ်ခဏအတွင်း အေးစက်ထုံကျင်လာ၏။ တစ်ဒိန်းဒိန်းတိုးခုန်နေသော သွေးကြောများမှာ ခေါင်းတစ်ခုလုံး ပွင့်ထွက်တော့မတတ် ဖြစ်နေသည်။

'ဟင်… ဒါဆိုရင် ကျွန်တော်… ကျွန်တော်တွေ့ခဲ့ရတာတွေက လူအစစ်တွေ မဟုတ်ဘူးပေါ့၊ ဟုတ်လား ဦးလေး…'

ထိုလူကြီးမှာ ကျွန်တော့်ကို ဘာမှ ပြန်မပြောဘဲ အေးစက်ခြောက်ကပ်နေသည့် အသံအက်ကြီးဖြင့် တဟားဟားဖြင့် အော်ပြီး ရယ်နေသည်။ ကျွန်တော့်နဖူးပေါ်မှ ချွေးသီးချွေးပေါက်များမှာ တစ်ခဏအတွင်းမှာပင် တဒီးဒီးကျလာ၏။ ကျွန်တော်က ထိုဦးလေးကြီးကို အားကိုးတစ်ကြီးဖြင့်

'ဦးလေး… ဦးလေးကော အခုဘယ်သွားမှာလဲ… ကျွန်… ကျွန်တော်လည်း ဦးလေးနဲ့အတူ လိုက်ခဲ့မယ်ဗျာ… ကျွန်တော်တို့နှစ်ယောက်ဆိုရင် လမ်းမှာ အဖော်ရတာပေါ့ မဟုတ်ဘူးလားဦးလေး…'

ထိုလူကြီးမှာ ကျွန်တော့်ကို ကျောခိုင်းပြီး အမှောင်ထဲတွင် ရှေ့သို့ တဖြည်းဖြည်းတိုးလျှောက်သွား၏။ သူ့ကျောပြင် မဲမဲကြီးမှာ တဟားဟားအော်ပြီး ရယ်နေသဖြင့် နိမ့်ချည်မြင့်ချည် ဖြစ်နေသည်။ ကျွန်တော့်အမေးကို မဖြေဘဲ မရပ်မနားဖြင့် ခွက်ထိုးခွက်လန် ရယ်နေသည်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် မသက်သာသလို ဖြစ်လာ၏။

ကျွန်တော်က ကျောပိုးအိတ်အတွင်းမှ ဓာတ်မီးကို ကယောင်ကတမ်းဖြင့် ဆွဲထုတ်လိုက်ပြီး ထိုလူကြီး၏ နောက်ကျောပြင်သို့ လှမ်းထိုးကြည့်လိုက်သည်။

မှိန်ဖျော့ဖျော့ ဓာတ်မီးရောင်၏အောက်တွင် သူ့ကျောပြင်တစ်ခုလုံးမှာ မီးသွေးခဲကဲ့သို့ မဲမှောင်နေပြီး၊ နံငယ်ပိုင်းသာသာ ဝတ်ထားသော ပုဆိုး၏ အောက်နားတွင် ခြေထောက်များရှိမနေပဲ ဒီအတိုင်း အလွတ်သက်သက် ရွေ့လျားနေခြင်းဖြစ်သည်ကို ထိတ်လန့်သွေးပျက်ဖွယ် တွေ့လိုက်ရသည်။

'အား…'

ငယ်သံပါအောင် အော်ရင်း ခြေဦးတည့်ရာသို့ တဟုန်ထိုးပြေးတော့သည်။ သစ်ကိုင်းများ သစ်ရွက်များမှာ ကျွန်တော့်မျက်နှာသို့ တဖျတ်ဖျတ်ရိုက်မိနေ၏။ ကျွန်တော့် ကျောပိုးအိတ်နှင့် လက်ထဲမှ ဓာတ်မီးတို့မှာလည်း မည်သည့်နေရာတွင် ကျကျန်ခဲ့သည်မသိ။ တစ်ချက်တစ်ချက်ရှေ့သို့ မှောက်လျက်လဲကျသွားပြီး ချက်ချင်း ပြန်ထကာ သေပြေးရှင်ပြေးနှင့် ပြေးနေရသည်။ တစ်ခါတစ်ရံ ရွှံ့လိုလို ဗွက်ပျစ်ပျစ်များကိုလည်း ခြေထောက်က နင်းမိနေ၏။ ပြောင်ပြောင်ချောချော မြေသားများကိုလည်း နင်းမိ၏။ သစ်ပင်ကြီးများမှ တွဲလောင်းကျနေသော နွယ်ကြိုးနွယ်မျှင်များနှင့်လည်း ရစ်ပတ်ညှိတွယ်မိ၏။ ကျွန်တော့်အဖို့ ဒီတောကြီးအတွင်း ဘယ်ကိုရောက်လို့ ရောက်မှန်းပင် မသိတော့။

မိနစ်အနည်းငယ်ကြာအောင် ပြေးလာပြီးနောက် ကွင်းပြင်ကျယ်ကြီးတစ်ခုသို့ ရောက်လာသည်။ ထိုကွင်းပြင်ကျယ်ကြီးမှာ ကျောက်တုံးကျောက်ခဲများက ဟိုတစ်စု ဒီတစ်စု ဖြစ်နေသဖြင့် ညအမှောင်ထဲတွင် ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရချေ။ ထိုစဉ် ကျွန်တော့်ခြေထောက်တစ်ဘက်က ကျောက်တုံးတစ်ခုကို တိုက်မိပြီး ကိုယ်က ရှေ့သို့ နှစ်ကိုက်သာသာလောက် လွင့်ထွက်သွားသည်။ လေထဲတွင် ကိုယ်ခန္ဓာကြီးက တစ်ပတ်လည်ကာ မြေပြင်မှ ကျောက်တုံးတစ်ခုနှင့် ကျွန်တော့်နောက်စေ့ကို ပြင်းထန်စွာ ရိုက်လိုက်မိသည်။

မျက်လုံးများ ပြာခနဲ ဖြစ်သွားပြီး ချက်ချင်း အမှောင်အတိကျသွား၏။ ကျွန်တော် ဘာကိုမှ သတိမရတော့။

■

www.burmeseclassic.com



## အခန်း (၁၇)

တဖျတ်ဖျတ်လည်နေသော မျက်နှာကျက်မှ ပန်ကာက ဝါးရွက်တို့ကို လေတိုးနေသံ မဟုတ်မှန်း သိလိုက်ရသည်။ ကျွန်တော့်နှာခေါင်းအတွင်း ဆိုးဆိုးဝါးဝါး ဝင်လာသော ပိုးသတ်ဆေးနံ့တို့ကြောင့် ကျွန်တော်ရောက်နေသည်မှာ ဆေးရုံတစ်ခုပေါ် ဖြစ်လိမ့်မည်ဟု အလိုလို တွေးလိုက်မိသည်။ တဖြည်းဖြည်း မျက်လုံးကို အားယူပြီး ဖွင့်လိုက်သောအခါ ကျွန်တော့်ခုတင်ဘေးတွင် ဖေဖေနှင့် မေမေတို့ကို စိုးရိမ်တကြီး မျက်နှာများဖြင့် တွေ့လိုက်ရသည်။

'သား... သားလေး... သတိရလာပြီလား... အမယ်လေးသားရယ် တော်သေးတာပေါ့'

ဖေဖေနှင့် မေမေက ကျွန်တော့်လက်ဖျားများကို ဆွဲယူဖြစ်ညှစ်ပြီး အခုမှ စိတ်သက်သာသလို ဖြစ်သွားကြပုံရသည်။ ကျွန်တော်က ဖေဖေနှင့် မေမေတို့၏ လက်များကို ပြန်ပြီး ဆွဲဆုပ်ကိုင်လိုက်ပြီး

'မင်းလွင်ကော ကျော်လင်းကော ချစ်တွေးကော ဟို... ဟို





စခန်းကြီးမှာ ကျန်ခဲ့ကြပြီ။ နောက်ပြီး ဆည်းဆာတို့ ရည်မွန်တို့ကိုလည်
သားရှာလို့ မတွေ့တော့ဘူး... သားကျောပိုးအိတ်...'

ပြောရင်းနှင့် ကျွန်တော့်အသံများမှာ လည်ချောင်းအတွင်း တစ်ဆ
နေ၏။ ခုတင်ပေါ်မှ အားယူပြီး ကုန်းထလိုက်စဉ် ကျွန်တော့်ကို ဖေဖေက
ဆွဲယူပွေ့ဖက်ထားလိုက်၏။

'သား... သား သတိထားလေ... အရမ်း မထလိုက်နဲ့အုံး...'

ခေါင်းထဲမှ တဆစ်ဆစ်နာကျင်နေသော ဒဏ်ရာကြောင့်
တစ်ချက်တစ်ချက် မူးကာနဲ့ မိုက်ကာနဲ့ ဖြစ်ဖြစ်သွားသည်။ ကျွန်တော်က
တွေတွေကြီး စိုက်ကြည့်နေပြီး ခေါင်းတခါခါနှင့် မျက်ရည်များစီးက
နေသော မေမေ့ကို

'မေမေ... ဟို... ဝါးခုတ်တဲ့လူကြီးကော...'

'ဘယ်က ဝါးခုတ်တဲ့လူကြီးလဲသားရဲ့ သားဖာသာ သားစိတ်ရှုပ်ပြီး
ကယောင်ကတမ်းတွေနဲ့ ပြောနေတာပါ'

ကျွန်တော့်ရင်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် အခုအချိန်အထိပင်
အမောမပြေနိုင်သေးဘဲ ဖြစ်နေသည်။ ကျွန်တော့်စိတ်အာရုံများမှာ
အခုလေးတင် ဖြစ်ပျက်ခဲ့သည့် ကိစ္စများက မျက်လုံးထဲတွင် ထင်ထင်
ရှားရှား မြင်ယောင်နေတုန်းပင် ဖြစ်သည်။ ကျွန်တော် ဒီဆေးရုံပေါ်
ဘယ်လို ရောက်နေမှန်းကိုတော့ ဘယ်လိုမှ တွေးကြည့်လို့မရ။

မေမေက ကျွန်တော့်ကျောပြင်ကို လက်ဖြင့် အသာပွတ်သပ်ရင်း

'တကယ်တော့ သားသူငယ်ချင်းတွေ အကုန်လုံးက အဲဒီရွှေမိုင်း
သတ္တုတွင်းနား မရောက်ခင်လမ်းမှာ ခရီးတစ်ထောက်နားတုန်း ဆင်
တွေနဲ့ ရင်ဆိုင်တိုးမိကြတယ်'



www.burmeseclassic.com

www.burmeseclassic.com

မေမေက ကျွန်တော့်မျက်နှာကိုကြည့်ရင်း ဝမ်းနည်းပက်လက် ဖြစ်နေသည်။ ထို့နောက် လေသံကို မနည်းထိန်းကာ

'အဲဒီမှာတင် သားသူငယ်ချင်းတွေ အကုန်လုံး ဆင်တွေ နင်းလို့ သေကုန်ကြတယ်လေ'

'ဗျာ...'

ကျွန်တော့်နားကိုပင် ကျွန်တော် မယုံကြည်နိုင်အောင် ဖြစ်သွားသည်။

ဆေးရုံပေါ်မှ အခြား လူနာကုတင်များမှာ ကျွန်တော့်အဖြစ်ကို အံ့သြတကြီးဖြင့် ဝိုင်းပြီး ငေးကြည့်နေကြသည်။ ကျွန်တော်က မေမေ့ လက်ကို ဆွဲယူလှုပ်ရမ်းရင်း ထပ်ပြီး မေးနေမိပြန်သည်။

'မေမေ... ဒါ... တကယ်လားဟင်... သား... သား ဘယ်လိုမှ မယုံဘူး... မယုံဘူး... သူတို့နဲ့အတူ သား တစ်ချိန်လုံးရှိနေခဲ့တာ...'

မေမေ့မျက်နှာပေါ်တွင် မျက်ရည်များ စီးကျနေလျက်... ။ ကျွန်တော့်ခုတင်ခြေရင်းသို့ တွေတွေကြီး စိုက်ကြည့်နေသည်။ မေမေက ကျွန်တော့်ရင်ဘတ်နှင့် ကျောကို သူ့လက်နှစ်ဖက်ဖြင့် ဖိထားရင်း-

'ဟုတ်တယ် သား... ။ သား တော်တော် ကံကောင်းလွန်းလို့ အခုလို လွတ်လာခဲ့တာ...'

ကျွန်တော့်နားထဲတွင် မေမေ့အသံက ဝိုးတိုးဝါးတား ဖြစ်နေ၏။ ကျွန်တော့်ကိုယ်ခန္ဓာကြီးမှာ ခုတင်ပေါ်တွင် ထိုင်နေရင်း နောက်သို့ ပက်လက်လန်ပြီး ပျော့ခွေညွတ်ကျမသွားအောင် ကိုယ့်ကိုယ့်ကိုယ် မနည်း ထိန်းထားလိုက်ရသည်။

●





BURMESE CLASSIC .com

'ပြေး... ပြေး...'

'ဟူး...'

'ကျွီ...'

ကျွန်တော့်မျက်လုံးထဲတွင် ရုတ်တရက် တောအစပ်မှ တဟုန်ထိုး ပြေးလိုက်လာသော ဗွယ်စုံဆင်ကြီးကို မြင်ယောင်လာ၏။ ဝရုန်းသုန်းကားဖြင့် အော်သံ ဟစ်သံတို့ကို သွေးပျက်ထိတ်လန့်စွာဖြင့် ပြန်ပြီး ကြားနေရသည်။

ရှေ့ဆုံးမှ ကျွန်တော်တို့နောက်သို့ ပြေးလိုက်လာသော ဗွယ်စုံဆင်ကြီးမှာ သူ့နှာမောင်းကို ရှေ့သို့ ဆန့်တန်းပြီး ကျယ်ကျယ်လောင်လောင်ကြီး အော်လိုက်သံကို ပြန်ပြီး ကြားနေရသည်။ ဆင်အုပ်စုကြီး ပြေးလိုက်ရာ မြေပြင်မှာ တုန်ခါလျက်ရှိနေပြီး ကျွန်တော်တို့ တစ်ဖွဲ့သားလုံးမှာ သေပြေးရှင်ပြေး ပြေးနေကြသည်ကို ပြန်ပြီး မြင်ယောင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မြေပြင်မှကျောက်တုံးတစ်ခုနှင့် တိုက်မိပြီး ကျွန်တော် လဲကျသွားကာ ဦးခေါင်းနှင့် ကျောက်တုံးကြီးတို့ အရှိန်ဖြင့် ပြေးဆောင့် လိုက်သည်ကို တဖြည်းဖြည်း ပြန်ပြီး မြင်ယောင်လာသည်။

'ဟင်… ငါ… အဲဒီတုန်းကတည်းက သတိမေ့မျောသွားခဲ့တာ လား။ ဒါဆိုရင် ငါ… တကယ်ရောက်သွားခဲ့တဲ့ ရွှေမိုင်းသတ္တုတွင်းစခန်း ကြီးက ဘယ်လိုနေရာကြီးလဲ။ တစ်ခုခုတော့ မှားနေပြီ…'

အမှန်တကယ်တော့ ကျွန်တော့်ကိုယ်ကျွန်တော်ပင် ယခုလို ဆေးရုံကြီးပေါ်သို့ ဘယ်လိုရောက်လာမှန်းမသိတော့။ ဘာကိုမှလည်း စဉ်းစားလို့မရတော့။ ကျွန်တော့်ခေါင်းမှ ပတ်တီးများ အထပ်ထပ် ရစ်ပတ်ထားသော ဒဏ်ရာကို လက်ဖြင့်စမ်းရင်း ခုတင်ပေါ်သို့ ဖြည်း ညှင်းစွာ လှဲချလိုက်တော့သည်။

■





## အခန်း (၁၈)

'သား…'

မေမေ၏ တီးတိုးခေါ်သံကြောင့် ကျွန်တော်မျက်လုံးအစုံကို လေးတွဲစွာ ဖွင့်ကြည့်လိုက်သည်။

မေမေက…

'ဟောဒါ သားရဲ့ကျေးဇူးရှင်ပဲကွဲ့၊ သူက တောထဲမှာ သားတစ် ယောက်တည်း သတိလစ်ပြီး လဲကျနေတာတွေ့လို့ သစ်တွေဝါးတွေသယ် တဲ့ လှည်းနဲ့ သားကို ခေါ်တင်လာဖို့ ဆေးရုံပို့ဖို့ စီစဉ်ပေးခဲ့တာကွဲ့၊ သားရဲ့အသက်သခင်ကျေးဇူးရှင် ဦးလေးကြီးကို ဂါရဝပြုလိုက်ပါဦး သားရယ်'

မေမေ့စကားကြောင့် ကျွန်တော့်လက်အစုံက ရင်ဘတ်ပေါ်တွင် လက်အုပ်ချီမိလျက်သား ဖြစ်သွား၏။

သို့သော် မေမေ့ နောက်ကျောအကွယ်မှနေ၍ ရှေ့သို့ လှမ်းထွက် လာသူကို မြင်လိုက်ရသောအခါတွင်ကား…



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

အသားမဲမဲ ပုဆိုးတိုတိုနှင့် ဒါ... ငါသတိမလစ်ခင် နောက်ဆုံး တွေ့ခဲ့ရတဲ့ ဝါးခုတ်တဲ့လူကြီးပဲ၊ သူ... သူဟာ လူအစစ်မှ ဟုတ်ရဲ့လား။

နာနာဘာဝတစ်ကောင်များလား...။

သူ့ကိုမြင်ခဲ့ရစဉ်က လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်တော့ သူ့ပုဆိုးအနားအောက်မှာ ခြေထောက်နှစ်ချောင်းစလုံး ရှိမနေဘဲ ရွေ့လျား နေခြင်းဖြစ်မှန်း ချက်ချင်းပြန်သတိရလိုက်၏။

အခု...အခုကော...

သူ့မှာ ခြေထောက်တွေရှိရဲ့လား။

ထိုထိတ်လန့်ခြောက်ချားဖွယ် အတွေးနှင့်အတူ ကျွန်တော် ဆတ်ခနဲ ကြမ်းပြင်ဘက်ဆီ ငုံ့ကြည့်လိုက်မိသည်။

'ဟာ...'

သတိုးဇော



www.burmeseclassic.com